မြသန်းတင့်၊ ထက်ကြေဘောင်

# သမိုင်းစကား၊ ဝန်းစကား

http://www.cherrythitsar.org

# မြသန်းတင့်

ပခုက္ကူခရိုင်၊ မြိုင်မြို့တွင် အဖ အမိန့်တော်ရ ရှေ့နေဦးပေါ်တင့်၊ အမိ ဒေါ်လှိုင်တို့မှ ၁၉၂၉ ခုနှစ်မွေးဖွားသည်။ ငယ်စဉ်က မြိုင်မြို့ တိုင်းရင်းမြန်မာ အထက်တန်းကျောင်း၊ ပခုက္ကူမြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်း၊ အစိုးရ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး၊ ထိုကျောင်းမှ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ပြီး ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်အနုစာပေ၊ ဒဿနိကဗေဒနှင့် နိုင်ငံရေးသိပ္ပံတို့ဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ထို့နောက် နိုင်ငံတကာဥပဒေနှင့် ပြစ်မှုဥပဒေတို့တွင် ဂုဏ်ထူးဖြင့် ဥပဒေဝိဇ္ဇာဘွဲ့ရခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဂျယ်နယ်ကျော်၊ တာရာ၊ ပဒေသာ၊ ရှုမဝ၊ ဆန်းသစ်ဦး စသည့် မဂ္ဂဇင်းများတွင် ဝတ္ထုတိုများ၊ ကဗျာ များ၊ ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၄၉–၅၀ ရန်ကုန်တက္ကသိုလ်နှစ်လည် မဂ္ဂဇင်းတွင် အင်္ဂလိပ်စာကဏ္ဍအယ်ဒီတာ၊ ထို့နောက် စာပေသစ်မဂ္ဂဇင်း၊ ပြည်တော်သစ်ဂျာနယ်၊ တိုးတက်ရေးသတင်းစာ၊ စာရေးဆရာအသင်းမှ ထုတ်ဝေ သည့် စာပေမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ပင်ကိုယ် ရေးဝတ္ထု၊ ဘာသာပြန်၊ ခရီးသွားမှတ်တမ်း၊ သမိုင်း၊ ကဗျာ၊ သိပ္ပံ၊ ရသ စာတမ်းစသည့် စာပေအမျိုးအစားများကို ရေးလျက်ရှိသည်။

လိုက်ခဲ့တော့မြနန္ဒာ၊ ဆယ်ကြိမ်မြောက်အလည်ရောက်ခြင်း၊ နွံထဲက ကြာ၊ မမ၊ အမှောင်ရိပ်ဝယ်၊ ထားကျွန်မလင်၊ ကံကောင်း၊ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်။ မာယာဘုံ စသည့် ပင်ကိုယ်ရေးဝတ္ထုများ။

ဘဝတက္ကသိုလ်၊ စစ်နှင့်ငြိမ်းချမ်းရေး၊ ပါရီကျဆုံးခန်း၊ ရှားလော့ဟုမ်း ဝတ္ထုပေါင်းချုပ် လေရူးသုန်သုန်၊ ရွှေပြည်တော်မျှော်တိုင်းဝေး၊ ချစ်သော ယွန်းခင်ခင်၊ လွမ်းမောရသော တက္ကသိုလ်နွေညများ၊ ခန်းဆောင်နီ အိပ်မက် သုခမြို့တော် စသည့် ဘာသာပြန်ဝတ္ထုများ။

အရှေ့လေတိုက်သောအခါ ပုံတောင်ပုံညာသွားတောလား၊ လွမ်းမော ဖွယ်ကမ္ဘော၊ ဟွန်ဒါယဉ်ကျေးမှုနှင့် အီကွေတာညများ၊ မြောက်ဖက်တောင်ကုန်း ဒေသမှအပြန် စသည့် ခရီးသွားမှတ်တမ်းများ။

သမိုင်းဋီကာသစ်၊ ပါမောက္ခတွိုင်ဘီနှင့် ငြင်းခုံခြင်း၊ တော်စတွိုင်း၏ ဘဝအမြင်နှင့် သမိုင်းအမြင်၊ ပါမောက္ခတွိုင်ဘီနှင့် နောက်ထပ်ငြင်းခုံခြင်း စသည့်သမိုင်းကျမ်းများ။



နိုင်ငံတကာကဗျာသုံးပုဒ်၊ တဂိုး၏ကဗျာများ၊ နိုင်ငံတကာ ကဗျာလက်ရွေးစင် စသည့် ကဗျာစာအုပ်များ။

ရသစာတမ်းများ၊ နိုင်ငံတကာရသစာတမ်းများ၊ အညတရရုပ်ပုံလွှာများ၊ ကြေးနီရောင်အချစ်နှစ် ဝတ္ထုတိုများ၊ လေညင်းလရောင်နှင့် ဇာခန်းဆီး စသည့်ဝတ္ထုတိုလက်ရွေးစင်များ စသည်တို့ကို ထုတ်ဝေခဲ့သည်။ ယခုအချိန်အထိ စာအုပ်တွဲပေါင်း တစ်ရာ့ငါးဆယ်ခန့် ထုတ်ဝေခဲ့ပြီးဖြစ်သည်။

၁၉၇၃ ခုနှစ်တွင် စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထု၊ ၁၉၇၈ ခုနှစ်တွင် လေရူး သုန်သုန်ဝတ္ထု၊ ၁၉၈၉ ခုနှစ်တွင် ခန်းဆောင်နီအိပ်မက်ဝတ္ထု၊ ၁၉၉၂ ခုနှစ်တွင် သုခမြို့တော်ဝတ္ထု၊ ၁၉၉၅ ခုနှစ်တွင် အချစ်မိုးကောင်းကင်ဝတ္ထုတို့ဖြင့် အမျိုးသားစာပေ (ဘာသာပြန်) ဆုများကို ရရှိခဲ့သည်။

ယခုအခါ ရန်ကုန်မြို့၊ စမ်းချောင်းရပ်၊ ဖျာပုံလမ်း အမှတ် ၁၅–၁၇ တွင် နေထိုင်ပြီး စာပေများကို ရေးသားပြုစုလျက်ရှိသည်။

http://www.cherrythitsar.org

# မာတိကာ

## မြသန်းတင့်


| | |
|---|---|
| စာရေးသူ၏အမှာ | |
| မဟာနိုင်ငံများ၏နေဝင်ချိန်နှင့်နေထွက်ချိန် | ၁ |
| ခရမ်းလွန်နွေဦး၊ အက်စစ်မိုးနှင့်ချုံးကလီးယားဆောင်း | ၁၁ |
| အိနိုလာဂေး၊ မိုးစက်ပွင့်ဖြူဖြူ ဟီရိုရှီးမားညချမ်း | ၂၁ |
| နရသီဟပတေ့မင်း၏ဟင်းခွက်များ<br>ချောင်ချက်စကူး၏ရုပ်အကြီးများနှင့်<br>အီမယ်လ်ဒါမားကိုစ်၏ လေဒီရှူးများ | |
| စစ်- ငြိမ်း သံသရာ | ၅၇ |
| ဖူကူယားမားစာတမ်းနှင့် ခေတ်သစ်ဆန်းချိန် | ၆၇ |
| သမိုင်းစကားပန်းစကား | ၇၇ |
| (ဦးကုလား၏သမိုင်းဒဿန) | |

# ထက်အောင်


| | |
|---|---|
| ဣန္ဒြေသိက္ခာရှိသော ဗျစ်ဆိုင်များကွယ်လွန်ခြင်း | ၈၇ |
| ကိုယ့်တိုင်းပြည်တွင်လူဖြစ်ရခြင်း | ၉၃ |
| ကဗျာမဆန်သောပတ်ဝန်းကျင်ဗေဒကြေညာစာတမ်း | ၁၀၃ |
| ၉ ၏ မာယာပရိယာယ်များ | ၁၁၃ |
| မိတ်ဆွေသိပ်အလုပ်များနေလား | ၁၂၀ |
| အမျိုးသားရေးဝါဒဝက်ပါ | ၁၂၉ |
| ဗေဒင်ပညာ၏ပြား ၅၀ တန်ကြည်နူးစရာများ | ၁၃၉ |
| နွေလယ်ညတစ်ည အိမ်မက် နောက်ဆက်တွဲ | ၁၄၇ |
| ရှေးခေတ်ဆိုးကို လွမ်းမိတယ် | ၁၅၇ |
| စစ်အေးလွန်ခေတ်မှိုင်းမှုန်ဝေညည်းချင်း | ၁၆၇ |
| ဆာရာယေဗိုမီးပုံထဲက သင်ခန်းစာ | ၁၇၅ |

# စာရေးသူ၏အမှာ

'နိုင်ငံတကာရစာတမ်းများ' ဟု နွယ်နီမဂ္ဂဇင်းတွင် ရေးခဲ့သည့်ဆောင်းပါးများဖြစ်သည်။ မြသန်းတင့်အမည်ဖြင့်ရေးသောဆောင်းပါးများမှာ ကိုယ်ပိုင်ရေးသော ဆောင်းပါးများဖြစ်ပြီး ထက်အောင်အမည်ဖြင့်ရေးသောဆောင်းပါးများမှာ တိုင်းမဂ္ဂဇင်းမှ "အက်ဆေး"များကို ရွေးချယ်ဘာသာပြန်ထားသည့် ဆောင်းပါးများဖြစ်သည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်လောက်မှစ၍ တိုင်းမဂ္ဂဇင်း "အက်ဆေး" ဆိုသည့်စာတမ်းအမျိုးအစားတစ်ခုကို ထည့်သွင်းလာခဲ့သည်။ ယခင်တုန်းကတော့ တိုင်းမဂ္ဂဇင်းတွင် ထိုအမျိုးအစားပါဝင်ခဲ့ခြင်းမရှိ။ အထူးသဖြင့် ၇၀ ပြည့်လွန်နှစ်များတွင် 'အက်ဆေး' များကို ထည့်သွင်းလာခဲ့သည်။ ရေးသူများထဲတွင် အယ်ဒီတာအဖွဲ့ဝင်များ၊ စာရေးဆရာများ၊ ဝါရင့်သတင်းထောက်များ၊ သံတမန်များ၊ အစိုးရအဖွဲ့ခေါင်းဆောင်ဟောင်းများ စသည်တို့ပါဝင်တတ်သည်။ အများအားဖြင့်တော့ တိုင်းမဂ္ဂဇင်းမှ ဝါရင့်အယ်ဒီတာများဖြစ်ကြသည်။ ရေးသည့်အကြောင်းအရာကလည်း ကင်တာကီကြက်ကြော်မှအစ ကြယ်တာရာစစ်ပွဲအထိ၊ စစ်အေးတိုက်ပွဲမှ နန်တီယာဂိုဘောလုံးပွဲထိ၊ ဖာဖိယား လူဆိုးဂိုဏ်းများမှ မိုးဇာတ်၏ တေးဂီတအထိ၊ တင်းနစ်ရိုက်ခြင်း၏ အန္တရာယ်များမှသည်တူကို အသုံးပြုသည့်နည်းအထိ၊အေအိုင်ဒီအက်စ်ရောဂါအကြောင်းမှသည် အာကာသသိပ္ပံအထိ နေမင်းကြီးအောက်တွင် ရှိသမျှသော အ

ကြောင်းအရာများကိုအလျဉ်းသင့်သလိုရေးသွားသည်။အများ အားဖြင့်လက်ရှိဖြစ်ပျက်နေသောကမ္ဘာ့အခြေအနေ၊အဖြစ်အပျက် တစ်ခုခုကိုမူတည်ကာ ထိုမှနေ၍ ပေါ်ထွက်လာသောစဉ်းစားစရာ ပြဿနာများကို တင်ပြသွားသည်။ တိုင်းမဂ္ဂဇင်း၏ အက်ဆေးရေး ဟန်သည် အခြားသောရေးဟန်များနှင့်မတူ။ အဝေးရိုက်ကြေးနန်း တစ်စောင်ကိုဖတ်ရသလို တိုတိုနှင့်ကျစ်လစ်သည်။ တစ်ခါတစ်ရံတွင် တစ်ချို့သော စကားလုံးများကို အပြည့်မသုံးတော့ဘဲမြှုပ်ထားပစ် ခဲ့သည်။ တစ်ချို့နေရာများတွင် တစ်ပိုင်းတစ်စသာ ဖေါ်သွားသည်။ အချို့နေရာများတွင် ဝါကျကိုအဆုံးမသတ်။လက်ဝှေ့သမား၏ လက်သီးချက်တစ်ချက်လို မိလောက်သည့်နေရာကို ရောက်မှ တစ်လုံးတည်းဖြင့် ပစ်သွင်းလိုက်သည်။

တိုင်းမဂ္ဂဇင်း၏ ဆက်ဆေးရေးဟန်သည် သူ၏ ကိုယ်ပိုင် ဟန်ဖြစ်သည်။ တိုင်းမဂ္ဂဇင်းကို တည်ထောင်သူနှစ်ဦးအနက် တစ်ဦး ဖြစ်သည့် ဟင်နရီလစ်က

"တိုင်းမဂ္ဂဇင်းသည် ပြန်၍ရေးသောစာရွက်တစ်ရွက်ဖြစ် သည်။ သတင်းများနှင့် သတင်းအချက်အလက်များအများစုကို သတင်းစာများမှရသည်။ ကမ္ဘာတွင်ရှိသည့် ၁၀၀၀၀ မျှတသော သတင်းစာဆရာတို့ တူးဖေါ်လာသောအချက်အလက်များအားလုံး ကို ပိုင်နိုင်စွာ အသုံးချနိုင်ရန်အတွက် တိုင်းမဂ္ဂဇင်းက ဦးနှောက်များ နှင့်အလုပ်ကို အသုံးပြုသည်။ သင်းတို့ကို မဂ္ဂဇင်းကလေးထဲတွင် ထည့်သွင်းဖော်ပြသည်"ဟုရေးခဲ့သည်။

တိုင်းမဂ္ဂဇင်းတည်ထောင်သူတစ်ဦးဖြစ်သည့်ဘရစ်တန်

တက်ဒင်၏ တည်းဖြတ်မှုသဘောတရားမှာ ရသည့်သတင်းအ အချက်အလက်ကို စိတ်လွှာပစ်ရေး၊ သုတ်သင်ပစ်ရေး၏ အနှံ့ထည့် ရေး၊ အရောင်ဆိုးရေးနှင့် ပို၍စိတ်ဝင်စားဖွယ်ကောင်းအောင် အကျဉ်းချုပ်ရေးဖြစ်သည်။ ပူလစ်ဇာခေတ်က သတင်းဆောင်ပုဒ် တစ်ခုဖြစ်သည့် သတင်းထဲကလူများသည် အမည်နာမများသက် သက်သာမဖြစ်စေရဆိုသည့် ဆောင်ပုဒ်ကို တိုးချဲ့ယူသည်။ ဟက်ဒင် သည် ယေးလ်တက္ကသိုလ်တုန်းက သူ့ဆရာ ပါမောက္ခပြောခဲ့ သည့်စကားများကို သတိရသည်။ ထိုစကားများ မှာ စာရေးရင် ငြိမ်ပြီး အသံတိတ်နေတဲ့ကြိယာတွေကို မသုံးနဲ့ဆိုသည့်စကား ဖြစ်သည်။ လူတွေစကားပြောနေရုံနှင့်မပြီး။ လူတွေသည် ဟိန်းနေ ရမည်၊ ဟောက်နေရမည်၊ အော်နေရမည်၊ ဟစ်နေရမည်၊ မြည်တွန် နေရမည်၊ တောက်တီးနေရမည်၊ ကြိမ်းမောင်းနေရမည်၊ တီးတိုးပြော နေရမည်။ ရေရွတ်နေရမည်၊ ညည်းတွားနေရမည်၊ ဆဲဆိုနေရမည်။ လူတွေကလည်း လမ်းလျှောက်နေကြရုံမပြီး။ ဒရောသောပါးသွား နေရမည်။ သုတ်သီး သုတ်ပြာဖြစ်နေရမည်။ ဒရွတ်တိုက်နေရမည်။ ယိုင်တီးယိုင်တိုင် ဖြစ်နေရမည်။ ခုန်နေရမည်။ လွှားနေရမည်။ တစ်ဟုန်ထိုးသွားနေရမည်။ ကတ္တားနှင့် ဝါစကကို ပြောင်းပြန် သုံးပစ်ရမည်။

လုစ်နှင့် ဟက်ဟင်တို့နှစ်ယောက်သည် သတင်းမဂ္ဂဇင်း တစ်စောင်ထုတ်ရန် စိတ်ကူးဖြင့်ရှူးနေကြသည်။ "ကျွန်တော့်မှာ ဒေါ်လာတစ်ထောင်လောက်ရှိရင် ပုံအောပြီး ကျွန်တော်တို့ထုတ်ချင် တဲ့သတင်း မဂ္ဂဇင်းကလေးတစ်စောင်လောက် ထုတ်ချင်လိုက်တာ"

ဟု လုစ်က သူ့အဖေထံစာရေးသည်။

လုစ်နှင့်ဟက်ဒင်တို့နှစ်ယောက်သည် သတင်းမဂ္ဂဇင်း ရှုံးရှုံးနေတုန်း အေပီ သတင်းထောက်ပြီးအဖြစ်မှ အနားယူလာသော မသ်လ်ပီးစတုန်းနှင့် ဆုံမိကြသည်။ သူတို့က နေ့စဉ်သတင်းစာများမှ သတင်းများကို သတင်းတိုကလေးအဖြစ် ပြန်ရေးပြီး တစ်ပတ်တစ်ကြိမ် သတင်းမဂ္ဂဇင်းကလေးထုတ်ချင်ကြောင်း၊ သူတို့ပြန်ရေးသည့် သတင်းတိုကလေးများမှာ ပုံသဏ္ဍာန်အရရော၊ အကြောင်းအရာအရပါ တစ်မျိုးတစ်မူထူးခြားဆန်းသစ်အောင် လုပ်ချင်ကြောင်း၊ သို့ရာတွင် နေ့စဉ်သတင်းစာများမှ သတင်းများကို ရွေးထုတ်သုံးလျှင် သင့်မသင့် တရားဥပဒေနှင့် ငြိစွန်းခြင်း ရှိ မရှိ သိလိုကြောင်းဖြင့် မေးကြသည်။ စတုန်းက တစ်ရက်နှင့်နှစ်ရက်လောက်ကြာသွားလျှင် သတင်းစာများထဲတွင် ပါသည့်သတင်းများသည် အများပြည်သူပိုင် ပစ္စည်းများဖြစ်သွားကြောင်းဖြင့် အာမခံသည်။ သူတို့နှစ်ယောက်သည် “ဖက် (တ်)” (အချက်အလက်) ဆိုသည့် နာမည်ကို ရေးသားထားကြသော်လည်း သဝင်မကျကြသေး။ လုစ်သည် ထိုနေ့က မြေအောက်ရထားဖြင့် အိမ်ပြန်လာစဉ် ရထားပေါ်တွင် မဂ္ဂဇင်း၏ အမည်တစ်ကို စဉ်းစားမိပြန်သည်။ ထိုအမည်က “တိုင်း” မဂ္ဂဇင်း ၁၈၉၀ ခုနှစ် တစ်ဝိုက်တုန်းက အင်္ဂလန်တွင် ယိတ်စ်ဆိုသူတစ်ဦး ထိုအမည်ဖြင့် မဂ္ဂဇင်းကလေးတစ်စောင်ထုတ်ခဲ့ဖူးသည်။ သူတို့မဂ္ဂဇင်းကို ထိုအမည်ဖြင့်ထုတ်ရန် ဆုံးဖြတ်ကြသည်။ သူတို့မဂ္ဂဇင်းကြော်ညာအဖြစ် “ကြေညာစာတမ်း” ဟူသော အမည်ဖြင့် ထုတ်ပြန်ချက်တစ်စောင်ထုတ်သည်။ “အယ်ဒီတာ၏ ဘက်လိုက်မှုဆိုသည့်

ခေါင်းစဉ်အောက်တွင် သူတို့သည် ဓမ္မဓိဋ္ဌာန်ကျမှုမရှိဘဲ သတင်းကို မျှတစွာဖော်ပြမည်ဖြစ်သည်” ဟုဖော်ပြသည်။ ထို့နောက်ဆက်၍-

“တိုင်းမဂ္ဂဇင်းတွင် အယ်ဒီတာ၏ ခေါင်းကြီးပါမည်မဟုတ်ပါ”

“အကြောင်းကိစ္စတစ်ခုကို သက်သေထူရန်အတွက် အထူးဆောင်းပါးရေးမည်မဟုတ်ပါ”

“ သို့ရာတွင် အများပြည်သူနှင့်ဆိုင်သောကိစ္စများနှင့်အရေးကြီးသောသတင်းများနှင့်ပတ်သက်လာလျှင် လုံးဝဘက်လိုက်မှုမရှိဘဲ ကြားနေရမည်ဟူသော သဘောသည် လိုလားအပ်ခြင်းမရှိရုံမျှမက ဖြစ်လည်းမဖြစ်နိုင်ဟု အယ်ဒီတာများက ယူဆပါသည်။ ထို့ကြောင့် သတင်းများနှင့်ပတ်သက်၍ ထင်မြင်ချက်ကို ဆုံးဖြတ်ပြဋ္ဌာန်းမည့် အချို့သော ကြိုတင်ယူဆချက်များကို အသိအမှတ်ပြုထားပါသည်။

“ ထိုကြိုတင်သတ်မှတ်ချက်များတွင် အောက်ပါစာပိုဒ်မျိုးပါဝင်ပါသည်။ ”

“၁။ ကမ္ဘာကြီးသည် လုံးသည်ဆိုသည့်အချက်ကို ယုံကြည်ခြင်းနှင့် နိုင်ငံရေးသုခမိန်တို့၏ကမ္ဘာ့အမြင်ကို နှစ်သက်လက်ခံခြင်း။ ”

“၂။ အစိုးရကဝင်ရောက်စွက်ဖက်လာနေသည့် လက်ရှိအနေအထားကို ယုံကြည်မှုမရှိခြင်း။

“၃။ အစိုးရ၏ အသုံးစရိတ်များပြားလာခြင်းကို ယုံကြည်မှုမရှိခြင်း။

"၄။ ငွေဖြင့်ဝယ်ယူ၍ မရနိုင်သောအရာတို့ကို ယုံကြည်သက်ဝင်ခြင်း။

"၅။ သက်ကြီးရွယ်အိုများအား အထူးသဖြင့် အမှုအရာအားဖြင့် လေးစားခြင်း။

"၆။ အသစ်၊ အထူးသဖြင့် အတွေးအခေါ်သစ်တွင်စိတ်ဝင်စားခြင်း။

" သို့ရာတွင် ဤမဂ္ဂဇင်းသည် ပြုပြင်ပြောင်းလဲရေးအယူအဆ၊ သို့မဟုတ် ခေတ်နောက်ပြန်ဆွဲသည့်အယူအဆတစ်ခုကို ဖြန့်ဖြူးရန်မဟုတ်ပါ။ ဤမဂ္ဂဇင်းကလုပ်ဆောင်မည့် ပထမဆုံးနှင့်နောက်ဆုံးလုပ်ငန်း (လူအများအား အကြားအမြင် ကောင်းစွာပြည့်စုံစေရန်) ပင်ဖြစ်ပါသည်" ဟု ဖော်ပြထားသည်။

သို့ဖြင့် တစ်နှစ်လောက်အချိန်ယူပြီးနောက် ၁၉၂၃ ခုနှစ် မတ်လ (၃) ရက်နေ့တွင် ပထမဆုံးသော တိုင်းမဂ္ဂဇင်းထွက်လာခဲ့သည်။ အမှတ် (၁) တုန်းက စောင်ရေ နှစ်သောင်းငါးထောင်မှန်းသည့်တိုင် ကိုးထောင်သာရောင်းခဲ့ရသည်။ ဤနှစ်ကုန်သည်အထိ တိုင်းမဂ္ဂဇင်းသည် စောင်ရေနှစ်သောင်းသာရှိသည်။ တစ်ပတ်လျှင် လေးသောင်းနှုန်းမျှရှိသည်။ (ယခုတစ်ပတ်လျှင် စောင်ရေ သုံးသန်းမျှရှိနေသည်။)

တိုင်းမဂ္ဂဇင်းသည် မူလတုန်းက စာပေစာပဒေသာအဖြစ် ရည်မှန်းခဲ့သည့်အတိုင်း သူ့မဂ္ဂဇင်းထဲတွင် နိုင်ငံခြားရေးရာ၊ ပြည်တွင်းရေးရာ၊ ပညာရေး၊ စီးပွားရေး၊ အနုပညာ၊ သိပ္ပံ၊ ဇာတ်သဘင်၊ ပန်းချီ၊ စာပေ၊ အားကစား စသည့်အကြောင်းအရာအမျိုးမျိုးကို

ထည့်သွင်းသည်။ သတင်းကိုအခြေခံ၍ ထင်မြင်ချက်ကိုဖော်ပြသည်။ အရေးအသားကလည်း ဆန်းသစ်သဖြင့် လူကြိုက်များလာခဲ့ကာ ဩဇာရှိသော သတင်းမဂ္ဂဇင်းကြီးတစ်စောင်ဖြစ်လာခဲ့သည်။

အက်ဆေးမှာ ၇၀ ပြည့်လွန်နှစ်များတွင်စတင်၍ ဖော်ပြလာသောအခန်းတစ်ခန်း ဖြစ်သည်။

ယခုဆောင်းပါးများမှာ တိုင်းမဂ္ဂဇင်းတွင်ဖော်ပြခဲ့သည့် နာမည်ကျော် အယ်ဒီတာများ၊ စာရေးဆရာများ၏ အက်ဆေးများကို ဘာသာပြန် ဖော်ပြထားခြင်းဖြစ်သည်။

နွယ်နီမဂ္ဂဇင်းကို နိုင်ငံတရာသတင်း မဂ္ဂဇင်းအဖြစ် ထုတ်မည်ပြုသည့်အခါတွင် အယ်ဒီတာ နတ်နွယ်နှင့် ဘဝတက္ကသိုလ်ကိုနေဝင်းတို့က သူတို့စိတ်ကူးကိုပြောပြကာ တိုင်ပင်သည်။ ကျွန်တော်က ကျွန်တော့စိတ်ကူးထဲတွင်ရှိသည့်သတင်း မဂ္ဂဇင်းပုံစံကို ပြောပြသည်။ ထိုအထဲတွင် တိုင်းမဂ္ဂဇင်းမှ အက်ဆေးမျိုး၊ သမိုင်းနှင့်ပတ်သက်သည့် ဆောင်းပါမျိုး၊ နိုင်ငံတကာဥပဒေနှင့်ပတ်သက်သည့် ဆေင်းပါးမျိုး၊ ကမ္ဘာ့နိုင်ငံရေးကို ပေါ့ပေါ့ပါးပါး ဒိုင်လော့ပုံသဏ္ဍာန်ဖြင့် ဖော်ပြသည့်ဆောင်းပါမျိုး၊ ကမ္ဘာ့စာပေနှင့်နှင့်ပက်သက်သည့် ဆောင်းပါးမျိုး စသည်တို့ပါသည်။ ဤတွင် သူတို့က ထိုဆောင်းပါးများကို ကျွန်တော်တာဝန်ယူရေးပါဟု ပြောကြသည်။ သို့ဖြင့် ကျွန်တော်သည် နွယ်နီမဂ္ဂဇင်းတွင် ကလောင် သုံးလေးမျိုးဖြင့် ရေးသူဖြစ်လာခဲ့သည်။ တိုင်းမဂ္ဂဇင်းကဆောင်းပါးကို ဘာသာပြန်သည့်အခါမျိုးတွင် ကလောင်အမည်တစ်ခုကိုယူပါသည်။ သမိုင်းအကြောင်းကိုရေးသည့်အခါတွင် ကလောင်အမည်တစ်ခုကို ယူရ

သည်။ နိုင်ငံတကာဥပဒေအကြောင်းကို ရေးသည့်အခါတွင် ကလောင်အမည်တစ်ခုကို ယူရသည်။ မဂ္ဂဇင်းတစ်စောင်တွင် ပင်တိုင်ရေးသူအဖြစ်တာဝန်ယူရသည့်အခါမျိုး၊ အယ်ဒီတာလုပ်ရသည့်အခါမျိုး၊ ရေးမည့်သူမရှိသည့်အခါများ၌ ကလောင်သုံးလေးမျိုးခွဲကာ ကိုယ်တိုင်ဝင်ရေးကြသည်ကို အားလုံးအသိဖြစ်ကြပါသည်။ သို့ဖြင့် ကျွန်တော့်တွင် ကလောင်အမည်တွေများလာခဲ့ရခြင်းဖြစ်သည်။

ယခုစာအုပ်တွင်မူ ကျွန်တော်၏ မူရင်းကလောင်နာမည်ဖြင့် ရေးထားသည့် ဆောင်းပါးများနှင့် တိုင်းမဂ္ဂဇင်းမှ ဘာသာပြန်ထားသည့် ဆောင်းပါးများနှစ်မျိုးလုံးကို ဖော်ပြထားပါသည်။

မြသန်းတင့်

# မဟာနိုင်ငံများ၏
# နေထွက်ချိန်နှင့် နေဝင်ချိန်

အတိတ်ကို ပြန်လည် အောက်မေ့သည့်စိတ်ကို အိမ်လွမ်းစိတ်၊ အိမ်လွမ်းဝေဒနာ၊ အိမ်လွမ်းစိတ္တဇဟု ခေါ်ကြသည်။ ကိုယ့်ဇာတိကိုပဲဖြစ်ဖြစ်၊ ချစ်ဦးသူကိုပဲဖြစ်ဖြစ်၊ ပထမဆုံးသော ချိုမြိန်သော အနမ်းကိုပဲဖြစ်ဖြစ် ပြန်လည်တသလွမ်းဆွတ်ခြင်းသည် အိမ်လွမ်းစိတ္တဇဖြစ်သည်။

အိမ်လွမ်းစိတ်၊ အိမ်လွမ်းဝေဒနာ၊ အိမ်လွမ်းစိတ္တဇသည် ကဗျာနှင့် သမိုင်းကို မွေးဖွားပေးလိုက်သည်ဟု ဆိုနိုင်သည်။

ကဗျာဆရာ ဂျွန်ကိစ်က ဒရူးဝစ် မျိုးနွယ်တို့

## ၂ ✧သမိုင်းစကား ပန်းစကား

အင်္ဂလန်သို့ ရောက်လာကြပုံ၊ တိုက်ပွဲတွေ ဖြစ်ပွားခဲ့သည့် ဖုန်းဆိုး မြေတို့ကို မြင်၍ ကသို့ ကဗျာဖွဲ့သည်။

တိတ်ဆိတ်တဲ့ လွင်ပြင်ကို ဖြတ်ပြီး
ဖြည်းညင်းစွာ လျှောက်ထာရခြင်းမှာ
နှစ်သက်စွဲလမ်းဖွယ်ရာ တစ်ခုရှိရဲ့
သည်နေရာဟာ ပြည်ချစ်စစ်ပွဲ ဆင်နွှဲတဲ့နေရာ
သည်နေရာဟာ ဘုန်းကျက်သရေဖြိုးဝေခဲ့ရာ
သည်နေရာဟာ ပျော်ရွှင်စရာနေရာ
သည်နေရာဟာ ရှေးဟောင်း ဒရူးဝစ်လူမျိုးတွေ
အခြေချရာ
သည်နေရာဟာ ဖက်ယားပင် စိမ်းစိမ်းတွေ
လွှမ်းခြုံရာ။

၁၆၈၉ခုနှစ်က အင်္ဂလန်ပြည် ရီလီယာရန်ကစ်အရပ် တွင် ဖြစ်ပွားခဲ့သည့် စစ်ပွဲ၌ ဒန်ဒီတောင် ပေါ်သားတို့ အောင်ပွဲခံခဲ့ရာ စစ်မြေပြင်ကို မြင်သည့်အခါတွင် ကဗျာ စာဆို ဝါ်စ်သဝပ်က ၁၈၀၃ ခုနှစ်တွင် အောက်ပါ အတိုင်း ထိုအောင်ပွဲကို ပွဲတင်ထပ်ခဲ့သည်။

အဲသည့်နေ့က တိုက်မိန့်ရတဲ့
တပ်သားဒန်ဒီ၊ တစ်နာရီလောက်ဖြစ်လိုက်ချင်ရဲ့
တို့ဘိုးဘွားများ မြင်လိုက်ရတဲ့ အောင်ပွဲမျိုးကို
မြင်လိုက်ချင်ရဲ့။
ဂုဏ် အသရေမဲ့တဲ့သချိုင်းကို
တို့ရန်သူများ လိုက်ရှာနေတာ မြင်လိုက်ချင်ရဲ့။

ခြောက်သွေ့၍ တံလှပ်တို့ ထနေသော သဲကန္တာရကြီးထဲတွင် လဲကျနေသည့် ရှေးဟောင်းရုပ်ထုကြီး တစ်ခု ကို မြင်သည့်အခါ ကဗျာဆရာ ရှယ်လီက သူ့စိတ်ကူးဖြင့် ထိုကျောက်ရုပ်ပေါ်တွင် ကမ္ပည်းထိုးကြည့်သည်။

'ငါအမည်သည် ဩဇာမန္ဒိယတ်စ်
ဘုရင်တကာတို့၏ ဘုရင်
ငါအောင်မြင်မှုကို ကြည့်ကြကုန်၊ စိတ်ပျက်ကြကုန်'
သဲပတ်လည်တွင် ကျောက်ရုပ်အပျက်ကြီး
သဲပတ်လည်မှာ
အဆုံးအစမရှိတဲ့၊ ဟာလာဟင်းလင်းဖြစ်တဲ့
အထီးကျန်ဖြစ်တဲ့၊ ညီညာတဲ့ သဲပြင်ကြီးဟာ
မျှော်မဆုံးနိုင်အောင် တည်ရှိနေတယ်. . .။

ပုဂံ သရပါ တံခါးသို့ ရောက်ခဲ့သည့် ကဗျာဆရာ ဇော်ဂျီက သစ္စာရှိသော ကျန်စစ်သား၏စကား သရပါ တံခါး တဝိုက်တွင် ပဲ့တင်ထပ်နေသံကို ကြားယောင်သည်။

ကျန်စစ်သားမင်း၊ မြင်းမှဆင်း၍
နှင်းဆက်ထီးဖြူ ခံယူမည်ထား
လက်ကာတား၏
မတ်များသခင်၊ ငါ့အရှင်သည်
အကယ်ပင် ရှိ မရှိ
အတပ်သိအောင်၊ ငါလှည့်စုံစမ်း
ကြိုးပမ်းဦးမည်၊ ရှာဦးမည်တည့်
ရှိသည် သိလျှင်၊ ငါ့အရှင်ကို

နန်းတင်ရမည်၊ ဦးညွှတ်မည်ဟု
ဤသို့ မိန့်ကြား၊ ကျန်စစ်သား၏
စကားသစ္စာ၊ သရပါ၌
ညင်သာပဲ့တင်၊ ခတ်ခဲ့ထင်၏
ညီခင်စိတ်မှာ၊ ကြားခဲ့ပါသည်
လွမ်းစရာပ၊ တံခါးဝ။
အစ်ကိုသတိရ၊ လွမ်းကြည့်က။ ။

ကဗျာဆရာ အင်္ဂါအလန်ပိုးက မိန်းမချော တစ်ယောက်၏မျက်နှာကို မြင်သည့်အခါတွင် လွမ်းတသော စိတ်ဖြင့်

ခေါမတိုင်းသည် ဂုဏ်ကျက်သရေ
ရောမတိုင်းသည် ဘုန်းလက်ရုံးဟု စပ်ခဲ့သည်။

သို့ဖြင့်ကဗျာဆရာများစွာတို့သည် အတိတ်ကို လှမ်းမျှော်ကြည့်ကာ အိမ်လွမ်းဝေဒနာ၊ အိမ်လွမ်းစိတ္တဇ ဖြင့် ကဗျာရေးကြသည်။

အိမ်လွမ်းစိတ်၊ အိမ်လွမ်းဝေဒနာသည် ကဗျာကို သာမက သမိုင်းကိုလည်း ရေးအောင် လှုံ့ဆော်ပေးသည်ဟု ဆိုနိုင်သည်။ 'စိတ်ကူးယဉ်မှု ကူးစက်လွယ်ခြင်း မရှိသူ' ဟု သူ့ကိုယ်သူ ပြောလေ့ရှိသည့် ၁၈ ရာစုနှစ် အင်္ဂလိပ်သမိုင်း ဆရာကြီး ဂစ်ဗွန်သည်ပင်လျှင် ရောမမြို့ကြီးကို ပထမဆုံး အကြိမ်ရောက်စဉ်က ရောမမြို့ပျက်ကြီးကို ကြည့်၍ အိမ်လွမ်းစိတ္တဇ ဖြစ်ခဲ့ဖူးသည်။

'အိပ်မပျော်သော ညတစ်ညကို လွန်မြောက်ခဲ့ပြီး

http://www.cherrythitsar.org

နောက် ကျွန်ုပ်သည် နှေးကွေးလေးကန်သော ခြေလှမ်းများ ဖြင့် ရောမမြို့ပျက်ကြီးထဲက ပြည်သူ့ဟစ်တိုင် ကွက်လပ် ကြီးတွင် လျှောက်သွားနေခဲ့မိသည်။ ရောမဧကရာဇ်များ ဖြစ်ခဲ့ကြသည့် ရိုမျူးလတ်စ် ရပ်ခဲ့သည့်နေရာ၊ တူလီမိန့်ခွန်း မြွက်ကြားခဲ့သည့်နေရာ၊ ဆီဇာ လဲကျခဲ့သည့်နေရာတို့သည် ကျွန်ုပ်၏မျက်စိထဲတွင် တရေးရေးပေါ်လာကြကုန်သည်။ သို့ဖြင့် ကျွန်ုပ်သည် ယစ်မူးသော နေ့ပေါင်းများစွာကို ဆုံး ရှုံးခဲ့ရသည်။ သို့မဟုတ် ခံစားခဲ့ရသည်။ ထို့နောက်မှသာ လျှင် ကျွန်ုပ်သည် တည်ငြိမ်သော၊ အသေးစိတ်သော လေ့ လာစုံစမ်းမှုများကို ပြုလုပ်နိုင်ပေတော့သည်’ ဟု သူ၏ နာမည်ကျော် ‘ရောမလက်နက် နိုင်ငံတော်ကြီး ပြိုကွဲကျဆုံး ခြင်း’ သမိုင်းကျမ်းကြီးရေးရန် စိတ်ကူးရခဲ့ပုံကို ရေးခဲ့ သည်။

ပျောက်ကွယ် တိမ်မြုပ်သွားသော ယဉ်ကျေးမှုကြီး များကို မြင်လိုက်ရခြင်းသည် ကဗျာနှင့်သမိုင်း၊ ပန်းနု စိတ်ကူးအိမ်မက်နှင့် အိမ်လွမ်းစိတ္တဇကိုသာ မွေးဖွားပေး သည်မဟုတ်။ လက်တွေ့ကျကျ စဉ်းစားရမည့် အတွေးများ ကိုလည်း ပေါ်ပေါက်လာစေနိုင်သည်။

အတိတ်က ယဉ်ကျေးမှုများ၊ အတိတ်သမိုင်းများ၊ အတိတ်အဖြစ်အပျက်များသည် မျက်မှောက်ခေတ်တွင် မည်သည့် သင်ခန်းစာများကို ပေးနိုင်သနည်း။

ဥပမာအားဖြင့် လွန်ခဲ့သည့် လေးငါးနှစ်က အမေရိကန် ယေးတက္ကသိုလ်မှ သမိုင်းပါမောက္ခ

ပေါလ်ကင်နဒီက အရေးကြီးသည့် ကျမ်းတစ်စောင်ကို ထုတ်ဝေလိုက်သည်။ ထိုကျမ်းကို အမေရိကန် ပေါ်လစီရေးဆွဲသူများ၊ ပညာရှင်များ၊ ဂရုတစိုက် ဖတ်နေကြသည်ဟု အဆိုရှိသည်။ ထိုကျမ်းမှာ 'မဟာအင်အားကြီး နိုင်ငံများ၏ ပေါ်ထွန်းမှုနှင့်ကျဆုံးမှု' ဆိုသည့် ကျမ်း ဖြစ်သည်။ ထိုကျမ်းကို 'သက္ကရာဇ် ၁၅၀၀ မှ သက္ကရာဇ် ၂၀၀၀ အတွင်း စီးပွားရေး ပြောင်းလဲမှုနှင့် စစ်ရေးပဋိပက္ခများ ဟူ၍လည်း ခေါင်းစဉ်ငယ်ပေးထားသည်။ နှစ်ပေါင်း ၅၀၀ အတွင်း ကမ္ဘာတွင် ပေါ်ပေါက်ခဲ့သော အင်အားချိန်ခွင်လျှာ ပြောင်းလဲသွားပုံများကို ဖော်ပြထားသည်။

ပါမောက္ခ ကင်နဒီက ၁၅ ရာစုမှ သည်နေ့ အထိသာ ရေးခြယ်ပြထားသည်မဟုတ်။ အနာဂတ် ၂၁ ရာစုတွင် ရှိနေမည့် နိုင်ငံကြီးများ၏ အနေအထား ကိုလည်း ဟောကိန်းထုတ်ထားသည်။ ၂၁ ရာစုတွင် မည်သည့်လူမျိုးများက ရှေ့တန်းသို့ ရောက်လာပြီး မည်သည့်နိုင်ငံများက နောက်တန်းသို့ ကျဆင်းသွားမည်ဟု တွက်ပြထားသည်။ ဗေဒင်ဆရာတို့သည်လည်း သူနည်းနှင့်နှင့် တွက်ခဲ့ကြသည်။ သို့ရာတွင် ပါမောက္ခ ကင်နဒီသည် ဗေဒင်ဆရာ မဟုတ်။ ထင်ရှားသည့် သမိုင်းဆရာကြီး တစ်ဦးဖြစ်သည်။ သမိုင်းဆရာကြီးတစ်ဦးက ထိုသို့ တွက်ပြလိုက်သည့်အခါတွင် စဉ်းစားစရာ၊ တွေးတောစရာ၊ သတိထားစရာ ဖြစ်လာခဲ့သည်။

ကင်နဒီက သူ့ကျမ်းတွင် တင်ပြလိုက်သည့်အချက်မှာ ရိုးရိုးရှင်းရှင်းကလေးမျှသာ ဖြစ်သည်။ ယင်းမှာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အတက်အကျသည် ထိုနိုင်ငံ၏ စစ်အင်အားကြီးတစ်ရပ်အဖြစ် ကြီးထွားမှုနှင့် ကျဆင်းမှုတို့နှင့် ဆက်စပ်နေကြသည် ဟူသော အဆိုဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စစ်အင်အားနှင့် စီးပွားရေးအင်အားကို အကဲဖြတ်ရာတွင် သူတစ်ဦးတည်းကြည့်၍ အကဲဖြတ်ခြင်း မပြုသင့်။ အခြားသော နိုင်ငံများ၏ စစ်အင်အားနှင့် စီးပွားရေးအင်အားတို့နှင့် နှိုင်းယှဉ်၍ အကဲဖြတ်ခြင်းပြုသင့်သည်ဟု ကင်နဒီက ဆိုသည်။ 'ယနေ့ နိုင်ငံတကာစနစ်ကြီးထဲတွင် ဓနဥစ္စာနှင့် အင်အား၊ စီးပွားရေးနှင့် စစ်အင်အားတို့သည် တစ်ဦးနှင့်တစ်ဦး နှိုင်းယှဉ်သဘောအရသာတည်ရှိနေကြခြင်းဖြစ်သည်။ ..... လူ့အဖွဲ့အစည်းများအားလုံးသည် ထိုပြောင်းလဲခြင်း တရားသဘော၏ လက်အောက်ခံမျှသာ ဖြစ်ကြသည့်အတွက် နိုင်ငံတကာအင်အားချိန်ခွင်လျှာသည်လည်း မည်သည့်အခါမျှ တည်ငြိမ်နေနိုင်လိမ့်မည်မဟုတ်ချေ' ဟု သူက ရေးခဲ့သည်။

စစ်အင်အားကို တိုးချဲ့ရန်အတွက် ဓနဥစ္စာကို အမြဲတမ်းလိုသည်။ ဓနဥစ္စာကို ရရှိနိုင်ရန်နှင့် ရရှိထားသော ဓနဥစ္စာကို ထိန်းသိမ်းရန်အတွက် စစ်အင်အားကိုလည်း အမြဲတမ်းလိုသည်။ နိုင်ငံများသည် မိမိတို့ ရန်သူများကို စိုးရိမ်ကြောင့်ကြလျက် ရှိကြပြီး

ထိုသို့ စိုးရိမ်ကြောင့်ကြ နေကြရသဖြင့် ပြည်တွင်းတွင် စစ်အင်အားနှင့် ဓနဥစ္စာတို့ ညီမျှနေအောင်လည်း အမြဲတမ်း ကြိုးစားနေကြရသည်။ လုံခြုံရေးအတွက် စစ်တပ်များလိုသည်။

ယင်းတို့မှာ ပေါလ်ကင်နဒီက သူ့ကျမ်းတွင် တင်ပြသွားသည့်အချက်များဖြစ်သည်။

သူက လက်ရှိ မဟာအင်အားကြီးနိုင်ငံများ၏ အနေအထားကိုလည်း ဝေဖန်တင်ပြသွားခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် စက်မှုတိုးတက်မှုနှုန်းထား ကျဆင်းနေသည်။ စစ်ရေးပါဝင်ပတ်သက်မှုများ များပြားလွန်းနေသည်။ ယနေ့တွင် အမေရိကန်ပြည်ထောင်စု၏ ကမ္ဘာလုံးဆိုင်ရာ စိတ်ဝင်စားမှုများနှင့် တာဝန်များသည် အမေရိကန်နိုင်ငံက စွမ်းဆောင်နိုင်သည်ထက် များပြားကြီးလေးလွန်းနေသည်။ အမေရိကန်၏ လွှမ်းမိုးကြီးစိုးမှုသည် တဖြည်းဖြည်း ကျဆင်းနေသည်။ ယင်းမှာ အမေရိကန်ပြည်ထောင်စုက စစ်ရေးနှင့် စီးပွားရေးအရအားနည်းလာခြင်းကြောင့် မဟုတ်။ အခြားတိုင်းပြည်များက ပို၍ ချမ်းသာလာကာ ပို၍ အင်အားကောင်းလာခြင်းကြောင့် ဖြစ်သည်ဟု သူကဆိုသည်။ ရှေ့လာမည့် ကာလများတွင် ကမ္ဘာရေးရာများ၌ တရုတ်ပြည်၊ ဂျပန်ပြည်တို့သည် အရေးကြီးသော အခန်းမှ ပါလာကြလိမ့်မည်။ အမျိုးသားရေး ကွဲလွဲချက်များကို ကျော်လွှားနိုင်လျှင် ဥရောပဘုံဈေးနိုင်ငံ

များသည်လည်း အရေးကြီးသော အခန်းမှ ပါလာကြလိမ့်မည်။ ဆိုဗီယက်ယူနီယံမှာ ကြီးမားသည့် စစ်ယန္တရားနှင့် စီးပွားရေးအီနေမှုတို့ ရှိနေသည်။ ထို့ကြောင့် ဆိုဗီယက်ယူနီယံတွင် အကျပ်အတည်းတွေ၊ ညည်းသံညူသံတွေ ပေါ်ထွက်လာနိုင်သည်ဟု သူကထောက်ပြခဲ့သည်။

ယင်းတို့မှာ သမိုင်းဆရာ ကင်နဒီ၏ ဟောကိန်းများဖြစ်သည်။

■



# ခရမ်းလွန်နွေဦး အက်ဆစ်မိုးနှင့် ချူကလီးယားဆောင်း

သာစွလေ၊ ဆီးကြွေနှင်းခဲ၊ သာလွန်ကဲ၍၊ ရဲရဲ မိုးလေ၊ ဖဂ္ဂုဏနှင့် ပြည့်ပအညီ၊ မိန်ရာသီဟု. . .။

လူးတားဆရာ ဦးအောင်ကြီးက နွေကို ထိုသို့ဖွဲ့ခဲ့သည်။

သေနင်္ဂါမည်၊ နတ်စည်ဆော်ထံလှိုင်လို့လေး၊ သွန်းမည့်ရုပ်ပုံ၊ ပဇ္ဇုန်ဆင်၊ သင်တိုင်းငယ်နှင့်လေး၊ မိလ္လာရီဆိုင်းပြန်ပြီ၊ ပြာရီအုံ့မှိုင်းဝေလို့မှောင်၊ အာကာဘောင် ဂဠုန်တောင်ချိန်ပါလို့ ပန်းတိမ်လိပ်ရောင် . . .။

## ၁၂ ✧သမိုင်းစကား ပန်းစကား

ပတ်ပျိုးဆရာ မြဝတီမင်းကြီးက မိုးကို ထိုသို့ဖွဲ့သည်။

နှင်းယွန်းခါဟေမန်၊ လေပြန်သွင်းလို့ ညင်းညံ့ညံ၊ တိမ်ယံကွန့်ဆိုင်း၊ အိုလေမျှော်တိုင်း၊ မှိုင်းမှိုင်းပေ. . .။

ပြင်စည်မင်းသားက ဆောင်းကို ထိုသို့ဖွဲ့သည်။

ဆိုသည် ရှာစား ဦးအောင်ကြီး၊ မြဝတီမင်းကြီးနှင့် ပြင်စည်မင်းသားတို့ သုံးဦးစလုံးသည် ၁၉ ရာစုနှစ်က ပေါ်ထွန်းခဲ့သော မြန်မာကဗျာ ဆရာကြီးများ၊ မြန်မာတေးဖွဲ့စာဆိုကြီးများ ဖြစ်ကြသည်။

သူတို့ခေတ်တုန်းကတော့ ရာသီကိုဖွဲ့သည့် အဖွဲ့များသည် အလှဗေဒ သက်သက်၊ အလင်္ကာအဖွဲ့ သက်သက်မျှသာ ဖြစ်သည်။ ဆန်းစန္ဒေကို ဆန်းန္ဒေဦး။ မိုးကို အသူရာ၏ စစ်သေနင်္ဗျူဟာ။ နှင်းယွန်းဟေမန်ဆောင်း ကို မှိုင်းမှိုင်းဝေဆောင်း။

ထိုစကားလုံးများသည် အလှဗေဒသဘောကို ဖော်ပြနေသည့် စကားလုံးများဖြစ်သည်။ အလင်္ကာသဘောကို ရည်ညွှန်းထားသော စကားလုံးများသာ ဖြစ်သည်။ အတ္တဗေဒကို ဖော်ကျူးထားသော စကားလုံးများသာ ဖြစ်သည်။

ယခုနှစ်ဆယ်ရာစုနှစ် ကုန်ခါနီး၊ စက်မှု သိပ္ပံတော်လှန်ရေးက အရှိန်အဟုန်ပြင်းစွာ ချီတက်နေစဉ်တွင်မူ ဥတုသုံးလီကို ဆိုညွှန်းသည့် စကားလုံးများသည် အလှ ဗေဒ သက်သက်၊ အလင်္ကာသက်သက်၊ အတ္တဗေဒသက်သက်

မျှသာမကတော့ဘဲ သိပ္ပံပညာသဘောကိုလည်း ဆောင်လာခဲ့သည်။

မကြာသေးမီက အနောက်နိုင်ငံများမှ သိပ္ပံပညာရှင်များ၊ စာရေးဆရာများနှင့် ကဗျာဆရာများသည် ဥတုသုံးလီကို သိပ္ပံပညာမှ အမည်များနှင့် ယှဉ်တွဲခေါ်လာခဲ့ကြသည်။

ခရမ်းလွန်နွေဦးတဲ့။ အက်ဆစ်မိုးတဲ့။ နျူကလီးယားဆောင်းတဲ့။

စာပေပညာရှင်တို့က နှင်းယွန်းဂိမ္ဘာန်၊ ပဇ္ဇုန်မိုးနှင့် နှင်းမှုန်ဝေဆောင်းတို့ကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ခဲ့ကြသည့် နည်းတူ သိပ္ပံပညာရှင်တို့ကလည်း ခရမ်းလွန်နွေဦး၊ အက်ဆစ်မိုးနှင့် နျူကလီးယားဆောင်းတို့ကို ခက်ဆစ်အဓိပ္ပာယ်ဖွင့်ခဲ့ကြသည်။

၁၉၈၅ ခုနှစ်က ဗြိတိသျှလူမျိုး အန္တာတိတ်ဒေသ လေ့လာရေးအဖွဲ့ဝင်များသည် တောင်ဝင်ရိုးစွန်း တစ်ဝိုက် အိုဇုန်းခာတ် မရှိသော ဟင်းလင်းပြင် အပေါက်တစ်ခုကို တွေ့လာခဲ့ကြသည်။ ထိုနေရာ တစ်ဝိုက်တွင် ကမ္ဘာမြေကြီးကို ဖုံးထားသော အိုဇုန်းခာတ် မရှိတော့ဘဲ ဖြစ်သွားခဲ့သည်။

ထိုအဖွဲ့သည် ၁၉၈၇ ခုနှစ်တွင် အန္တတိတ်စက်ဝိုင်းသို့ ဒုတိယအကြိမ်သွားရောက်ကာ ကမ္ဘာပတ်လည်တွင် အိုဇုန်းခာတ်များ ပါးလွှာပျောက်ကွယ်သွားပုံကို အသေးစိတ် လေ့လာခဲ့ကြပြန်သည်။ စက်တင်ဘာလမှ

ဩဂုတ်လအကုန်အထိ သူတို့သည် တိုင်းထွာရေး ကိရိယာများ တပ်ဆင်ထားသော လေယာဉ်များကို အထက်အိုဇုန်း အလွှာထဲသို့ စေလွှတ်ကြည့်ခဲ့သည်။ ယင်းသို့ လေ့လာကြည့် လိုက်သည့်အခါတွင် အိုဇုန်း ခေတ်သည် ရက်သတ္တပတ် အနည်းငယ် အတွင်းတွင် ငါးဆယ်ရာနှုန်းခန့် ကျဆင်းနေ သည်ကို တွေ့ရသည်။ အိုဇုန်းခေတ်များ ပါးလွှာသွားခြင်းနှင့် ပတ်သက်၍ ဒတ်ချ် အမျိုးသားတစ်ဦးဖြစ်သူ နျူကလီးယားဗေဒ ပညာရှင် ကရုဇင်က အောက်ပါအတိုင်း ပြောခဲ့သည်။

'အောက်ဆီဂျင် အဏုမြူ သုံးခုနဲ့ အိုဇုန်းခေတ် ပါတဲ့ မော်လီကျူးကလေးတွေဟာ ကျွန်တော်တို့ ကမ္ဘာမြေကြီး အသက်ရှင်တည်တံ့ရေးအတွက် အဓိကပစ္စည်းတွေ ဖြစ်တယ်။ အဲဒီဒြပ်စင်တွေပါတဲ့ တိမ်တိုက်ကြီးဟာ ကျွန်တော်တို့ ကမ္ဘာမြေကြီးရဲ့ အထက် ဆယ်မိုင်လောက်မှာ တိမ်လွှာထုကြီးအဖြစ် ဖုံးအုပ်နေတယ်။ အဲဒီတိမ်လွှာထုကြီးရှိတဲ့နေရာကို ကျွန်တော်တို့က စထရာတိုစဖီးယားလို့ခေါ်ကြတယ်။ နေရောင်ခြည်ကလာတဲ့အပူရှိန် ဖြာထွက်မှုနဲ့ ခရမ်းလွန်ရောင်ခြည်တွေ ကျွန်တော်တို့ ကမ္ဘာမြေပြင်ကို တိုက်ရိုက်ကျမလာအောင် အဲဒီတိမ်လွှာထုကြီးက ကာကွယ်ပေးထားတယ်၊ အိုဇုန်းခေတ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အဲဒီ တိမ်တိုက်ကြီးသာ မရှိခဲ့ရင် နေရောင်ခြည် ဖြာထွက်မှုနဲ့ ခရမ်းလွန်ရောက်ခြည်တွေဟာ ကျွန်တော်တို့အပေါ်ကို

တိုက်ရိုက်ကျရောက်လာပြီး သေလောက်တဲ့ အရေပြား ကင်ဆာရောဂါတွေ ဖြစ်မယ်။ ကျွန်တော်တို့အားလုံးဟာ လည်း လောက်ကျွမ်းသွားပြီး အသက်ဇီဝကို ဖြစ်ပေါ်စေတဲ့ ဒီအင်အေ မော်လီကျူးများဟာလည်း ပျက် စီးသွားကြလိမ့် မယ် ’ဟု သူက ပြောခဲ့သည်။

ကရုဇင်က အိုဇုန်းအလွှာများ ပျက် စီးရသည့် အ ကြောင်းနှင့် ပတ်သက်၍ သုတေသနပြုလုပ်ကာ စာတမ်း တင်ခဲ့သည်။ သူ့စာတမ်းတွင် အိုဇုန်းအလွှာများ ပျက် စီး သဖြင့် ခရမ်းလွန်ရောင်ခြည်တို့ကြောင့် လူမျိုးနွယ် တစ် ရပ်လုံးတွင် ကျရောက်နိုင်သော ရောဂါသည်များနှင့် အိုဇုန်း လွှာများ ပျက် စီးရသည့် အကြောင်းရင်းများကို ရှာဖွေ တင်ပြသွားခဲ့သည်။

‘အသံထက် လျင်မြန်တဲ့ လေယာဉ်ကြီးတွေက ထုတ် လွှတ်တဲ့ နိုက်ထရိုဂျင်အောက်ဆိုက် ဓာတ်တွေ ကြောင့် အိုဇုန်းအလွှာကြီး ပျက် စီးနိုင်တယ်။ တောမီး တွေကထွက်တဲ့ မီးခိုးတွေကြောင့် ပျက်နိုင်တယ်။ နျူကလီးယား စမ်း သပ်မှုတွေကြောင့်လည်း ပျက်နိုင်တယ်။ နျူကလီးယားစစ်ကြီး တစ်ခုသာ ဖြစ်လာခဲ့ရင် အိုဇုန်း အလွှာတစ်ခုလုံး ပျက် စီးပြီး ကျွန်တော်တို့ဟာ ဘာမှ အကာအကွယ်မရှိဘဲ နေရောင်ခြည် ဟင်းလင်းပြင် အောက်မှာရောက်စေလိမ့် မယ်။ ခရမ်းလွန်ရောင်ခြည် ဟာ ကျွန်တော်တို့ ကမ္ဘာကြီးကို သေလောက်တဲ့ အတိုင်း အတာအထိ ရောက်လိမ့်မယ်’ ဟု သူက ပြောခဲ့သည်။

ခရမ်းလွန် နွေဦးကဲ့သို့ ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော အရာတစ်ခုမှာ အက်ဆစ်မိုး ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု၊ ကနေဒါ၊ ဆွီဒင်၊ ဂျာမနီ၊ တရုတ်ပြည်တို့တွင် အက်ဆစ်မိုးများ ရွာချခဲ့သည်ဟု ဆိုသည်။ ထိုနေရာ တစ်ဝိုက်ရှိ ကန်များထဲမှ ရေသည် ရှာလကာရည်ထက် နှစ်ဆနီးပါး အက်ဆစ်တွေ များနေသည်ကို တွေ့ရသည် ဟု ဆိုသည်။

အက်ဆစ်မိုးသည်လည်း လူလုပ်ပစ္စည်းများကြောင့် ပေါ်ထွက်ရခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြ သည်။ ကျောက်ဖြစ်ရုပ်ကြွင်းလောက်စာများကို သုံးခြင်း၊ ကျောက်မီးသွေးများကို သုံးခြင်း၊ ယာဉ်ရထားများမှ လွှတ်သော မီးခိုးအဆိပ်သင့်ခြင်း တို့ကြောင့် လေထုသည် ညစ်ညမ်းလာခဲ့ကာ ဆာလ်ဖာဒိုင်အောက်ဆိုက် နှင့် နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်တို့ဖြင့် ပြွမ်းနေခဲ့သည်။

'အက်ဆစ်မိုးဟာ ပိုတက်ဆီယန်နဲ့ အလူမီနီယန်ဓာတ်တွေကို ထုတ်ပေးတဲ့အတွက် သစ်မြစ်တွေထဲကို ဝင်သွားပြီး သစ်မြစ်တွေကို အလူမီနီယမ်အဆိပ်သင့်စေတယ်၊ သစ်ထောတွေ တုံးသွားနိုင်တယ်၊ နောက် မိုးရေထဲမှာ ပါလာလို့ ချောင်းတွေ၊ မြစ်တွေ ကန်တွေထဲကို ရောက်သွားပြီး ရေသတ္တဝါတွေများ အထူးသဖြင့် ငါးများကို အဆိပ်သင့်စေတယ်၊ ဒီနောက်မှ တိရိစ္ဆာန်များနဲ့

http://www.cherrythitsar.org

ကလေးငယ်များကို အဆိပ်သင့်သေလိမ့်မယ်’ ဟု ကျွမ်းကျင်သူများက ဆိုကြသည်။

သူတို့က အက်ဆစ်မိုးကို ရပ်တန့်သွားစေရန် အတွက် ပတ်ဝန်းကျင် လေထုသန့်ရှင်းရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ ထိန်းချုပ်ရေးတို့သည် အရေးကြီးသည်ဟု ဆိုနေကြသည်။

နောက် တစ်ရာသီမှာ နျူကလီးယားဆောင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများသည် နျူကလီးယား လက်နက်များကို ထုတ်လုပ်နေကြသည်။ မကြာမီ ကမ္ဘာတွင် နျူကလီးယား လက်နက်ပိုင်ဆိုင်သည့် နိုင်ငံများသည် ဆယ်ပေါင်းများစွာ ရှိလာတော့သည်။ ယခုပင်လျှင် နျူကလီးယား လက်နက်များကို အပြိုင်အဆိုင် တပ်ဆင်နေကြသည်မှာ အနှစ်လေးဆယ်ခန့် ကြာလေပြီ။ နျူကလီးယား လက်နက်တိုက် တစ်ခုမှ ပေါက်ကွဲထွက်လာသည့် မီးခိုးများသည် မြောက်ဘက် ကမ္ဘာတစ်ခြမ်းကို ဖုံးလွှမ်းသွားနိုင်သည်။ ထိုပေါက် ကွဲမှုကြောင့် ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် နေရောင်ခြည် ကွယ်ပျောက်သွားနိုင်သည်ဟု ဆိုကြသည်။

၁၉၈၃ ခုနှစ်က အမေရိကန် နက္ခတ္တ ဗေဒပညာရှင်နှင့် သိပ္ပံဝတ္ထုရေးဆရာ ကားလ်ဆေဂန်းက အောက်ပါအတိုင်း ပြောခဲ့သည်။

'တကယ်လို့သာ မဟာအင်အားကြီးနိုင်ငံများရဲ့ နျူကလီးယား လက်နက်အားလုံးရဲ့ တစ်ရာခိုင်နှုန်း လောက်ကိုပဲ ဖောက်ခွဲလိုက်တယ်ထား၊ အဲဒီလောက် ဖောက်ခွဲပစ်လိုက်ရင် တစ်ကမ္ဘာလုံးလောက်မှာ နေကို ဖုံး ကွယ်သွားနိုင်တဲ့ မည်းမှောင်တဲ့ တိမ်တိုက်ကြီးတစ်ခု ဖုံး အုပ်နေတော့မယ်၊ အပူရှိန်ဟာလည်း ဖောက်ထိုးဆင်းသွား ပြီး နွေခေါင်ခေါင်ကြီးမှာတောင် ရေခဲတဲ့အမှတ်အောက် ကို လပေါင်းများစွာ ရောက်သွားပြီး စကြာဝဠာကြီးဟာ ရေခဲပြင်ကြီး ဖြစ်နေတော့မယ်၊ လက်နက်တွေရဲ့ တစ်ရာ နှုန်းလောက် ဖောက်ခွဲပစ်လိုက်ရုံနဲ့ ကမ္ဘာကြီးဟာ ဆယ်နှစ် ရာသီပတ်လုံး ရေခဲတော့မယ် 'ဟု သူက ပြောခဲ့သည်။

အမေရိကန်သိပ္ပံပညာရှင် တာကိုကထိုအခြေ အနေကို 'နျူကလီးယားဆောင်း' ဟု အမည်ပေးခဲ့လေ သည်။

သိပ္ပံပညာရှင်များက နျူကလီးယားဆောင်းသာ ကျရောက်ခဲ့လျှင် လူ့သက်တမ်းတစ်လျှောက်တွင် တစ်ခါ မျှ မကြုံရဖူးသေးသော ကပ်ဆိုးကြီးနှင့် ကြုံရတော့မည်ဟု ဆိုကြသည်။ လွန်ခဲ့သော နှစ်သန်းပေါင်း ခြောက်ဆယ်က ကရီတေးစီးယတ်စ် ကပ်ကမ္ဘာကြီးအဆုံးမှာ ကြယ်တိမ် တိုက်ကြီးတစ်ခု ပေါက်ကွဲသည့်အတွက် ကမ္ဘာတွင် အမှုန့် တွေလွှမ်းပြီး ကမ္ဘာမြေကြီး တစ်ခုလုံးသည် ရေခဲသွား ခဲ့သည် ဟုဆိုသည်။ ထိုရေခဲကပ်ကြီးအပြီးတွင် ဒိုင်နိုဆော

သတ္တဝါကြီးများသည် မျိုးတုံးပျောက်ကွယ်သွားခဲ့ကြသည်။

'ဒီတစ်ခါ ချူကလီးယား ဆောင်းဥတုကြီး ပေါ်လာခဲ့ရင်တော့ ကျွန်တော်တို့ လူသားအနွယ်ကြီး တစ်ရပ်လုံး မျိုးပြုန်းရမယ့် အလည့်ပဲ' ဟု ပြောခဲ့သည်။

ယင်းတို့မှာ ခရမ်းလွန်နွေဦး၊ အက်ဆစ်မိုးနှင့် ချူကလီးယားဆောင်းတို့၏ ပဏ္ဍိတ်တို့၏ အဆိုများ ဖြစ်သည်။

သူတို့က ခရမ်းလွန်နွေဦး၊ အက်ဆစ်မိုးနှင့် ချူကလီးယားဆောင်းတို့ကို ဖန်တီးခဲ့သူမှာ 'လူ'ဖြစ်၍ ထိုအရာများကို တားဆီးနိုင်သူမှာလည်း 'လူ'သာလျှင် ဖြစ်သည်ဟု အခိုင်အမာ ဆိုကြသည်။

■



# အီနိုလာဂေး၊ မိုးစက်ပွင့်ဖြူဖြူ ဟီရိုရှီးမားညချမ်း

'အီနိုလာဂေး'ဟူသော အမည်သည် ထိုနေ့မနက်က စူပါဖို့ ထရက်လေယာဉ်ကြီးကို မောင်းနှင်လာသည့် လေယာဉ်မှူး ၏ အမေ့နာမည်ဖြစ်သည်။ လေယာဉ်မှူး ဗိုလ်မှူးကြီး ဝါးဖိုးတစ်ဗက်က သူ့လေယာဉ်ကို သူ့မိခင်နာမည်ပေးထား ခြင်းဖြစ်သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့ မနက်တွင် အမေရိကန် လေတပ်မှ လေယာဉ်တစ်စင်းဖြစ်သည့် 'အီနို လာဂေး'သည် ဂျပန်ပြည် ဟီရိုရှီးမားမြို့ကြီးကို ဖြတ်သန်း

စီးဆင်းနေသည့် မြစ်များကို အရှေ့အနောက်သို့ ကျော်၍ ပျံသန်းလာခဲ့သည်။ ထို့နောက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် ဝမ်းဗိုက်မှ အခန်းတစ်ခန်းကို ဖွင့်လိုက်သည်။ အခန်းထဲမှ ဗုံးတစ်ဗုံးသည် ဟီရိုရှီးမားမြို့ကြီးပေါ်သို့ ကျလာခဲ့သည်။

အီနိုလာဂေးသည် ဗုံးကိုဖြုတ်ချလိုက်ပြီးနောက် လေယာဉ်မှူး ဗိုလ်မှူးကြီး ဝါးဖီးတစ်ဗက်က လေယာဉ်ကို အမြင့်သို့ ပျံတက်လာခဲ့သည်။

ဘာမျှ မကြာလိုက်။ စက္ကန့် ၆၀ မပြည့်မှီမှာပင် တောက်ပသော ဟီရိုရှီးမားမနက်ခင်းတွင် နေလုံးကြီး ပေါက်ကွဲသွားသကဲ့သို့ပင် ဝင်းလျှပ်ဖြူဖွေးသော အလင်းရောက်ကြီးတစ်ခု ပြက်လိုက်သည်ကို မြင်ရသည်။

အလင်းရောင်က ပြင်းထန်စူးရှလွန်းသဖြင့် အီနိုလာဂေး စူပါဖို့တရက် လေယာဉ်ကြီးပေါ်တွင် လိုက်လာသည့် လေယာဉ်အဖွဲ့သားအားလုံးသည် နေကာမျက်မှန်တွေ တပ်ထားသည့်တိုင် မျက်လုံးတွေ ပြာဝေကာ ကြက်မျက်သင့်သကဲ့သို့ ဖြစ်ကုန်ကြသည်။

စက္ကန့်အတန်ကြာတွင် ဗုံးပေါက်ကွဲမှု၏ တုန်ခါမှုသည် မိုင်ပေါင်းများစွာ အကွာတွင် ပျံသန်းနေသည့် အီနိုလာဂေးဆီသို့ ရောက်လာကာ အောက်မှ လေယာဉ်ပစ်အမြောက်ဖြင့် ပစ်လိုက်သကဲ့သို့ တုန်ခါလှုပ်ရမ်းသွားသည်။ တွဲဖက်လေယာဉ်မှူးဖြစ်သည့် ဗိုလ်ကြီး ရောဗက်လူဝီသည် အောက်သို့ ငုံကြည့်ကာ 'ဘုရားရေ၊ ကျွန်တော်တို့

ဘာတွလုပ်လိုက်မိသလဲ မသိဘူး'ဟု ယောင်၍ အော်သည်။

အမှန်ကတော့ သူတို့သည် ဘာမျှ ထူးထူးဆန်းဆန်း မလုပ်ခဲ့ကြပါ။ လုပ်ရိုးလုပ်စဉ်အတိုင်း ဗုံးတစ်လုံး ကြဲချခဲ့ကြခြင်းသာ ဖြစ်သည်။

သို့ရာတွင် သူတို့ကြဲချခဲ့သော ဗုံးသည် ကမ္ဘာတွင် ပထမဆုံးသော အဏုမြူဗုံးဖြစ်သည်။

သတင်းစာဆရာ ဂျွန်ဟာဆီက 'ပတ်ဝန်းကျင် တစ်ခုလုံး ဖြူဖွေးဝင်းလျှပ်သော အလင်းရောင်ကြီး တစ်ချက် ပြက်လိုက်ပြီးနောက် ဟီရိုရှီးမားမြို့ကြီးသည် စက္ကူချပ်ကလေး တစ်ချပ်လို ပြားချပ်လောင်ကျွမ်းသွား စေခဲ့လေပြီ' ဟု သူ၏ နာမည်ကျော် 'ဟီရိုရှီးမား'စာအုပ်တွင် ရေးခဲ့သည်။

ထိုးဝင်းလျှပ် ဖြူဖွေးသော အလင်းရောင်ကြီး ပြက်သည့်အချိန်မှစ၍ ကမ္ဘာကြီးသည် လုံးဝပြောင်းလဲသွားခဲ့သည်။ ဟီရိုရှီးမား မြို့သူမြို့သားတို့၏ ကံကြမ္မာ၊ ဒုတိယကမ္ဘာစစ်ကြီး၏ လမ်းကြောင်း၊ နောက်ဆက်တွဲ ပေါ်ပေါက်လာသည့် စစ်ပွဲများနှင့် နောက်ဆက်တွဲပေါ်ပေါက်လာသည့် ငြိမ်းချမ်းရေး ပြဿနာ၊ သိပ္ပံပညာ၏ အနာဂတ်၊ စစ်သေနင်္ဗျူဟာ အတတ်ပညာ၏ အခန်းကဏ္ဍ၊ နိုင်ငံတကာ သံတမန်ဗေဒ၊ အသိပညာ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့၏ သဘာဝ၊ နေထိုင်မှုစနစ်နှင့် ဘဝအမြင်တို့သည် ပြောင်းလဲသွားခဲ့ကြသည်။

သမိုင်းတလျှောက်မှ သမိုင်းခေတ်များအား သူတော်စင်များ၊ ဒဿနာဆရာများ၊ အာဇာနည်များ၊ စစ်သူရဲ ကောင်းများ၊ အတွေးအခေါ်များကို သင်္ကေတပြု၍ ခေါ်ခဲ့ကြသည်။ ဗုဒ္ဓခေတ်၊ ယေရှုခေတ်၊ ပလေတိုခေတ်၊ အယ်လက်ဇန္ဒရာခေတ်၊ အသောကခေတ်၊ တန်မင်းဆက်ခေတ်၊ အနော်ရထာခေတ်၊ နပိုလီယန်ခေတ်၊ ဝိတိုရိယခေတ်၊ စက်မှုတော်လှန်းခေတ်၊ ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ် စသည့် . . . . . ။

သို့ရာတွင် အဏုမြူခေတ်ကား လက်နက်တစ်ခု၊ ခြိမ်းခြောက်မှုတစ်ခု၊ အန္တရာယ်တစ်ခုကို အစွဲပြု၍ ခေါ်သည့်ခေတ်ကြီးဖြစ်လာခဲ့သည်။ ၁၉၄၅ ခုဩဂုတ်လ ၆ရက်နေ့က ကြဲချခဲ့သည့် အဏုမြူဗုံး၏ တိမ်တိုက်အရိပ်ကြီးသည် ယနေ့တိုင် ကမ္ဘာကို ယှက်မိုးနေသေးသည်။ ထိုအချိန်မှစ၍ သမိုင်းဆရာ၊ နိုင်ငံရေးသိပ္ပံပညာရှင်များနှင့် စာရေးဆရာများသည် ကျွန်တော်တို့ ခေတ်ကြီးကို အဏုမြူခေတ်ကြီးဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ အမေရိကန် ကဗျာဆရာ အော်ဒင်က အဏုမြူဗုံးကြဲချပြီး ကမ္ဘာသူကမ္ဘာသားတို့ အထိတ်ထိတ်အလန့်လန့် စိုးရိမ်တကြီးဖြင့် နေရသည့် အခြေအနေကြီးကို ကြည့်ကာ ကျွန်တော်တို့ ခေတ်ကြီးကို 'သောကခေတ်ကြီး' ဟုခေါ်ခဲ့သည်။

ဟီရိုရှီးမားကို အဏုမြူဗုံး ကြဲချခဲ့သည့် မနက်က အသက် ၁၁နှစ်အရွယ်ရှိ ယူရှိတာကာ ကာဝါမိုတိုသည် ရပ်ကွက်တစ်ခုရှိ အလယ်တန်းကျောင်းသို့ လာခဲ့သည်။

ကျောင်းသို့ရောက်လျှင် သူတို့ဆိုနေကျ သီချင်းကို သူငယ် ချင်းများနှင့် ဝိုင်းဆိုကြသည်။

ဟီရိုရှီးမားရဲ့ ဆည်းဆာညချမ်းမှာ
မိုးစက်ပွင့်ဖြူဖြူ သွန်ကျလာ
ပန်းပွင့်လွှာပေါ်က အရောင်လွင့်ပြယ်ကာ
နွေဦးကုန်ဆုံးတော့မှာ
ဒါပေမယ့် တို့တတွေ ကြံ့ကြံ့ရပ်တည်ကာ
သာတူညီမျှ ကောင်းစားရေးအိမ်မက်များ
အကောင်အထည်ပေါ်စပြုလာ

ကာဝါမိုတိုနှင့် သူငယ်ချင်းများသည်ကျောင်းတက် လျှင် သူတို့မဆိုမနေရ ပြဋ္ဌာန်းထားသည့် စိတ်အားတက် ကြွဖွယ် သီချင်းတစ်ပုဒ်ကို ဆိုကြသည်။ သူတို့သီချင်း မဆုံးမီ လေယာဉ်ပျံသံများကို ကြားရသည်။

'သီချင်းဆိုပြီးလို့ ကျွန်တော်တို့တစ်တွေ ကိုယ့်ခုံ တန်းမှာ ပြန်ထိုင်မယ်လုပ်တုန်းမှာ ကျွန်တော်သူငယ်ချင်း အိုတာက 'ဟော့ ကြည့်စမ်း ဘီ ၂၉ ဗုံးကြဲလေယာဉ်ကြီးကွ' လို့ ကျွန်တော့်ကို လှမ်းပြောတယ်၊ ကျွန်တော်က စပ်စုချင် တဲ့ကောင်ဆိုတော့ ပြတင်းပေါက်နားကို ထလာခဲ့တယ်၊ ပြတင်းပေါက်နား မရောက်ခင်မှာပဲ အလင်းရောင်ကြီး တစ်ခု လင်းကနဲ လက်ခနဲ ဖြစ်သွားပြီး အသံတစ်သံကို ကြားလိုက်ရတယ်၊ အလင်းရောင်က လျှပ်စီးလက်လိုက် သလိုပဲ၊ ရုပ်မြင်သံကြားစက် ပျက်သွားလို့ လင်းခနဲ ဖြစ် သွားသလို လေထဲမှာ လင်းသွားသလို ထင်လိုက်ရတယ်၊

ပြီးတော့ ကျွန်တော်လည်း သတိလစ်သွားတာပဲ’ ဟု ကာဝါမိုတိုက ပြောသည်။

ထိုအချိန်မှာ ၁၉၄၅ ခု ဩဂုတ်လ ၆ ရက်၊ နံနက် ၈ နာရီ ၁၅ မိနစ်။

ထိုစဉ် အသက် ၁၁နှစ်သာရှိသေးသည့် ကာဝါမိုတိုသည် ယခု ဟီရိုရှီးမားမြို့ ငြိမ်းချမ်းရေး ပြတိုက်မှာ ပြတိုက်မှူး လုပ်နေသည်။

‘အလင်းရောင်ကြီးကို မြင်လိုက်ရတော့ ကျွန်တော် သတိမေ့သွားတယ်၊ ပြီးတော့ ဟီရိုရှီးမား ညနေဆည်းဆာက မိုးစက်ပွင့်ဖြူဖြူဆိုတဲ့ သီချင်းကို ကျွန်တော် သတိရတယ်၊ ပြီးတော့ ကျွန်တော် သူငယ်ချင်း အိုတာကို သတိရတယ်။

‘အဲဒီတုန်းက ကျွန်တော် အလယ်တန်းကျောင်း ရောက်တာ လေးလပဲ ရှိသေးတယ်၊ ဒီတော့ မိတ်ဆွေ သူငယ်ချင်းရယ်လို့ များများစားစား မရှိသေးဘူး၊ အိုတာနဲ့ ကျွန်တော်ကတော့ ချက်ချင်းခင်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နှစ်ယောက်စလုံးက ဂျပု ကလေးတွေကိုး၊ အတန်းထဲမှာဆိုရင် ကျွန်တော်နဲ့သူက တစ်ခုံတည်း ထိုင်ရတယ်၊ ကျောင်းမှာ ကျွန်တော်က အိုတာကို အထင်ကြီးတယ်၊ ကျွန်တော်က တောသား၊ အိုတာက ရည် မွန်တယ်၊ ယဉ်ကျေးတယ်၊ ကျွန်တော်ဖြစ်ချင်တဲ့ မြို့ကြီးသားဟန့်မျိုး အပြည့်ရှိတယ်၊ အသားလည်း ဖြူတယ်၊ ရုပ်ကလည်း ချောတယ်၊ ကျွန်တော့်လို

နှာခေါင်းပြားပြား မဟုတ်ဘူး၊ အနောက်နိုင်ငံသားတွေလို နှာတံပေါ်ပေါ်၊ မျက်လုံးတွေကလည်း တောက်လို့၊ အသံကလည်းခပ်သြသြ၊ ယောကျ်ားပီသတဲ့ အသံမျိုး၊ မျက်ခုံးကောင်းကောင်းနဲ့၊ ကျွန်တော်တို့အတန်းသားတွေ အားလုံးက သူ့ကို အားကျ ကြတယ်။

'ကျွန်တော်တို့နေတဲ့ ကျောင်းအဆောက်အအုံကို မီးလောင်နေတော့ ကျွန်တော်လည်း အပြင်ကို ပြေးထွက်လာခဲ့တယ်။ အိုတာကတော့ အထဲကို ကျန်ခဲ့တယ်၊ အပြင်ဘက်ကျောင်းကစားကွင်း တစ်ခုလုံးကလည်း မီးခိုးတွေနဲ့ မည်းမှောင်နေတယ်၊ ကွင်းပြင်ထဲရောက်တော့ ကျွန်တော် ဘယ်ပြေးရမှန်း အသိဘူး၊ ဘေးပတ်လည်မှာ မီးတောက်တွေ ဝိုင်းနေတယ်၊ ပေါက်ကွဲသံတွေ ပြိုလဲသံတွေကလည်း ဆူညံနေတယ်၊ ဒီတုန်းမှာ လေညာကိုပြေး လေညာကိုပြေး ဆိုတဲ့ အောသံတစ်သံကို ကြားလိုက်ရတယ်၊ ကျွန်တော်က သဲတစ်ဆုပ်ကို ကောက်ပြီး အထက်ကို မြှောက်လိုက်တယ်၊ ဘာဖြစ်လို့ ဒီလို သဲကို ကောက်ပြီး မြှောက်လိုက်တယ်ဆိုတာ ကျွန်တော် ခုထက်ထိ စဉ်းစားလို့မရဘူး၊ အလိုလို ကောက်လုပ်လိုက်တာပဲ၊ ကစားကွင်းတစ်ခုလုံးမှာလည်း သေနေတဲ့ လူတွေ၊ ဒဏ်ရာရပြီး အော်ဟစ်နေတဲ့ လူတွေနဲ့ ပြည့်နေတယ်။

' ဒီတုန်းက ကျွန်တော်တို့ ကျောင်းအုပ်ကြီးကို လှမ်းမြင်လိုက်တယ်၊ သူ့တစ်ကိုယ်လုံးမှာ မီးတွေ လောင်ထားလိုက်တာ ရစရာမရှိဘူး။ ကျွန်တော် သူ့ရုပ်ကို မမှတ်

မိတော့ဘူး၊ သူ့အသံကိုပဲ မှတ်မိတော့တယ်၊ သူ့တစ်ကိုယ်လုံးမှာ အဝတ်အစားဆိုလို့ အောက်ခံဘောင်းဘီတိုကလေးပဲ ကျန်တော့တယ်၊ သူက လှည်းတစ်စီးကို တွန်းလာတယ်၊ လှည်းပေါ်မှာ ဒဏ်ရာရနေတဲ့ ကျွန်တော့်အတန်းသားတွေကို တင်လာတယ်၊ ဒါပေမယ့် လှည်းတွန်းစရာ လမ်းမရှိဘူး၊ တချို့နေရာတွေမှာ အလောင်းတွေပေါ်က ကျော်ပြီး လှည်းကို မ လာခဲ့ကြတယ်။ တချို့လူနာတွေက လှည်းကို အတင်း လိုက်ဆွဲကြတယ်၊ ကျွန်တော်တို့ ခြေထောက်ကို အတင်း ဖမ်းဆွဲကြပြီး ကယ်ပါ ယူပါ အော်နေကြတယ်၊ ဒါပေမယ့် ကျွန်တော်တို့ သူတို့ကို မကယ်နိုင်တော့ဘူး၊ လှည်းပေါ်မှာ လူတွေပြည့်နေပြီ၊ နောက်တော့ ကျွန်တော့်တို့ မီးတွေကြားထဲက လွတ်လာပြီး မီးလွတ်တဲ့ နေရာတစ်ခုကို ရောက်သွားကြတယ်၊ အဲဒီနားက ဆီထည့်ထားတဲ့ ဆီသံပုံးတွေ တွေ့တာနဲ့ ကျွန်တော်က ပါလာတဲ့ မျက်နှာသုတ်ပုဝါတစ်ခည်ကို ဆီထဲနှစ်ပြီး အဲဒီ ဆီ တွေနဲ့ မီးလောင်တဲ့ ဒဏ်ရာရတဲ့ ကျွန်တော့်သူငယ်ချင်းတွေကို ဆွတ်ပေးတယ်၊ မြေကြီးကလည်း ပူလိုက်တာ မပြောနဲ့တော့၊ ပြာပူတွေထဲမှာ သွားနေရလား ထင်ရတယ်၊ ဗုံးပေါက်လိုက်တော့ အဲဒီဗုံးက အပူချိန် စင်တီဂရိတ်ဒီဂရီ ၃၀၀၀ ဒါမှမဟုတ် ဖာရင်ဟိုက် ဒီဂရီ ၅၄၀၀ လောက်ရှိတဲ့ အပူကို ထုတ်လိုက်တာကိုး၊ ဒီအပူရှိန်ဟာ သံရည်ကျိုဖို့လိုအပ်တဲ့ အပူရှိန်ထက် နှစ်ဆများနေတယ်’

ကာဝါမိုတိုက ထိုနေ့ ဟီရိုရှီးမား ငရဲခန်း

ကိုအသေးစိတ် ပြောပြသည်။ သူတို့သည် အပူရှိန် ပြင်းထန်လွန်းသဖြင့် မြစ်ဘက်သို့ ပြေးလာခဲ့သည်။ သူ့ဆရာ ဘယ်မှာ ကျန်ရစ်ခဲ့သည်မသိ။ လမ်းတွင် အလောင်းတွေ၊ ဒဏ်ရာရပြီး အော်ဟစ်နေသူတွေ၊ မီးလောင်ပြီး လဲကျနေသူတွေ၊ တချို့က သူ့ခြေကျင်းဝတ်ကို လိုက်ဆွဲကြသည်။ တချို့က ကယောင်ကတမ်းဖြင့် ထလိုက်လာခဲ့ကြသည်။ သူတို့တစ်ကိုယ်လုံး အဝတ်အစား တွေ စုတ်ပြတ်လျှက်။ တစ်ကိုယ်လုံး ပြာမှုန့်တွေ လိမ်းကျံ လျက်။ သေနေသော မိခင်နို့ကို စို့နေသည့် ကလေးငယ် ကလေးတစ်ယောက်ကို သူမြင်ရသည်။ သုံးလေးနှစ်ခန့်ရှိ ကလေးငယ်တစ်ယောက်က လဲကျနေသော သူ့အမေကို လက်သီးဆုပ်ကလေးဖြင့် ထု၍နှိုးနေသည်။

'မာယူကီ တံတားနားရောက်တော့ ကျွန်တော့် သူငယ်ချင်း ကီမူရာကို တွေ့ရတယ်၊ ဗိုးချတော့ သူက လမ်းမှာပဲ ရှိသေးတယ်၊ သူ့မျက်နှာ တစ်ခုလုံးမည်းနက် နေတယ်၊ သူက ဟီရိုရှီးမား အနောက်ပိုင်းမှာ နေတာ၊ သူက သူ့အိမ်ကို ပြန်မလို့တဲ့၊ ဗိုးတည့်တည့်ကျတဲ့ နေရာ တဝိုက်ကို ပြန်မယ်ဆိုတဲ့ သဘော၊ ဒီတော့ ကျွန်တော်က မသွားနဲ့၊ အဲဒီနေရာကို သွားလို့မရတော့ဘူး၊ မီးတွေ ဟုန်းဟုန်းတောက်နေပြီ၊ အနားတောင် ကပ်လို့ရမှာ မဟုတ်တော့ဘူးလို့ ပြောတယ်၊ ဒါပေမယ့် သူက သွေးရူး သွေးတန်းဖြစ်နေပြီလေ။ အိမ်ကို ပြန်မယ်လို့ အော်ရင်း အဲဒီဘက်ကို ထွက်သွားလေရဲ့၊ နောက်တော့ သူဟာ

သူ့မိသားစုရဲ့ ပြာရှိတဲ့ နေရာကိုတောင် ရှာလို့မတွေ့
တော့ဘူး”

စစ်အတွင်းတုန်းက မီးထင်းကိစ္စအတွက် ရပ်ကွက်
တွေထဲတွင် ရေလှောင်ကန်ကြီးတွေ ရှိသည်။ ရေလှောင်
ကန်ကြီးများမှာ တစ်နှစ်လုံး လှောင်ထားသဖြင့် ညစ်ပတ်
နေသည်။ ကာဝါမိုတိုသည် ရေဆာလာသည်။ ထို့ကြောင့်
ရေလှောင်ကန်ကြီးတစ်ခု အနီးသို့ ပြေးလာခဲ့သည်။
သို့ရာတွင် ရေလှောင်ကန်နားရောက်တော့ ရေထဲတွင်
တစ်ပိုင်း၊ ကုန်းပေါ်တွင် တစ်ပိုင်း လဲကျသေဆုံးနေသူ
များကို သူတွေ့ရသည်။ ထို့ကြောင့် ထိုရေကန်ထဲက
ရေကိုမသောက်တော့ဘဲ တံတားကြီးဆီသို့ လာခဲ့သည်။
တံတားကြီးနားကို ကျောက်လှေကားထစ်တွေကို နင်းပြီး
မြစ်ဆိပ်သို့ ဆင်းလာခဲ့သည်။ ကျောက်တုံးလှေကားထစ်
တွေပေါ်မှာလည်း လူတွေ လူတွေ အတုံးအရုံးလဲကျလျက်။
သူသည် လှေကားထစ်များပေါ်တွင် လဲကျသေဆုံးနေသော
အလောင်းတွေကို ကျော်နင်းပြီး၊ အောက်ရေစပ်သို့
ဆင်းလာခဲ့သည်။ ရေသောက်သည်။ သို့ရာတွင်
သောက်၍မရ ။ ရေက ပူလောင်ပုပ်စပ်နေသည်။
ထို့ကြောင့် ကုန်းပေါ် လေးဖက်တွား၍ တက်လာခဲ့ သည်။

‘ကမ်းပေါ်ရောက်တော့ ကျွန်တော ပက်လက်လန်
လဲကျသွားတယ်၊ မြေကြီးကလည်း ပြာပူတွေလို ပူလောင်
နေတယ်၊ အပေါ်ကို မော့ကြည့်လိုက်တော့ မည်းမှောင်နေ
တဲ့ တိမ်တိုက်ကြီးတွေကို မြင်ရတယ်၊ အဲဒီတိမ်တိုက်ကြီး

တွေမှာလည်း လျှပ်စီးလက်သလို မီးတွေဝင်းခနဲ ဝင်းခနဲ တောက်နေတယ်၊ ဒီတော့ အမေတို့အဖေတို့ကို ဘယ်တော့မှတွေ့ရတော့မှာ မဟုတ်တော့ဘူးလို့ ကျွန်တော် အောက်မေ့လိုက်တယ်၊ မကြာခင် ကျွန်တော် သတိလစ်သွားတယ်'

ထိုနေ့ တစ်နေ့လုံး သူသည် သတိလစ်သွား ခဲ့သည်။ ည ခုနှစ်နာရီလောက် သတိပြန်ရလာသည့်အခါ သူသည် ဆေးရုံလုပ်ထားသည့် ဂိုဒေါင်ပျက်တစ်လုံးထဲတွင် ရောက်နေသည်ကို တွေ့ရသည်။ မိဘတွေ ဘယ်ရောက်ကုန်သည် မသိ။ သေသည် ရှင်သည်ကို သူမကြားရ။

ဩဂုတ်လ ၁၁ ရက်နေ့ လူနာစခန်းနားကတဲပျက်အမှောင်ထဲတွင် ထိုက်နေစဉ် သူ့အမေ ရုတ်တရက် ရောက်လာကာ သူတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ဖက်ငိုကြသည်။

'အဲဒီအခါကျမှ ကျွန်တော် ပထမဆုံးအကြိမ် ငိုမိတယ်' ဟု ကာဝါမိုတိုက ပြောသည်။

သူသည် ယခုအချိန်တွင် ဟီရိုရှီးမားမြို့ရှိငြိမ်းချမ်းရေးပြတိုက်တွင် ပြတိုက်မှူးအဖြစ် အမှုထမ်းနေသည်။

ထိုစဉ်က ဟာရိုအဂ္ဂညူးသည် အသက် ၂၄နှစ်သာ ရှိသေးသည်။ သူသည ဟီရိုးရှီးမားကို သွားရောက်ဗုံးကြဲသည့် 'အီနိုလာဂေး' လေယာဉ်နှင့်အတူ လေ့လာရေး လေယာဉ်အဖြစ် လိုက်ပါသွားခဲ့သည့် 'ဂရိတ်အားတိစ်' လေယာဉ်ကြီးပေါ်မှ သိပ္ပံပညာရှင်လူငယ်တစ်ဦးဖြစ်သည်။ အမှန်အားဖြင့် သိပ္ပံပညာရှင်တစ်ဦးပင် မဖြစ်သေး။

http://www.cherrythitsar.org

တက္ကသိုလ်တွင် ရူပဗေဒကျောင်းသားအဖြစ် ကျောင်းတက်နေစဉ် ပါမောက္ခက သူ့ကို ရွေးထုတ်ကာ ချူကလီးယားကွင်းဆက်တုံ့ပြန်မှုများအကြောင်းကို လေ့လာရန် တာဝန်ပေးသည်။ သို့ဖြင့် သူ့အသက် ၂၁ နှစ်သားတွင် အဏုမြူဗုံးကြဲချမည့် လေယာဉ်မှူးကြီး တစ်ဗက်နှင့် အဖွဲ့သားများလျှို့ဝှက်လေ့ကျင့်ရာ အူတားနယ်ရှိ သင်တန်းစခန်းတစ်ခုသို့ ပို့လိုက်သည်။ ထိုအချိန်မှ စ၍ သူသည် သိပ္ပံပညာနှင့် စစ်ရေးစစ်ရာတို့ ဆက်နွယ်နေကြပုံကို တွေ့မြင်လာခဲ့ရသည်။

'ဟင့်အင်း၊ အဲဒီတုန်းက ကျွန်တော်က အီနိုလာဂေး လေယာဉ်ကြီးပေါ်မှာ ပါမသွားဘူး၊ သူနဲ့အတူ ကပ်လျက် ပါသွားတဲ့ ဂရိတ်အားတိစ် လေယာဉ်ကြီးပေါ်မှာ ပါသွား တာ၊ အဲဒီလေယာဉ်မှာ ပေါက်ကွဲမှုကို တိုင်းတာဖို့၊ ရလဒ်တွေကို တိုင်းထွာဖို့အတွက် ကိရိယာတွေ တပ်ဆင်ထားတယ်၊ ကျွန်တော်တို့ လေယာဉ်က အီနိုလာဂေး နောက်က ကပ်လျက်ပါလာတယ်၊ သူက ဗုံးကြဲချလိုက်တော့ ပေါက်ကွဲပြီး မြင်ကွင်းတွေကို ကျွန်တော်ပဲ ဓာတ်ပုံရိုက် ယူခဲ့တာပဲ၊ ကျွန်တော်တို့ လေယာဉ်တွေ ဟီရိုရှီးမားကို ရောက်အောင် ၁၃ နာရီ ပျံသန်းခဲ့ကြတယ်။ ကျွန်တော်တို့ ရှေ့က ရာသီဥတု ကင်းထောက် လေယာဉ်ပျံရှိတယ်၊ သူက အားလုံး ကောင်းတယ်လို့ သတင်းပို့တယ်၊ မနက် ၈ နာရီ ၁၅ မိနစ် မတိုင်ခင်ကလေးမှာ ဟီရိုရှီးမား အထက် ကောင်းကင်

ပေါ်မှာ အားလုံးရှင်းနေပြီလို့ သတင်းပို့တယ်၊ အီနိုလာရေး က ပစ်မှတ်ကို ရွေးနေတယ်၊ ကျွန်တော်တို့ လေယာဉ်နဲ့ အီနိုလာဂေးဟာ ဟီရိုရှီးမားမြို့ပေါ်မှာ နှစ်ဖာလုံလောက် စီခွာပြီး ဝဲကြည့်နေကြတယ်၊ ဒီနောက်မှာ ကျွန်တော်တို့ အီနိုလာဂေးဆီက အချက်ပြ သတင်းပို့ချက် ရတယ်၊ သဘောက ဗုံးအောက်ကို ဆင်းသွားပြီဆိုတဲ့ သဘောပဲ၊ ဒါနဲ့ ကျွန်တော်တို့လည်း ကျွန်တော်တို့ရဲ့ တိုင်းတွာရေး ကိရိယာလေးတွေကို ချလိုက်တယ်၊ အဲဒီ တိုင်းတွာရေး ကိရိယာလေးတွေဟာ ဗုံးလေးတွေပဲ၊ တစ်ခဏ အတွင်းမှာ အလင်းရောင်ကြီး လက်သွားတာကို မြင်လိုက်ရတယ်၊ ကျွန်တော်တို့ကင်မရာကလည်း ရိုက်နေတယ်၊ ဟီရိုရှီး မားကနေ ပြန်ထွက်လာလို့ ခုနှစ်မိုင်လောက် အကွာ ရောက်တော့ အောက်က ပေါက်ကွဲမှုကြောင့် တုန်ခါသွား တဲ့ လှိုင်းလုံးက လေယာဉ်ကို ဝင်ဆောင့်တယ်၊ ကျွန်တော် တို့တစ်တွေဟာ အဲဒီဟီရိုရှီးမား နယ်နိမိတ်ထဲက ချက်ချင်း ထွက်လာခဲ့ကြတယ် ’ဟု သိပ္ပံပညာရှင် ဟာရိုးအဂ္ဂညူး က စားမြုံ့ပြန်သည်။

သတင်းစာဆရာ ဒေးဗစ် ဗာဂါမီနီက အောက်ပါ အတိုင်း မှတ်တမ်းတင်ခဲ့သည်။

‘၁၉၄၅ ခု၊ ဩဂုတ်လ ၆ ရက်နေ့တွင် အမှတ် ၅၀၉ လေတင်အုပ်စုမှ အီနိုလာဂေးလေယာဉ်သည် လူပိန် ကလေးဟု ခေါ်ကြသည့် ရှည်မျောမျော ဘူးရှည်တစ်ခုကို သယ်ဆောင်၍ ထွက်လာခဲ့သည်။ ထိုဘူးရှည် တစ်ဖက်တွင်

လူရေနီယန် ၂၃၅ အပိုင်းအစကလေးများစွာကို ထည့်ထား သည်။ ယင်းမှာအဏုမြူဗုံးပင် ဖြစ်သည်။ တန်နီယန်းစခန်း မှ ထွက်ခွာလာပြီး ခြောက်နာရီခွဲအကြာ ဟီရိုရှီးမား စံတော်ချိန် ၈ နာရီ ၁၇ မိနစ် အချိန်တွင် အထူးစီမံ ပြုလုပ်ထားသည့် ဗုံးခန်းတံခါးသည် ပွင့်ထွက်လာကာ လေ ထီးနှင့် ဗုံးသည် အောက်သို့ ကျသွားသည်။ လေယာဉ်မှူး ဗိုလ်မှူးကြီး ပေါတစ်ဗက်သည် ဗုံးကြဲလေယာဉ်မှူး ဗိုလ်မှူး ဖာရီဗီးထံမှ လေယာဉ်ထိန်းခလုတ်ကို ပြန်ယူပြီး လေယာဉ် ကို နောက်ပြန်လှည့်ကာ စက်ကုန်ဖွင့်၍ ဟီရိုရှီးမား နယ်နမိတ်အပြင်ဘက်သို့ ထွက်လာခဲ့သည်။ နောက်နှစ် မိနစ်အကြာ ၁၅ မိုင်အကွာတွင် အပြင်းထွက်ပြေးလာ ခဲ့သော အီနိုလာဂေးသည် ကိုင်လှုပ်လိုက်သလို သိသိသာ သာကြီး လှုပ်ယမ်းတုန်ခါသွားသည်။ တွဲဖက်လေယာဉ်မှူး ဗိုလ်ကြီး ရောဗတ်လူဝစ်က သူ့ပျံသန်းမှု မှတ်တမ်းစာအုပ် တွင် 'ဘုရား၊ ဘုရား' ဟူသော စာလုံးကိုသာ ရေးနိုင်သည်။

'ဗုံးသည် ဟီရိုရှီးမားမြို့ အနောက်မြောက်ပိုင်း အထက်ပေ ၁၅၀၀က ပြာလဲ့ကြည်လင်သော ကောင်းကင် ထဲတွင် ပေါက်ကွဲသွားသည်။ အချင်းပေ ၂၅၀ ခန့်ရှိသော မီးလုံးကြီးတစ်ခုသည် နေမှ ပဲ့ထွက်လာသော အလုံးကြီး တစ်လုံးကဲ့သို့ အထက်ကောင်းကင်တွင် အတန်ကြာ တွဲလွဲ ချိတ်နေသည်။ နောက်တစ်ခဏအတွင်းတွင် ဂျပန်အမျိုး သား ၆၄,၀၀၀တို့သည်မီးလောင်ကျွမ်းသွားခဲ့ကြသည်။ သို့မဟုတ် ကြေမွသွားခဲ့ကြသည်။ နောက်ထပ် ဂျပန်လူမျိုး

၂၆,၀၀၀ တို့သည်လည်း မီးလောင်ကျွမ်းသွားကြသည်။ ဒဏ်ရာများ ရခဲ့ကြသည်။ ဈေးထရွန်နှင့် ဂမ္မာရောင်ခြည် တို့ ဖြာထွက်သွားမှုကြောင့် မိနစ်ပိုင်း၊ နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းများတွင် သေဆုံးခဲ့ကြသည်။ (ယခုတိုင် လည်း သေဆုံးနေကြဆဲ ဖြစ်သည်။ )

'ထိုဗုံးကြောင့် မိုင်တစ်ရာ ပတ်လည်တွင် ကြီးမား ဝင်းလျှပ်သော မီးရောင်ကြီးတစ်ခု လက်ခနဲ ပြက်သွားခဲ့ သည်။ ဆယ်မိုင်အကွာမှ ကြားရသော ပေါက်ကွဲသံကြီး ကြောင့် ဟီရိုရှီးမားမြို့မှ အဆောက်အအုံ တိုက်တာ ၆၈၄၀တို့သည် လှုပ်ခါ ပြိုကျသွားကြသည်။ မြို့လည်ခေါင် တစ်ပိုင်ပတ်လည်တွင် မီးတောက်ကြီး တဟုန်းဟုန်း တောက်နေသည်။ မြေပြင်တွင် လောင်ကျွမ်းသွားသော လူများ၊ တိုက်တာ၊ အဆောက်အအုံများ၏ ပြာများသည် ပန်းထုတ်လိုက်သည့်နှယ် အထက်သို့ ထိုးတက်လာပြီး ဟင်းလင်းပြင် အောက်ခြေနှင့် သွားတိုးမိသည့်အခါတွင် ပြာချပ်သွားသော မှိုထီးဆောင်းသကဲ့သို့ ဖြစ်နေသည်။ မီးလောင်ကျွမ်းသွားသော တိမ်တိုက်များ အောက်ခြေရှိ လွတ်လပ်လေဟာနယ်ထဲသို့ လေအေးကြီး တိုးဝင်လာခဲ့ ကာ ထိုလေအေးစီးကြောင်းကြီးသည်တဖြည်းဖြည်း အရှိန် ကောင်းလာခဲ့သည်။ ဗုံးပေါက်ကွဲပြီး တစ်နာရီနှင့် နှစ်နာရီ ကြားတွင်မူ ထိုလေအေးစီးကြောင်းကြီးသည်အရှိန်ကောင်း လာခဲ့ကာတစ်နာရီလျှင်မိုင်လေးဆယ်ခန့်တိုက်သည့် လေပြင်း ကြီးတစ်ခုဖြစ်လာခဲ့သည်။ မီးမုန်တိုင်းကြီးနှင့် လေမုန်တိုင်း ကြီးအစွမ်းပြခြင်းဖြစ်တော့သည်။ မီးမုန်းတိုင်းကြီး၏အပြင်ဘက်

တွင် စုတ်ဝဲမှုတ်ဝဲများ တစ်ဝိုက်တွင်မူ အပူလှိုင်း ပြင်းထန်လှသဖြင့် အရာဟူသမျှ ပြာမှုန့်များအဖြစ် ပြောင်းကုန်တော့သည်။ တခဏအတွင်းတွင် မြေကြီးပေါ်မှ မီးလောင်ပြင်သည် ၄မိုင်ပတ်လည်ကျယ်သည့် မီးပင်လယ်ပြင်ကြီးအဖြစ်သို့ ပြောင်းသွားခဲ့သည်။

'ပေါက်ကွဲပျက်စီး ပြိုကျသွားသော အရာမှန်သမျှသည် အောက်မှပင့်တင်လိုက်သော လေပြင်း၏အရှိန်ကြောင့် အပျက်အစီး၊ အစအန၊ အကျိုးအပဲ့၊ အပိုင်းအစအဖြစ် အထက်သို့ တဟုန်ထိုး ပျံတက်လာခဲ့ကြကာ အောက်တွင် ကျိုးကျိုးကျွမ်းကျွမ်း မြည်နေအောင် မီးလောက်နေသော မြေပြင်အထက်တွင် တွဲလွဲဆိုင်းနေကြသည်။ ဟီရိုရှီးမားမြို့တစ်ဝိုက်ရှိ မြစ်များမှ ရေတို့သည် အပူရှိန်ကြောင့် အငွေ့ဖြစ်ကာ ပျံတက်လာခဲ့ကြပြီး ကောင်းကင်သို့ အရောက်တွင် မိုးသီးကြီးများအရွယ် မိုးစက်မိုးပေါက်ကြီးများအဖြစ် ရွာချကြပြန်သည်။ အိုင်အိုးနစ်ဓာတ် ပြွမ်းနေသော လေထုသည် မိုးကြိုးပစ်သည့် နေရာအနီးမှ အနံ့ကဲ့သို့လည်းကောင်း၊ ဂဟေဆော်စက်ရုံ အနီးမှ အနံ့ကဲ့သို့ လည်းကောင်း၊ လျှပ်စစ်နံ့မွှန်နေသည်။ အလယ်မှ မုန်တိုင်းကြီးအနီးတွင် မုန်တိုင်းငယ်ကလေးတွေ ဝိုင်းပတ်တိုက်ခတ်နေသည့်အတွက် သစ်ပင်များသည်အမြစ်မှ ကျွတ်ထွက်လဲပြိုကာ အပျက်အစီးများသည် လေထဲတွင် ပျံဝဲနေကြသည်။

'ကယောင်ကတမ်းဖြစ်နေသော အသက်ရှင် ကျန်

သူများသည် မီးလောင်ကျွမ်းနေသော တစ္ဆေသရဲများသဖွယ် အပျက်အဆီးပုံများကြားထဲမှ ထွက်လာကြပြီး ဦးတည့်ရာကို ပြေးလွှားနေကြသည်။ အပူရှိန်မိရုံ၊ အနည်းငယ် လောင်ကျွမ်းရုံမျှသာ ဒဏ်ရာရသူများသည် ထိုငရဲမီးကြီး ဘေးပတ်ပတ်လည်တွင် ဟိုဟိုသည်သည် သွားလာကာ ဆွေမျိုးသားချင်းများကို လိုက်ရှာနေကြသည်။ ဟီရိုရှီးမားမြို့လယ်ကို ဖြတ်သန်းစီးဆင်းနေသည့် မြစ် သုံးဆင်းစလုံးတွင်နေရာလပ်မရှိအောင် အလောင်းတွေ တင်ကျမ်းပြည့်နေသည်။ အပူရှိန်ပြင်းလွန်းသဖြင့် မြစ်ရေထဲသို့ ဆင်းပြေးရာမှ ရေနစ်သေကြခြင်း ဖြစ်သည်။

'တဟုန်းဟုန်း တောက်လောင်နေသောမီးတောက်များသည် တဖြည်းဖြည်းဖြင့် ပြန်၍လာသည်။ အဆောက်အအုံပျက်တွေထဲတွင် ပိတ်မိနေသူတို့က သူတို့ကို မီးထဲမှကယ်ရန် အော်ဟစ်အကူအညီ တောင်းကြသည်။ တချို့ပြေးလွှားနေသူများက အကူအညီပေးကြသည်။ တချို့ကလည်း ကမ္ဘာမီးလောင်နေချိန်တွင် မည်သူ့ကိုမျှ မကယ်နိုင်။ မြို့တော်ရှိ တချို့ရပ်ကွက်များမှ မီးတွေပတ်လည်ဝိုင်းလောင်နေသဖြင့် အထဲသို့လည်း ဝင်၍မရ၊ အပြင်သို့လည်း ထွက်၍မရဘဲ ဖြစ်နေကြသည်။ ဒုက္ခသည်များသည် ပန်းခြံများ၊ ကွက်လပ်များထဲတွင်စုရုံးနေကြရသည်။ သို့တိုင် မီးဒဏ်မခံနိုင်တော့ဘဲ သေကုန်ကြသည်။ မသေဘဲကျန်ရစ်သူတို့က မိမိတို့အနီးသို့ တဖြည်းဖြည်း ရောက်လာသော မီးတောက်များကို ငြိမ်းသတ်ကြသည်။ အားလုံး

အောင်ဟစ်လျက်၊ ငိုယိုလျက်၊ ဆဲရေးတိုင်ထွာလျက်၊ မြည်တမ်းလျက်၊ ထင်မြင်ချက်များကို တစ်ယောက်တစ်ဖုံ ပြောဆိုလျက်၊ လေယာဉ်တစ်စင်းနိမ့်နိမ့် ပျံဝဲနေသည်ကို စက်သေနတ်ဖြင့် လိုက်ပစ်နေသည်ဟု ပြောသူက ပြောကြသည်။ အငွေ့ပျံ၍ မိုးရွာချသည်ကို ဓာတ်ဆီလောင်း၍ မီးရှို့နေခြင်းဖြစ်သည်ဟု ထင်မြင်ချက်ပေးသူက ပေးသည်။

'ကျန်ရစ်သူများသည် ပထမနာရီ သုံးဆယ်လုံးလုံး မီးလောင်နေသော မြို့ပျက်ကြီးထဲတွင် တစ္ဆေများလို လျှောက်သွားနေကြသည်။ ကြောက်ဖွယ်လိလိ အပျက်အစီးများကို အထိတ်တလန့်ကြည့်ကြသည်။ ပြာပုံတွေထဲကို တူးရှာကြသည်။ အဆောက်အအုံပျက်တွေကို လှန်လှောကြသည်။ ရသမျှ ပစ္စည်း၊ ရသမျှစားသောက်ဖွယ်တို့ကို ယူကြသည်။ လျှပ်စစ်ဓာတ်မရှိတော့။ ရေပိုက်တွေ ကျိုးပျက်သွားကြပြီး။ ဆေးရုံးပေါင်း ၄၅ ရုံ ရှိသည့်အနက် သုံးရုံသာ မပျက်အစီးကျန်ရစ်ခဲ့သည်။ ထိုဆေးရုံများမှ ဆရာဝန် ၂၉၀ အနက် ၂၈ ယောက်သာ ကျန်ရစ်ခဲ့သည်။ သူနာပြု ၁၇၀၀၀ အနက် ၁၆ ယောက်သာ ကျန်ခဲ့သည်။

'နောက် ခြောက်လအကြာတွင် စုဆောင်းရရှိသော သတင်းများအရ အရပ်သား ၉၀,၀၀၀နှင့် စစ်သား ၁၀,၀၀၀ သေဆုံးခဲ့ပြီး နောက်နှစ်ပေါင်းများစွာ ကြာသည်အထိ သွေးကင်ဆာရောဂါနှင့် ဓာတ်ရောင်ခြည် ဖြာထွက်မှုကြောင့် ဖြစ်သည့်ရောဂါတို့ကြောင့် လူထောင်ပေါင်းများ

စွာ သေဆုံးခဲ့ကြသည်။

ဩဂုတ်လ ၉ရက်နေ့တွင် နာဂါဆာကီမြို့ပေါ်သို့ နောက်ထပ် အဏုမြူဗုံးတစ်လုံးကြဲချခဲ့သည်။ ဟီရိုရှီးမား နှင့် နာကာဆာကီမြို့ နှစ်မြို့တါင် အဏုမြူဗုံး နှစ်လုံးဒဏ်ကြောင့် စုစုပေါင်း လူဦးရေ ၁၄၀,၀၀၀ သေဆုံးခဲ့ကြရသည်။

အသက် ၆၀ ကျော်အရွယ်ရှိ အဘွားအိုဆူဇူကိုနုမာတာသည် သေးသေးညှက်ညှက်ကလေးဖြစ်သည်။ အဏုမြူ ဗုံးချလိုက်စဉ်က သူသည်လည်း ကာဝါမိုတိုကဲ့သို့ပင် ဗုံးပေါက်ကွဲမှုစက်ဝန်း ဗဟိုချက်မထဲ ရောက်နေသည်။ သူသည် ဟီရိုရှီးမားမှာ မွေးပြီး ဟီရိုရှီးမားမှာ ကြီးပြင်းလာသဖြင့် ဟီရိုရှီးမား မြို့သူစစ်စစ်ဟု ဆိုနိုင်သည်။ နုမာတာသည် ထိုစဉ်က အသက် ၂၁ နှစ်ရှိပြီး စစ်ဘက်ဆက်သွယ်ရေးဌာနတစ်ခုတွင် အလုပ်လုပ်နေသည်။ ဗုံးကျစဉ်ပေါက်ကွဲမှုကြောင့် သူအလုပ်လုပ်နေသည့် အဆောက်အအုံသည် ပြိုကျသွားကာ သူ့ခြေထောက်တစ်ဖက်သည် ပြတ်သွားခဲ့သည်။ ထိုနေ့ညတွင် သူ့ကို ဆေးရုံသို့ ပို့လိုက်သော်လည်း သုံးရက်လုံးလုံး ဆေးရုံတွင် ဆရာဝန်မရှိ၊ ဆေးမရှိ၊ သူနာပြုမရှိ၊ ဝေဒနာကို ခံစားနေရသည်။ သူ့ဘယ်ခြေထောက်သည် သွေးဆိပ်တက်စပြုနေပြီ။ မကြာမီ သူသေတော့မည်ကို နုမာတာ သိလေပြီ။ သူ့ချစ်သူသည် သူကို လာတွေ့လိမ့်မည်ဟု သူမျှော်သည်။ (သို့ရာတွင် သူ့ချစ်သူမှာ တိုက်ပွဲတွင် ကျဆုံးသွားပြီကို

နောင်ရက်နည်းငယ်အကြာတွင် သိခဲ့ရသည်။ ) တတိယ မြောက်နေ့တွင် ဆရာဝန်တစ်ယောက် လာကြည့်ပြီး သူ့အသက်ရှင်စေရန်အတွက် ခြေထောက်ကို ဖြတ်ပစ်ရမည်ဟု နူမာတာကို ပြောသည်။

" ဒီတော့ ကျွန်မက ဒေါက်တာရယ်၊ ကျွန်မ ခြေထောက်ကို ဖြတ်လိုက်ရင် ကျွန်မတစ်သက်မှာ ဘယ်အိမ်ထောင်ပြုလို့ရတော့မှာလဲ၊ ဘယ်မှာ အလုပ်လုပ်လို့ရတော့မှာလဲလို့ ပြောတယ်၊ ဒီတော့ ဒေါက်တာက ဒီမှာ မင်းတစ်ယောက်တည်း ဒီလို လူနာရှိတာမဟုတ်ဘူး၊ မင်းလို လူနာတွေ အများကြီးပဲ၊ မင်းစဉ်းစားထားလေလို့ ပြောပြီး ဆရာဝန်က တခြားလူနာနာတွေကို လိုက်ကြည့်နေတယ်၊ စိတ်ပျက်လိုက်တာ မပြောပါနဲ့တော့ရှင်၊ တစ်ချက်တည်းနဲ့ သေသွားပါစေလို့ပဲ ဆုတောင်းမိတယ်၊ သေပစ်လိုက်ချင်တယ် "

အမှောင်ထဲတွင် စကားပြောနေသည်ကို သူ့လိုလူနာသုံးယောက်၏အသံကို သူကြားရသည်။ သူတို့က သူ့ကို အကြံပေးနေခြင်း ဖြစ်သည်။ သူတို့ အသံများမှာ သဲသဲကွဲကွဲမရှိ။ မပီမသဝိုးတိုဝါးတားတွေဖြစ်သည်။ ပထမ အသံမှာ ထွေးနေသည်။

'ကျွန်မတော့ ယောကျ်ားသံလား၊ မိန်းမသံလား ဆိုတာတောင် ခွဲခြားလို့မရတော့ဘူး' ဟု သူက ပြောသည်။ ဒုတိယအသံမှာ စကားလုံးတော့ ကွဲသည်။ သို့ရာတွင် သူ့အသံမှာ လေသံကလေးမျှသာ ကြားရသည်။ ဘာပြောနေသည်ကို လည်း သူကောင်းကောင်းနားမလည်။

"နောက်တစ်သံလည်း မောပြီး ဟောဟဲ လိုက်နေတဲ့ အသံရှင်၊ ဒါပေမယ့် သူ့စကားလုံးတွေ ကိုတော့ သဲသဲကွဲကွဲ ကြားရတယ်၊ သူက တို့သုံးယောက်က မကြာခင် သေတော့မှာတဲ့၊ ဒါပေမယ့် နင်က ဘာမျှ မဖြစ်သေးဘူးတဲ့၊ အကောင်းကြီး ရှိသေးတယ်တဲ့၊ နင်ခြေထောက်ကလေး တစ်ဖက်ကို ဖြတ်လိုက်ရင် အသက်ရှင်နေဦးမှာတဲ့၊ ဘာဖြစ်လို့ အသေခံခမှာလဲ၊ မသေနဲ့ဦး၊ နေဦး၊ မသေနဲ့ဦး၊ မသေနဲ့ ဦး၊ ခြေထောက်ကို ဖြတ်လိုက်၊ မသေနဲ့လို့ ပြောနေတယ် ဒီတွင် ဖြတ်ပစ်မယ်လို့ ဆုံးဖြတ်ပြီး ဆရာဝန်ကို ခေါ်ပေး ပါလို့ လှမ်းပြောလိုက်တယ်"

ဤသည်မှာ ဩဂုတ်လ ၆ ရက်နေ့က ဟီရိုရှီးမား၏ ရုပ်ပုံလွှာအချို့ ဖြစ်သည်။ ကာဝါမိုတိုနှင့် နုမာတာတို့မှာ ကံကောင်းထောက်မ၍ မသေမပျောက် ကျန်ရစ်ခဲ့သူများ ဖြစ်ကြသည်။ ဩဂုတ်လ ၉ ရက်နေ့တွင် နာဂါဆာကီကို နောက်ထပ် ဗုံးတစ်လုံး ကြဲချပြန်သည်။ နှစ်မြို့ပေါင်း လူ ၁၄၀,၀၀၀ လောလောဆယ် သေဆုံးခဲ့ရပြီး ဓာတ်ရောင် ခြည်မိသည့် နောင်မျိုးဆက်များအထိ တဖြုတ်ဖြုတ်သေနေ ကြဆဲ ရှိသေးသည်။

ယခုအချိန်၌ ဟီရိုရှီးမားတွင် ချခဲ့သည့် အဏုမြူ ဗုံးသည် အလွန်ခေတ်နောက်ကျသွားကာ ထိုထက်အဆ များစွာ ပြင်းထန်သည့် ဟိုက်ဒရိုဂျင်ဗုံးတွေ ပေါ်နေလေပြီ။

သိပ္ပံပညာရှင်များ၊ ဒဿနဆရာများ၊ စာရေး ဆရာများ၊ ဘာသာရေးခေါင်းဆောင်များ၊ သမိုင်းဆရာ

များက ဟီရိုရှီးမားအဖြစ်ဆိုးနှင့် ပတ်သက်၍ ကျင့်ဝတ်အရ မည်သူတွေမှာ တာဝန်ရှိသနည်းဟု ဆွေးနွေးငြင်းခုံခဲ့ကြသည်။

အမေရိကန် ကဗျာဆရာ ရောဗတ်ပဲင်း ဝါရင်းက 'အရုဏ်သစ်'ဆိုသည့် ကဗျာတစ်ပုဒ်စပ်သည်။ ထိုကဗျာတွင် တင်နီယွန်ကျွန်း လေတပ်စခန်းမှ အီနိုလာရေး လေယာဉ်ကြီးတက်လာပုံ၊ အေအီအိုအီ တံတားပေါ်သို့ ရောက်လာပုံ၊ ဗုံးကြဲချပုံတို့ကို ဖွဲ့ခဲ့သည်။ 'ကမ္ဘာကြီး၏ အလင်းရောင် / ပြောင်းသွားခဲ့ပြီ / အိပ်မက်တစ်ခုလို အရောင်ပြောင်းသွားခဲ့ပြီ'ဟု ဖွဲ့ကာ အီနိုလာဂေး လေ ယာဉ်ပေါ်မှ အဖွဲ့သားများ၏ အောင်ပွဲကျင်းပပုံတို့ကို ဖွဲ့ပြီးနောက် အောက်ပါစာကြောင်းများဖြင့် အဆုံးသတ်ထားသည်။

အိပ်မပျော်ခင်မှာ တချို့လူတွေ စဉ်းစားမယ်ဆိုတာ
ဘာမျှ ယုံမှားဖွယ်မရှိ
တစ်ယောက်ကတော့ တွေးမိတယ်။
ငါ့တစ်ယောက်တည်းမှာ (တာဝန်ရှိတယ်။)
ဒါပေမယ့် တချို့ကျတော့လည်း
ဘုရားသခင်နဲ့ ကရုဏာတော်နဲ့
သူရာမူးယစ်မှုထဲမှာ
မည်းနက်တဲ့ မျက်နှာကျက်ကြီးကို
ကြာကြာငေးစိုက်ကြည့်မနေဘဲ (အိပ်ပျော်သွားတယ်)

ရောဗတ်ပဲဝင်းဝါရင်းသည် ဟီရိုရှီးမား၊ အီနိုလာဂေး လေယာဉ်အဖွဲ့သားများ၏ အိပ်မပျော်သော ညများနှင့်

အိပ်မပျော်သော ညများတွင် မြင်မက်သည့် ခြောက်အိပ်မက်များအကြောင်းကို ရေးပြသွားခဲ့သည်။

အဏုမြူဗုံးကြံချရန် ဆုံးဖြတ်ပေးခဲ့သည့် သမ္မတထရူးမင်းက မိမိ ထိုဆုံးဖြတ်ချက်ကို ပေးရခြင်းမှာ အလွန်ရိုးစင်း၍ ရှောင်လွှဲမရတော့သော အကြောင်းကြောင့် ပေးရခြင်းဖြစ်သည်။ ထိုအကြောင်းမှာ ဒုတိယ ကမ္ဘာစစ်ကြီးကို အဆုံးသတ်ရေးဖြစ်သည်ဟု မကြာခဏ အလေးနက် ထုတ်ဖော်ပြောဆိုခဲ့သည်။ အဏုမြူဗုံးကို ထုတ်လုပ်ရာတွင် ခေါင်းဆောင်ခဲ့သည့် ဇျူကလီးယား သိပ္ပံပညာရှင် အိုပင်ဟိုင်းမားက "ခပ်ရှင်းရှင်း ပြောရရင် ကျွန်တော်တို့ သိပ္ပံပညာရှင်တွေဟာ မဟာပြစ်မှု ဒုစရိုက်ကို နားလည်ခဲ့ကြပြီ၊ အဲဒီအသိကို ကျွန်တော်တို့ ဘယ်တော့မှ ဖျောက်ပစ်လို့ရတော့မှာ မဟုတ်ဘူး" ဟု သိပ္ပံပညာရှင်များ၏ ကွန်ဖရင့်တစ်ခုတွင် ပြောခဲ့သည်။ သိပ္ပံပညာရှင်များသည် လူသားများအနေဖြင့် ယခင်က ပြစ်မှုဒုစရိုက်၏ သဘောကို မသိခဲ့ကြောင်း၊ အဏုမြူဗုံးကို ထုတ်လုပ်ပြီးမှ ပြစ်မှုဒုစရိုက်သဘောကို နားလည်လာခြင်းဖြစ်ကြောင်း အိုပင်ဟိုင်းမားက ဖြောင့်ချက်ပေးသွားခြင်း ဖြစ်သည်။

အီနိုလာဂေး လေယာဉ်ပေါ်မှ အဖွဲ့သား တစ်ဦးက "ဘုရားရေ ကျွန်တော်တို့ ဘယ်လိုလုပ်လိုက်တာလဲ မသိဘူး"ဟု မြည်တမ်းကာ နောက်တစ်ယောက်မှာ စိတ္တဇဆေးရုံတွင် ကွယ်လွန်သွားခဲ့သည်။

သို့ဖြစ်လျှင် 'အစွယ်လိုချင်သူ မိဖုရား၊ အသွားစေ

http://www.cherrythitsar.org

ခိုင်းသူ မင်းဧရာဇ်၊ လေးပစ်သူ ကျွန်တော်မျိုး’တို့အနက် မည်သူ့တွင် ကျင့်ဝတ်ရေးရာအရ တာဝန်ရှိသနည်း။

ကမ္ဘာကြီးသည် လွန်ခဲ့သည် ရာစုနှစ်တစ်ဝက်လုံးလုံး ထိုမေးခွန်းကို မေးခဲ့ကြသည်။

သို့ရာတွင် ဟီရိုရှီးမား အဖြစ်ဆိုး ပြီးသည်နောက် မကြာမီတွင် အမေရိကန်စာရေးဆရာ ဂျိမ်းအဂီး က ဟီရိုရှီးမားအဖြစ်ဆိုးအတွက် လူကုဋေလုံးတစ်ဦးစီတွင် တာဝန်ရှိကြောင်းဖြင့် ချက်ချင်းထောက်ပြခဲ့ပါသည်။

သူ့အဆိုသည် မှတ်သားဖွယ်၊ သင်ခန်းစာယူဖွယ်၊ ဆင်ခြင်ဖွယ် ဖြစ်ပါသည်။ သူ့အဆိုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

‘အဏုမြူဗုံးသည် စကြဝဠာကြီးကို ထက်ခြမ်းခွဲလိုက်ပြီးနောက် လောက္က အတိုင်းအဆမရှိသော အံ့ဖွယ်သရဲတို့သည် ဖြစ်နိုင်ဖြစ်တတ်ကြကုန်၏’ ဟူသော သဘောကို ဖွင့်လှစ်ပြခဲ့လေသည်။ တစ်ချိန်တည်းမှာပင် လူတိုင်း၊ လူတိုင်းသည် မိမိတို့၏ ဝိညာဉ်(လိပ်ပြာ)အတွက် တာဝန်ရှိကြောင်းကိုလည်း ဖွင့်လှစ်ပြခဲ့လေသည်။

■

## နရသီဟပတေ့မင်း၏ ဟင်းချက်များ၊ ချောင်ဆက်စကူး၏ ရှုပ်အကျီများနှင့် အီမယ်လ်ဒါမားကိုဖ်စ်၏ လေဒီရှူးများ

တော်လ်စတွိုင်း၏ စစ်နှင့် ငြိမ်းချမ်းရေး ဝတ္ထုထဲ တွင် အခန်းတစ်ခန်းပါသည်။ ထိုအခန်းတွင် (အဓိက ဇာတ်ဆောင်) ပီယာသည် မော်စကိုမြို့ကြီး မီးလောင်နေစဉ် ကလေးငယ်တစ်ယောက်ကို မီးထဲမှကယ်ရင်း ပြင်သစ်တို့၏ အကျဉ်းသားအဖြစ် အဖမ်းခံခဲ့ရသည်။

ပြင်သစ်တို့၏ လက်တွင် အဖမ်းခံရစဉ် ပီယာသည် ကြီးစွာသော ဆင်းရဲဒုက္ခနှင့် ကြုံတွေ့ရသည်။ လူတစ်ယောက် အဆုံးစွန်းခံနိုင်သော ဒုက္ခဆင်းရဲမျိုးကို ကြုံတွေ့ခဲ့ရသည်။ သို့ရာတွင် မိမိကျန်းမာရေး ကောင်းမွန်

ခြင်း၊ ကိုယ်ခန္ဓာ တောင့်တင်းကြံ့ခိုင်ခြင်းနှင့် အထူးသဖြင့် ဆင်းရဲဒုက္ခသည် မည်သည့်အချိန်က စတင်ခဲ့သည်ဟု မပြောနိုင်လောက်အောင် တဖြည်းဖြည်းမသိမသာ ပေါ် ပေါက်လာခဲ့ခြင်းတို့ကြောင့် ပီယာသည် သူရောက်ရှိ ကြုံ တွေ့နေရသော ဆင်းရဲဒုက္ခတို့ကို ဝမ်းသာရွှင်လန်းစွာ လက်ခံနိုင်ခဲ့သည်။ ထိုအခါကျမှပင် သူအပတ်တကုတ် ရှာဖွေခဲ့သော စိတ်၏ငြိမ်သက်ခြင်းနှင့် စိတ်၏ချမ်းမြေ့ ခြင်းတို့ကို ရရှိခဲ့သည်။

ယခင်က ပီယာသည် စိတ္တပသာဒဒ္ဓိဟု ဆိုကြသော စိတ်၏ ကြည်လင်ချမ်းမြေ့မှုနှင့် အတွင်းအဇ္ဈတ္တသန္တာန်၏ ညီညွတ်ခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် ရှာဖွေခဲ့ဖူးသည်။ အသောက်အစား အပျော်အပါးတို့ကို ခံစားခဲ့ဖူးသည်။ လိုလေသေးမရှိ ကာမဂုဏ်ချမ်းသာတို့ကို ခံစားခဲ့ဖူးသည်။ သို့ရာတွင် စိတ်၏ ငြိမ်းချမ်းခြင်းကို ရှာ၍ မတွေ့။

သူသည် အများကောင်းကျိုးကို ဆောင်ရွက်ခဲ့ဖူး သည်။ ပရဟိတ လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ဖူးသည်။ ညီအစ်ကိုတော် ဂိုဏ်း၏ တရားများ တွင် သက်ဝင်ယုံကြည်ခဲ့ဖူးသည်။ သူရဲကောင်းဆန်ဆန် ဖြင့် ကိုယ်ကျိုးစွန့်ပြခဲ့ဖူးသည်။ သို့ရာတွင် စိတ်၏ငြိမ်း ချမ်းခြင်းကို ရှာမတွေ့။

သူသည် နုနယ်ပျိုမြစ်သည့် နာတာရှာကိုစိတ်ကူး ယဉ်အချစ်ဖြင့် ချစ်ခဲ့ဖူးသည်။ ကျောင်းဆောင်ခြင်း၊ လူ အိုရုံဆောင်လုပ်လှူဒါန်းခြင်း၊ မြေကျွန်များကို ကျွန်အဖြစ်

မှ ကင်းလွတ်ခွင့်ပေးခြင်းကို ရှာဖွေခဲ့ဖူးသည်။ သို့ရာတွင် သူရှာဖွေနေသော စိတ်၏ငြိမ်းချမ်းခြင်းကို မတွေ့။

လောကတွင် စည်းစိမ်ချမ်းသာတို့ဖြင့် မတောင့်မတ၊ မကြောင့်မကြ နေရပါလျက် အဘယ့်ကြောင့် စိတ်၏ ငြိမ်းချမ်းခြင်းကို မရသနည်းဟု သူ့ကိုယ်သူ နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။

ပြင်သစ်တို့၏ အကျဉ်းသား ဖြစ်ရသည့်အခါတွင်မူ ပီယာသည် အသိတရားတစ်ခုကို ရလာခဲ့သည်။ ထိုအသိ တရားမှာ အခြားမဟုတ်။ လောက၌ မတောင့်မတ၊ မကြောင့်မကြ နေရခြင်းသည် လူ၏စိတ်ချမ်းမြေ့ပျော်ရွှင်မှုကို မပေးနိုင်။ တောင့်တသော အရာကို တောင့်တသည့် အချိန်တွင် ရရှိခဲ့ခြင်းဖြင့်သာလျှင် လူ၏ စိတ်ချမ်းမြေ့မှုကို ပေးနိုင်သည်ဆိုသော အသိတရား ဖြစ်သည်။

လောက၌ အနာရောဂါကင်းစွာနေခြင်း၊ လူတစ်ယောက် အသက်ရှင်နေနိုင်ရန် မရှိမဖြစ်သည့် အခြေခံလိုအပ်ချက်များ ပြည့်စုံခြင်း၊ ယင်းနှင့်အတူ မိမိ၏အလုပ်ကို လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိခြင်းစသည့် အချက်များသည် လူ၏ ပြည့်စုံသော ပျော်ရွှင်မှုဖြစ်ကြောင်းကို သူ သဘောပေါက်လာခဲ့သည်။ ဆာလောင်မွတ်သိပ်သောအခါ၌ အစားစားရခြင်း၊ ရေငတ်သောအခါ၌ ရေသောက်ရခြင်း၊ အိပ်စက်ခြင်းပြုလိုသောအခါ၌ အိပ်စက်ရခြင်း၊ ချမ်းသောအခါ၌ နွေးထွေးစွာနေရခြင်း၊ စကားစမြည် ပြောလို

သောအခါနှင့် လူတစ်ယောက်အသံကို ကြားလိုသောအခါ၌ လူသားတို့အချင်းချင်း စကားပြောရခြင်း စသည်တို့သည် မည်မျှအရသာရှိကြောင်းကို အကျဉ်းထောင်ထဲတွင် နေစဉ်ဘဝတွင် ပထမဆုံးအကြိမ် သူသဘောပေါက်လာခဲ့သည်။ ကောင်းမွန်စွာ စားသောက်ရခြင်း၊ သန့်ရှင်းစွာ နေထိုင်ရခြင်း၊ လွတ်လပ်စွာ နေထိုင်ရခြင်း စသည်တို့သည် လူ၏အခြေခံလိုအပ်ချက်ဖြစ်ကြောင်၊ လူ၏အထွတ်အထိပ်ဖြစ်သော ပျော်ရွှင်မှုဖြစ်ကြောင်း၊ လူ၏အခြေခံလိုအပ်ချက်တို့ကို ကျော်လွန်ကာ အလျှံပယ်ပေါများခြင်း၊ စည်းစိမ်ချမ်းသာကို ခံစားခြင်း စသည်တို့သည် စိတ်၏ချမ်းမြေ့မှုကို ရနိုင်သည့်နည်းလမ်းများ မဟုတ်ကြောင်းကို သူသဘောပေါက်လာခဲ့သည်။

သို့ဖြင့် စိတ်၏ချမ်းမြေ့မှုကို ရနိုင်သည့် နည်းလမ်းသည် စည်းစိမ်ချမ်းသာတို့ အလျှံပယ် ပေါကြွယ်ခြင်း မဟုတ်၊ လူ၏အသက်ရှင်ရေးအတွက် အခြေခံလိုအပ်ချက်များ ပြည့်စုံရေးသာဖြစ်သည်ဟူသော သဘောကို တော်လ်စတွိုင်းက သာဓကထူ၍ ပြခဲ့သည်။

တော်လ်စတွိုင်းသည် ထိုတရား၊ ထိုဒဿနကို ပါးစပ်ကသာ ပြောသည်မဟုတ်။ နောက်ပိုင်းတွင် သူကိုယ်တိုင် လက်တွေ့လုပ်ဆောင်ပြခဲ့သည်။ သူ့တွင်ရှိ သည့် စည်းစိမ် ဉစ္စာတို့ကို စွန့်လွှတ်ကာ သူတော်စင်တစ်ဦးလို နေသွားခဲ့သည်။

သို့ရာတွင် လောက၌ ထိုတရား၊ ထိုဒဿနကို

သဘောပေါက်ရန် မလွယ်ပါ။ လက်တွေ့ကျင့်ရန်မှာ သာ၍ ပင် မလွယ်ပါ။

အများအားဖြင့် ထိုတရား၊ ထိုဒဿနနှင့်ဆန့်ကျင် လုပ်ဆောင်သူတို့သာ များပါသည်။ အစားအသောက်ကို ကိုယ်စားနိုင်သည်ထက် စားလိုကြပါသည်။ အဝတ်အထည် ကို ကိုယ်ဝတ်နိုင်သည်ထက် ဝတ်လိုကြပါသည်။ စည်းစိမ် ချမ်းသာကို လူတစ်ယောက်ခံစားနိုင်သည်ထက် ပို၍လိုချင် ကြသူတို့သာ များပါသည်။ ဤသို့ဖြင့် တဏှာအလိုသို့ လိုက်နေကြပါသည်။

နရသီဟပတေ့မင်းသည် တစ်ခါပွဲတော်တည်လျှင် ဟင်းခွင်သုံးရာဖြင့် ပွဲတော်တည်သည်ဟု ဆိုပါသည်။ လက်တွေ့တွင်မူ ဟင်းခွက်သုံးရာစေ့အောင် နှိုက်ဖို့ပင် မလွယ်ပါ။ အီဂျစ်ပြည် ဖာရောက်ဘုရင်သည် တစ်ပတ် လျှင် ကမာအကောင် ၆၀၀ စားသည်ဟု ဆိုပါသည်။ ဖာရောက်ဘုရင်၏ ဘိုးတော်ဖြစ်၍ ၁၈၉၅ခုနှစ်တွင် နတ် ရွာစံခဲ့သော ခေဒိုက်အီမာန်ဘုရင်သည် ရှန်ပိန်အရက် နှစ်လုံးကိုတစ်ကြိမ်တည်းဖြင့် ဆက်တိုက်သောက်သုံးသည် ဟု ဆိုပါသည်။ ထိုအီစမန်ဘုရင်ကြီးတွင် မောင်းမကိုယ် လုပ်တော် ၃၀၀၀ ရှိသည်ဟု ဆိုပါသည်။

၁၈ ရာစုနှစ်တုန်းက ဇောတိကလက်သစ်ဟု ဆိုနိုင်သော ပြင်သစ်ကုန်သည်ကြီးတစ်ဦးဖြစ်သည့် ဗိုးဂျင်း ဆိုသူ ရှိပါသည်။ သူ့အကြောင်းကိုရေးရာ၌ ‘သူသည် အုံ့မခန်း လောက်အောင် ခမ်းနားတင့်တယ်သော

ပန်းဥယျာဉ်များကို ပိုင်ဆိုင်၏။ သို့ရာတွင် သူသည် လွန်စွာဝလွန်း၊ ဆူဖြိုးလွန်းလှသဖြင့် ထိုပန်းဥယျာဉ်များ ထဲတွင် လမ်းမလျှောက်နိုင်ချေတကား။ သူ့တွင် လှပ ခမ်းနား၍ မရေတွက်နိုင်သော အိပ်ခန်းအဆောင် ဆောင် တို့ရှိသည့်တိုင် အိပ်မပျော်သော ရောဂါကြောင့် အိပ်စက်၍ မပျော်နိုင်ချေတကား။ ပန်းကြွေပန်းနွယ် အသွယ်သွယ် တို့သဏ္ဌာန် ထုဆစ်ထားသော နှင်းဆီခင်းပုံ ရွှေပိန်းချ စက်ရာအပေါ်၌ ကြောက်ဖွယ်ဝဖြိုး ဖောသွတ်လျက် ရှိသည့် ခေါင်းပြောင်ပြောင် အဘိုးအိုသည် လူးလှိမ့်လျက် ရှိသည်တကား’ ဟု ပြင်သစ် သမိုင်းဆရာ မီရီယန်ဘီးယတ် က ရေးခဲ့သည်။

ရောမဧကရာဇ်ဘုရင် အီလာဂါဘာလုသည် သူ့ ကျေးကျွန်များအား ပင့်ကူအိမ် အလေးချိန် ပေါင် ၁၀,၀၀၀ စုဆောင်းရမည့်ဟု အမိန့်ထုတ်လိုက်သည်။ ကျေးကျွန်တို့ က သူအရှာခိုင်းလိုက်သည့် ပင့်ကူအိမ်ပေါင် ၁၀,၀၀၀ ကို ရရှိလာသည့်အခါ၌ ‘ငါ၏ ရောမမြို့တော်ကြီး မည်မျှ ကြီးမားကျယ်ဝန်းသည်ကို ကြည့်ကြကုန်’ ဟု ကြွားဝါခဲ့ သည်။

ပြင်သစ်ပြည် ဆယ့်လေးဆက်မြောက် လူဝီဘုရင် သည် စိန်စီသော အင်္ကျီတစ်ထည်ကို ဆင်မြန်းခဲ့သည်။ သူ့စိန်အင်္ကျီသည် ၁၈ ရာစုနှစ် တန်ဖိုးဖြင့် တွက်လျှင် ဖရန့်ငွေ ၁၄ သန်းတန်သည်ဟု အဆိုရှိသည်။

အိန္ဒိယပြည် နိုင်ဇမ် စော်ဘွားတွင် မော်တော်ကား

ရာပေါင်းများစွာ ရှိသည်ဟု ဆိုသည်။ သို့ရာတွင် ထိုမော်တော်ကားများကို စေ့အောင်မျှ မစီးနိုင်ခဲ့။

ဤသို့ဖြင့် လောကကြီးတွင် အလျှံပယ် ပေါကြွယ်သူတို့သည် ထို့ထက်ပေါများ ကြွယ်ဝအောင် အမြဲတမ်း ကြံစည်နေကြသည်။ လှုပ်ရှားနေကြသည်။ ထိုစည်းစိမ်ချမ်းသာတို့ဖြင့် ကာမဂုဏ် အာရုံခံစားကြသည်။ စိတ်၏ချမ်းမြေ့မှုကို ရနေသည်ဟု ထင်နေကြသည်။

သူတို့၏ စည်းစိမ်၊ သူတို့၏ ချမ်းသာ၊ သူတို့၏ လောဘ၊ သူတို့၏ ရမ္မက်၊ သူတို့၏ မောဟတို့သည် သမိုင်းတွင် စာတင်လောက်သည်။

ထိုသို့သော ပုဂ္ဂိုလ်တို့သည် ရောမခေတ်ကလည်း ရှိသည်။ ခေါမခတ်ကလည်း ရှိသည်။ ခေတ်လယ်တွင်လည်း ရှိသည်။ ခေတ်သစ်တွင်လည်း ရှိသည်။ ခရစ်မပေါ်မီကလည်း ရှိသည်။ ခရစ်ပေါ်ထွန်းပြီးနောက်တွင်လည်းရှိသည်။ ၁ ရာစုတွင်လည်း ရှိသည်။ ၁၀ရာစုတွင်လည်းရှိသည်။ ၂၀ ရာစုတွင်လည်း ရှိသည်။

ဘာကြာသေးသနည်း ။

ရှုမေးနီးယားနိုင်ငံ အာဏာရှင် ချောင်ဆက်စကူးသည် ရှပ်အင်္ကျီတစ်ထည်ကို တစ်ခါသာ ဝတ်သည်ဟု အဆိုရှိသည်။ ချောင်ဆက်စကူးသည် တစ်နေ့လျှင် မနက်စာ ဝတ်စုံနှင့် ညစာဝတ်စုံ အနည်းဆုံး နှစ်စုံတော့လဲလိမ့်မည်။ သို့ဆိုလျှင် ချောင်ဆက်စကူးသည် တစ်နေ့ကို ရှပ်အင်္ကျီ နှစ်ထည်ကုန်သည်။ တစ်လကို အထည် ၆၀ ကုန်

သည်။ တစ်နှစ်ကို ရှပ်အင်္ကျီအထည် ၇၂၀ ကုန်လိမ့်မည်။ သူ့ရာဇပလ္လင်ပေါ်တွင် ရှိနေစဉ်ကာလ၌ တစ်ခါသာ ဝတ်ပြီး စွန့်ပစ်ခဲ့သော ရှပ်အင်္ကျီပေါင်း နှစ်သောင်းနှင့် သုံးသောင်းကြား ရှိပေလိမ့်မည်။

ဖိလစ်ပိုင် သမ္မတဟောင်း မားကို့စ်နှင့် အီမယ်လ်ဒါ မားကို့စ်တို့၏ နန်းတော်ထဲမှ တွေ့ရသည့် စာရင်းများသည်လည်း ကြောက်ဖွယ်လိလိဖြစ်နေသည်။ ဘဏ်တိုက်တစ်ခုတွင် သန်းတစ်ထောင်၊ အခြား ဘဏ်တိုက်တစ်ခုတွင် သန်းရှစ်ရာ၊ မင်ဟတ်တန်တွင် မျှော်စင်ရုံးကြီးတစ်ခု၊ လောင်းအိုင်လင် တွင် မြစ်ဆိပ် ပိုင်စားနယ်မြေကြီးတစ်ခု၊ ဖိလစ်ပိုင်တွင် ကျေးလက်စံအိမ်ပေါင်း ဒါဇင်ပေါင်းများစွာ၊ မားကို့စ်၏ မွေးရပ်ဇာတိတွင် နောက်ထပ်နန်းတော် တစ်ဆောင်။

ထို့နောက် အီမယ်လ်ဒါးမားကို့စ်၏ လေဒီရှူး အရန် ၂၇၀၀၊ သို့မဟုတ် ဖိနပ်ပေါင်း ၅၄၀၀။

ကမ္ဘာတွင် အချမ်းသာဆုံး သူကြွယ်တစ်ဦး ဖြစ်သည့် ဆိုဖီတပ်ကားက ‘ကျွန်မသည် မွဲလည်း မွဲခဲ့ဖူးသည်။ ချမ်းလည်း ချမ်းသာခဲ့ဖူးပါသည်။ မွဲရသည်နှင့်စာလျှင် ချမ်းသာရသည်က ပိုကောင်းပါသည်’ ဟု ပြောခဲ့ဖူးသည်။ မှန်ပါသည်။ ပုထုဇဉ်တိုင်း ချမ်းသာလိုကြသည်မှာ ဘာမျှ အပြစ်ဆိုဖွယ်မရှိ။ သူတော်စင် မဟုတ်သေးသရွေ့၊ ပီယာလို သဘောမပေါက်သေးသရွေ့၊ တော်စတွိုင်းလို မမြင်နိုင်သေးသရွေ့ ချမ်းသာလိုကြမည်မှာ ဓမ္မတာဖြစ်သည်။

ချမ်းသာသူတိုင်းသည် ချောင်ဆက်စကူးလို ရှပ်အင်္ကျီတစ်ထည်ကို တစ်ခါသာ ဝတ်မည်ဆိုသည့် စိတ်ကူးမျိုး ရှိမည်မထင်။ အီးမယ်လ်ဒါမားကို့စ်လို ဖိနပ်အရန်ပေါင်း ၂၇၀၀ ကို စီးရန် စိတ်ကူးမည် မထင်။ နိုင်ဇမ်စော်ဘွားလို မော်တော်ကား ရာပေါင်းများစွာ စီးဖို့ စိတ်ကူးမည်မထင်။

အီမယ်လ်ဒါမားကို့စ်သည် တစ်နေ့ကို ဖိနပ်သုံးရံလဲ၍ စီးလျှင်ပင် သူ့ဖိနပ်တွေ ကုန်အောင် နှစ်နှစ်ခွဲ နီးပါးစီးရလိမ့်မည်။ ထိုအထဲတွင် အီမယ်လ်ဒါမားကို့စ်သည် လေဒီရှုးများကို နောက်ထပ် ဝယ်နေဦးမည်ဖြစ်ရာ ထိုအတိုင်းဆိုလျှင် သူ့တစ်သက်တွင် ဖိနပ်များကိုကုန်အောင် စီးသွားနိုင်မည်မဟုတ်။

သို့ဖြစ်လျှင် အီမယ်လ်ဒါမားကို့စ်သည် သူမမစီးနိုင်သော လေဒီရှူးများကို ဘာကြောင့် စုဆောင်းနေရသနည်း။ အီစမန်ဘုရင်ကြီးသည် သူပေါင်းသင်းခြင်း မပြုနိုင်သော ကိုယ်လုပ်တော် ၃၀၀၀ ကို ဘာကြောင့် ထားနေရသနည်း။ နိုင်ဇမ်စော်ဘွားသည် သူမစီးနိုင်သော မော်တော်ကား ရာပေါင်းများစွာကို အဘယ့်ကြောင့် ဝယ်ထားသနည်း။

တောပစ်ဝါသနာပါသလို၊ စစ်တုရင်ဝါသနာပါသလို၊ အလောင်းအစား ဝါသနာပါသလို ဝါသနာပါလို့ဟူသော အကြောင်းမှတစ်ပါး အခြားဖြေစရာမရှိ။ တစ်နည်းပြောရလျှင် အီစမန်ဘုရင်၊ နိုင်ဇန်စော်ဘွား၊

ချောင်ဆက်စကူးနှင့် အီမယ်ဒါမားကိုစ်တို့တွင် ထိုသို့သော ဝါသနာမျိုးကိုဖြစ်ပေါ်စေမည့်၊ ထိုဝါသနာမျိုးကို နှိုးဆွပေးသည့် ဟော်မုန်းဓာတ်များ ရှိနေသောကြောင့် ဖြစ်သည်ဟုသာ ပြောရတော့မည် ထင်သည်။

တစ်နည်း စဉ်းစားနိုင်သေးသည်။ အဘယ်ကြောင့် ချမ်းသာချင်သနည်း။ အဘယ်ကြောင့် စည်းစိမ်ချမ်းသာ ရှိချင်သနည်း။

မိမိကြိုက်သလိုနေရန်၊ မိမိကြိုက်သလိုစားရန်၊ မိမိကြိုက်သလိုသုံးစွဲရန်၊ တစ်နည်းပြောရရင် လွတ်လပ်မှုကို ဝယ်ရန် ဖြစ်သည် (ဝါ) သူတစ်ပါးအလိုကျ နေထိုင်ရခြင်းမှ လွတ်ကင်း၍ ကိုယ့်အလိုကျ နေထိုင်ရန်ဖြစ်သည်။

အီမယ်လ်ဒါများကိုစ်သည် လေဒီရှူးအရန်ပေါင်း ၂၇၀၀ကို ဝယ်ခြင်းမှာ စီးရန်မဟုတ်။ စီးသည့်အခါတွင် ကိုယ်ကြိုက်သည့် ဖိနပ်ကို ရွေးချယ်နိုင်ရန် ဖြစ်သည်ဟု စဉ်းစာနိုင်သည်။

ထိုဆန္ဒများသည် လောဘမှပေါ်ထွက်လာခြင်းသာ ဖြစ်လေသည်။ 'သင့်တွင် ဥစ္စာပြည့်စုံကုံလုံလျှင် ယင်းတို့ကိုရောင်းချ၍မရှိဆင်းရဲသားများအား ပေးဝေလေ။ ထိုအခါ၌သင်သည် ကောင်းကင်ဘုံတွင်စည်းစိမ်ချမ်းသာတို့ကိုရမည်ဟု ခရစ်တော်က ဟောခဲ့သည်။ သို့ရာတွင် 'ဖာရောက်စ်ဘုရင်နိုင်ဇမ်စော်ဘွား၊ ချောင်ဆက်စကူးနှင့်မားကိုစ့်တို့ကား မရှိဆင်းရဲသူတို့၏ ပါးစပ်မှ လုယူ၍ သူတို့သည် စည်းစိမ်ချမ်းသာတို့ကို မြေကြီးပေါ်တွင်စု

ဆောင်းကြသည်။

သို့ရာတွင် ထိုသို့ လောဘဇောတိုက်မှုမျိုးကို ဖရွိုက် ၏ စိတ်သရုပ်ခွဲပညာဖြင့် ခွဲခြမ်းစိတ်ဖြာ ကြည့်ရန် မလိုပါ။ ယင်းသို့သော လောဘဇောသည် ရက်စက် ကြမ်းကြုတ်မှုမျိုးသာဖြစ်လေသည်။ မောဟ၏ အစိတ်အပိုင်း တစ်ခုသာဖြစ်လေသည်။

လောဘ၌ လိုလေသေးမရှိ ပြည့်စုံခြင်းသည် စိတ်၏ ချမ်းမြေ့မှုကို မရနိုင်။ တောင့်တသည့်အခါတွင် လိုသော အရာကို ရခြင်းသာလျှင် စိတ်၏ချမ်းမြေ့မှုကို ရနိုင်သည်ဟု တော်လ်စတွိုင်းက ဆိုခဲ့သည်။

ပြင်သစ်တို့လက်တွင် အကျဉ်းသား ဖြစ်ရသော ပီယာကား တောင့်တသော အချိန်တွင် လူတို့အသက်ရှင်ရန် လိုအပ်သော အခြေခံအရာတို့ကို ရရှိသဖြင့် စိတ်၏ ချမ်းမြေ့မှုကို ရခဲ့လေသည်။

သို့ရာတွင် အီမယ်လ်ဒါမားကို့စ်၏ လေဒီရှူး အရန် ၂၇၀၀ တို့ကား သူမ၏အိပ်မပျော်သော ညများတွင် ခြောက်အိမ်မက်များ ဖြစ်နေပေလိမ့်မည်။

■



## စစ် – ငြိမ်း သံသရာ

ခရစ်သက္ကရာဇ် ၁၉၃၄ ခုနှစ်တွင် 'သမိုင်းကိုလေ့လာခြင်း' ဆိုသည့် သမိုင်းကျမ်းကြီးတစ်စောင် ပေါ်ထွက် ခဲ့သည်။ ပထမအသုတ်အဖြစ် အတွဲ သုံးတွဲကို ၁၉၃၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဒုတိယအသုတ်အဖြစ် အတွဲ သုံးတွဲကို ၁၉၃၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ တတိယ အသုတ်အဖြစ် အတွဲ လေးတွဲ (အတွဲ ၇မှ၊ အတွဲ ၁၀)ကို ၁၉၅၄ခုနှစ်တွင် အပြီးသတ်ထုတ်ဝေခဲ့သည်။ ပထမတွဲနှင့် နောက်ဆုံးတွဲ ထုတ်ဝေခဲ့သည့် ကာလသည် အနှစ်နှစ်ဆယ် ကွာခြား သည်။

အတွဲ ဆယ်တွဲရှိ ထိုကျမ်းကြီးသည် စာမျက်နှာ ပေါင်း ၆,၂၉၀၊ စာလုံးရေ ၃,၁၅၀,၀၀၀ ခန့်နှင့် အညွှန်း

စာရင်း ၁၉,၀၀၀ ရှိပြီး အညွှန်း စာမျက်နှာချည်း ၃၃၂ မျက်နှာရှိသည်။

ထို 'သမိုင်းကို လေ့လာခြင်း' ကျမ်းကြီးကို ပြုစုသူမှာ ဗြိတိသျှသမိုင်းဆရာကြီး ပါမောက္ခ အာနိုး တွိုင်ဘီဖြစ်သည်။ သူ့သမိုင်းကျမ်းကို မတ်ဝါဒသမားများ၊ လက်ဝဲဝါဒကို လက်ခံကြသည့် သမိုင်းဆရာများက ဝေဖန် တိုက်ခိုက်ခဲ့ကြသည်။ လစ်ဘရယ် ဒီမိုကရေစီဝါဒကို လက်ခံသည့် သမိုင်းဆရာများကလည်း ဝေဖန်တိုက်ခိုက်ခဲ့ကြသည်။ အချို့သော ဗုဒ္ဓ ဘာသာဝင် သမိုင်းဆရာများက လက်ခံခဲ့ကြပြီး အချို့သော ခရစ်ယာန် ဘာသာဝင် သမိုင်းဆရာများကလည်း ဝေဖန်တိုက်ခိုက်ခဲ့ကြသည်။

တွိုင်ဘီသည် သမိုင်းကို ကြည့်မြင်ရာတွင် လူပုဂ္ဂိုလ် များကိုလည်း အရေးမထား။ သူ့အဖို့ နေဘူခက်နေဇာနှင့် နပိုလီယန်၊ ရှားလမိန်းနှင့် ရှီဟွန်တီ၊ အက်လက်ဇန္ဒြနှင့် အနော်ရထာ၊ ဟန်နီဘောနှင့် ဟီရိုဟီတို၊ လက်ကွန်းနှင့် လီနင်၊ ပီတာဘုရင်နှင့် ပုတ်ရဟန်းမင်းကြီး စသည့် လူ ပုဂ္ဂိုလ်များသည် သမိုင်းက လေ့လာရမည့် ယူနစ်များ မဟုတ်။

အလားတူပင် ပြင်သစ်နှင့် ဂျပန်၊ စပါးတားနှင့် စပိန်၊ တရုတ်နှင့် တူရကီ၊ ပိုလန်နှင့် ပိုလီနီရှန်းသည့် ကမ္ဘာပေါ်ရှိ လူမျိုးများသည်လည်း သမိုင်းက လေ့လာရမည့် ယူနစ်များမဟုတ်။

သမိုင်းကလေ့လာရမည့် ယူနစ်မှာ ကမ္ဘာတွင်

ပေါ် ထွန်းခဲ့သည့် ယဉ်ကျေးမှုကြီးများသာ ဖြစ်သည်ဟု ပါမောက္ခ တွိုင်ဘီယူဆသည်။ ကမ္ဘာပေါ်တွင် ယခုအချိန်အထိ ယဉ်ကျေးမှုကြီးပေါင်း ၂၉ ခု ထွန်းကားခဲ့သည်။ ယင်းတို့အနက် ယဉ်ကျေးမှုကြီး သုံးခုသည် ယဉ်ကျေးမှုကြီးအဖြစ် ထွန်းကားခြင်းမပြုမီ သန္ဓေသားဘဝတွင် ပျက်စီးသွားခဲ့ကြသည်။ ထိုယဉ်ကျေးမှု သုံးခုကို ပါမောက္ခ တွိုင်ဘီက 'လျှောမွေး' ယဉ်ကျေးမှုဟု အမည်ပေးထားသည်။ နောက်ယဉ်ကျေးမှုငါးခုမှာ မွေးဖွားလာခဲ့သော်လည်း ဖွံ့ဖြိုးကြီးထွားခြင်း မရှိတော့ဘဲ 'ရပ်တန့်' သွားသော ယဉ်ကျေးမှုဖြစ်သည်။ ထို့ကြောင့် 'လျှောမွေး' ယဉ်ကျေးမှု သုံးခုနှင့် 'ရပ်တန့်' သွားသော ယဉ်ကျေးမှု ငါးခုတို့ကို ဖယ်လိုက်လျှင် ကမ္ဘာ့သမိုင်းတွင် ထွန်းကားခဲ့သည့် ယဉ်ကျေးမှုကြီးပေါင်း ၂၁ခုသာ ရှိသည်ဟု ပါမောက္ခ တွိုင်ဘီက ရေတွက်ပြသည်။

ပါမောက္ခ တွိုင်ဘီက ယဉ်ကျေးကြီး ၂၁ ခုကို ရေတွက်ပြပြီးနောက် ထိုယဉ်ကျေးမှုကြီးများ၏ အတက်နှင့်အကျ၊ အဆန်းနှင့် အဆုတ်၊ အမြင့်နှင့် အနိမ့်တို့ကို ခြေရာခံပြသည်။ ယဉ်ကျေးမှုကြီးတိုင်းတွင် အပိုင်းအခြား လေးခုရှိကြောင်း၊ ယင်းတို့မှာ မွေးဖွားချိန်၊ ဖွံ့ဖြိုးချိန်၊ ပြိုကွဲချိန်နှင့် ပျက်စီးချိန်တို့ ဖြစ်ကြောင်းဖြင့် ယဉ်ကျေးမှုကြီးများ၏ ခန္ဓာဗေဒကို ခွဲခြားစိတ်ဖြာ ပြသွားသည်။

တဖန် ထိုယဉ်ကျေးမှုကြီး၏ ပျက်စီးကျဆုံးချိန်ကာလတွင်လည်း အဆင့်လေးဆင့် ရှိကြောင်း၊ ပထမ

အဆင့်မှာ ဖရိုဖရဲ ဖြစ်ချိန်နှင့် စုစည်းချိန် ဖြစ်ပြီး ထို အဖြစ်မျိုး သုံးကြိမ်ခဲ့ ပြန်ဖြစ်ကြောင်း ၊ ပထမစက်ဝိုင်း တစ်ပါတ်ခဲ့သည် ယဉ်ကျေးမှု ကျဆင်းချိန် ဖြစ်ကြောင်း၊ ဒုတိယ စက်ဝိုင်း တစ်ပတ်ခဲ့သည် အတော်အတန် ငြိမ် သက်သော ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော်အဆင့် ဖြစ် ကြောင်း၊ တတိယ စက်ဝိုင်း တစ်ပတ်ခဲ့သည် ကမ္ဘာလုံး ဆိုင်ရာ နိုင်ငံတော်များ ပြိုကွဲသွားပြီး ယဉ်ကျေးမှု တစ်ခု လုံး ဗုန်းဗုန်းလဲ ကျဆုံးပျက် စီးသွားသည့် အဆင့်ဖြစ် ကြောင်း၊ မည်သည့် ယဉ်ကျေးမှုမဆို ထို ဖရိုဖရဲဖြစ်မှုနှင့် စုစည်းမှုစက်ဝန်း သုံးပတ်ခဲ့ကို ဖြတ်သန်းပြီးမှသာလျှင် ဗုန်းဗုန်းလဲ ပျက် စီးခြင်းသို့ ရောက်သွားကြောင်းဖြင့် သမိုင်း၏ နိယာမများကို ရှာဖွေဖော်ထုတ်ရန် ကြိုးစားခဲ့ သည်။

ပါမောက္ခ တွိုင်ဘီသည် သမိုင်းနိယာမများကို ရှာ ဖွေရန် ကြိုးပမ်းရာတွင် လကတင်-ခရစ်ယာန် ယဉ်ကျေး မှုဟု ခေါ်သော ယခု ကျွန်တော်တို့ ဖြတ်သန်းနေသည့် ခေတ်သစ်အနောက်တိုင်း ယဉ်ကျေးမှုကြီးကို ကြည့်၍ အခြားသော ယဉ်ကျေးမှုကိုလည်း ပုံစံငယ်များ တည် ဆောက်ကာ သက်သေပြသွားခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း ငါးရာခန့်ကစ၍ကျွန်တော် တို့ ဖြတ်သန်းနေထိုင်ရာ အနောက်ပိုင်း ယဉ်ကျေးမှုကြီး သည် ပြိုကွဲကျဆုံးသည့် အဆင့်သို့ရောက်နေပြီဟုပါမောက္ခ တွိုင်ဘီက သတ်မှတ်သည်။ သူက ထိုအနှစ်ငါးရာ

အတွင်းတွင် အနောက်တိုင်း ယဉ်ကျေးမှုကြီး ဖြတ်သန်းသွားရသည့် စစ်နှင့် ငြိမ်းချမ်းရေး သံသရာ စက်ဝိုင်းများကိုလည်း ရေတွက်၍ ပြသွားသည်။ ထိုသို့ ပြဆိုရာတွင် သူက ဥရောပနိုင်ငံတော် စနစ်ကို အခြေခံ၍ စစ်နှင့်ငြိမ်း ချမ်းရေး သံသရာစက်ဝိုင်း လည်ပတ်ပုံကို တင်ပြသွားခြင်း ဖြစ်သည်။

သူ့အဆိုအရ ဥရောပနိုင်ငံတော် စနစ်ထဲတွင် အင်အားကြီး နိုင်ငံများရှိခဲ့ကြသည်။ ပြင်သစ်၊ ဩစထရီးယား၊ ပရပ်ရှား၊ ဆွီဒင်၊ အင်္ဂလန်၊ နယ်သာလင် စသည့် တိုင်း ပြည်တို့သည် ဥရောပနိုင်ငံတော် စနစ်ထဲမှ အင်အားကြီး နိုင်ငံတော်များ ဖြစ်ကြသည်။ ထိုနိုင်ငံကြီးများသည် အင်အားကို ချိန်ခွင်လျှာကဲ့သို့ ညီအောင် ညှိသည့် နည်းဖြင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းခဲ့ကြသည် ဟု တွိုင်ဘီက တင်ပြ သည်။ ယင်းတို့အထဲမှ နိုင်ငံတစ်ခုခုက ဗိုလ်ကျ လွှမ်းမိုး ခြင်းမပြုနိုင်ရန် ကျန်သည့် နိုင်ငံများက မဟာမိတ်ဖွဲ့၍ ထိန်းသိမ်းကြသည်။ 'ကျွန်ုပ်တို့တွင် ထာဝရ မဟာမိတ်နှင့် အမြဲတမ်း ရန်သူဟူ၍ မရှိ။ ကျွန်ုပ်တို့၏ အကျိုးစီးပွားသာ လျှင် ထာဝရနှင့် ရေရှည်ဖြစ်ပေသည်' ဟု ၁၈၄၈ ခုနှစ်တွင် ဗြိတိသျှနိုင်ငံရေး သုခမိန် တစ်ဦးဖြစ်သူ လော့ဒ် ပါမာစတန် ကပြောခဲ့ဖူးသည်။ ပါမောက္ခ တွိုင်ဘီက ထိုစကားကို ကိုးကားကာ အင်အား ချိန်ခွင်လျှာ ညှိခြင်းဖြင့်ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်သည်ဟု တင်ပြသွားခဲ့သည်။

သို့ရာတွင် ထိုသို့ အင်အားချိန်ခွင်လျှာကို ညီအောင် ထိန်းထားသည့် ကြားမှ အင်အားကြီးနိုင်ငံ တစ်နိုင်ငံကသာလွန်သွားကာ ဗိုလ်ကျအနိုင်ကျင့် လာသည့် အခါမျိုးတွင် အခြား ကျန်အင်အားကြီး နိုင်ငံများက သူ့ကို ဝိုင်းဝန်းတိုက်ခိုက် လာခဲ့ကြသည်။ ထိုအခါမျိုးတွင် 'အထွေထွေ စစ်ပွဲကြီး'ပေါ်ပေါက်လာခဲ့သည်ထိုအထွေထွေ စစ်ပွဲကြီး ပြီးသွားသည့်အခါတွင် ကမ္ဘာသမိုင်းသည် ယာယီငြိမ်းချမ်းရေး ကာလသို့ ပြန်ရောက်သွားခဲ့သည်။ ဗိုလ်ကျသည့်နိုင်ငံ ရှုံးသွားပြီး ကမ္ဘာတွင် ယာယီ ငြိမ်းချမ်းရေးကို ရနေချိန် ဟူ၍ ပေါ်လာသည်။ ထိုအချိန်ကို ပါမောက္ခ တွိုင်ဘီက 'အသက်ရှူပေါက် ရချိန်' ဟု အမည်ပေးသည်။ ထို့နောက် စစ်အတွင်းက ဖြစ်ပွား ခဲ့သော ပြဿနာများ၊ စစ်နောက်ဆက်တွဲ ပြဿနာများက မပြေမလည် ကျန်ရှိနေသေးသည်။ ထိုအခါမျိုးတွင် တစ်ဘက်နှင့်တစ်ဘက် စစ်ပွဲက လေးတွေ ဖြစ်ကုန် ကြပြန်သည်။ ထိုစစ်ပွဲမျိုးကို သူက 'နောက်ဆက်တွဲ စစ်ပွဲ ကလေးများ' ဟု ခေါ်လိုက်သည်။ ထို နောက်ဆက်တွဲ စစ်ပွဲကလေးများ ပြီးဆုံးသွားသည့်အခါ တွင်မှ 'အထွေ ထွေငြိမ်းချမ်းရေး'ကို ရရှိလာခဲ့သည်။ ထို့ နောက်တွင် အထွေထွေစစ် ငြိမ်းချမ်းရေးကာလ ကုန်ဆုံး သွားကာ 'ရှေ့ပြေးစစ်ပွဲကလေးများ' ပေါ်ပေါက်လာကြ ပြန်သည်။ ထိုရှေ့ပြေး စစ်ပွဲကလေးများမှာ တစ်ဆင့် 'အထွေထွေ စစ်ပွဲကြီး' တစ်ခု နောက်ထပ်ဖြစ်လာခဲ့ ပြန်သည်ဟု

ပါမောက္ခ တွိုင်ဘီက နိယာမတစ်ရပ်အနေဖြင့် တင်ပြသွားခဲ့သည်။

ဤသည်မှာ ပါမောက္ခ တွိုင်ဘီ တွက်ပြသော စစ်နှင့် ငြိမ်းချမ်းရေး စက်ဝိုင်း လည်ပတ်ပုံ ဖြစ်သည်။

သူက အနောက်ပိုင်းယဉ်ကျေးမှုကြီး ဖြတ်သန်းခဲ့သည့် သက္ကရာဇ် ၁၅၀၀ ခုနှစ်မှ ယနေ့အထိ စစ်နှင့် ငြိမ်းချမ်းရေး သံသရာ စက်ဝိုင်းလေးခုနှင့် အိုဗာချာ အကြိုကာလ တစ်ခုရှိသည်ဟု ဆိုသည်။

သူ့အဆိုအရ

၁၄၉၄ မှ ၁၅၆၉ ခုနှစ်အထိ အိုဗာချာ အကြိုကာလ (၇၅ နှစ်)။

၁၅၆၈ ခုနှစ်မှ ၁၆၇၂ ခုနှစ်အထိ ပထမစက်ဝိုင်း (၁၀၄ နှစ်)။

၁၆၇၂-၁၇၉၂ အထိ ဒုတိယစက်ဝိုင်း (အနှစ် ၁၂၀)

၁၇၉၂-၁၉၁၄ အထိ တတိယစက်ဝိုင်း (၁၂၂ နှစ်)

၁၉၁၄ မှ ၁၉၅၄ခုအထိ စတုတ္ထစက်ဝိုင်း (၄၀နှစ်) တို့ဖြစ်သည်။

ပါမောက္ခ တွိုင်ဘီ၏ သတ်မှတ်ချက်အတိုင်း ဆိုလျှင် ခေတ်သစ် အနောက်တိုင်း ယဉ်ကျေးမှုကြီး ဖြတ်သန်းခဲ့ သည့် နှစ်ပေါင်း ၅၀၀ အတွင်းတွင် အထွေထွေစစ်ပွဲကြီး များ ဖြစ်ပွားနေချိန်သည် စုစုပေါင်း

နှစ်ပေါင်း ၁၄၀ ရှိ သည်။ အခြားသော စစ်ပွဲကလေး များကို ထည့်သွင်း တွက် ချက်လျှင် အနောက်တိုင်း ယဉ်ကျေးမှုခေတ်တွင် စစ် အမျိုးမျိုးဖြစ်ပွားနေချိန်သည် ၂၅၂ နှစ်ရှိသည်။ အထွေ ထွေ ငြိမ်းချမ်းချိန်ကာလသည် ၁၀၅ နှစ်ရှိသည်။ အသက်ရှူ ပေါက် ရချိန်ကာလများကိုပါ ထည့်တွက်လျှင် ငြိမ်းချမ်းချိန်ကာလသည် ၁၉၉ နှစ်သာ ရှိသည်။

ထို့ကြောင့် အနောက်တိုင်း ယဉ်ကျေးမှုကြီး၏ သက်တမ်းနှစ်ပေါင်း ၅၀၀ အတွင်းတွင် စစ်ဖြစ်နေ ချိန်သည် ငြိမ်ချမ်းချိန်ကာလထက် များနေသည်ဟု သူက တွက်ပြ သည်။

ယခုကျွန်တော်တို့ ရောက်ရှိနေသည့် စစ်နှင့်ငြိမ်း ချမ်းရေးစက်ဝိုင်း သံသရာ၏ စတုတ္ထစက်ဝိုင်းတွင် ၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ် လေးနှစ်ကာလသည် အထွေထွေ စစ်ပွဲဖြစ်ချိန်၊ ၁၉၁၈ ခုနှစ်မှ ၁၉၃၉ ခုနှစ်ကာလသည် အသက်ရှူပေါက်ရချိန်၊ ၁၉၃၉ခုနှစ်နောက်ပိုင်း တွင်မူ နောက်ဆက်တွဲ စစ်ပွဲလေးများ၊ ရှေ့ပြေးစစ်ပွဲ ကလေးများ ဖြစ်ပွားခြင်းမရှိတော့ပဲ အထွေထွေစစ်ပွဲ အသွင် ဆောင် သော ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာခဲ့သည်။

ပါမောက္ခ တွိုင်ဘီ၏ အလိုအရ ကျွန်တော်တို့ သည် စစ်နှင့်ငြိမ်းချမ်းရေး သံသရာ၏ စတုတ္ထ စက်ဝိုင်းထဲ တွင် ရောက်နေကြပြီး ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော် ခေတ်ကာလ ထဲသို့ ဝင်ရောက်နေပြီဟု ဆိုနိုင်သည်။

ထိုကာလတွင် နိုင်ငံများသည် အနည်းနှင့်အများ ငြိမ်းချမ်းကြလိမ့်မည်။ အသက်ရှုပေါက် ရကြလိမ့်မည်။ အင်အားကြီးနိုင်ငံများသည် အင်အားချိန်ခွင်ညှာ ညှိပေးခြင်းဖြင့် ဗိုလ်ကျလွှမ်းမိုးသော နိုင်ငံကို ဝိုင်း၍ ထိန်းကြလိမ့်မည်။ ထို့နောက်တွင် ရှေ့ပြေးစစ်ပွဲကလေးများဖြစ်လာလိမ့်မည်။ ထို့နောက်တွင် အထွေထွေ စစ်ပွဲပြီး ဖြစ်လာကာ ခေတ်သစ်အနောက်တိုင်း ယဉ်ကျေးမှုစနစ်ကြီးသည် ပျက်သုဉ်းလိမ့်မည်ဟု ပါမောက္ခ တွိုင်ဘီက ဟောကိန်းထုတ်ခဲ့လေသည်။

သူ့အလိုအတိုင်းဆိုလျှင် ယခု ကျွန်တော်တို့ ကမ္ဘာကြီးသည် ယာယီ ငြိမ်းချမ်းသော ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော် အခြေအနေ တစ်ခုကို ဖြတ်သန်းနေသည်ဟု ဆိုရပေလိမ့်မည်။

■



http://www.cherrythitsar.org

# ဖူကူးယားမားစာတမ်း
## နှင့် ခေတ်သစ်ဆန်းချိန်

၁၉၈၉ ခုနှစ် နွေရာသီက အမေရိကန် ပြည်ထောင်စုမှ ထုတ်ဝေသည့် လူသိလည်းနည်း၊ စောင်ရေလည်း နည်းသော 'အမျိုးသား အကျိုးစီးပွား' ဆိုသည့် စာစောင်တစ်ခုတွင် ဆောင်းပါးတစ်ပုဒ် ပါလာခဲ့သည်။ ထိုဆောင်းပါးကို အကြောင်းပြု၍ ကမ္ဘာအနှံ့ အသိပညာရှင်များကြားတွင် ငြင်းခုံဆွေးနွေးမှုများ အတောမသတ် ပေါ်ပေါက်လာခဲ့ကြသည်။ ငြင်းခုံသူများထဲတွင် နိုင်ငံရေး သိပ္ပံပညာရှင်၊ သမိုင်းပညာရှင်၊ တက္ကသိုလ် ပါမောက္ခ၊ သတင်းစာဆရာ၊ စာရေးဆရာ၊ နိုင်ငံရေးသမား၊ အုပ်ချုပ်ရေးအကြီးအကဲ၊ စာတမ်းရေးသူ၊ အယ်ဒီတာ စသူတို့ ပါဝင်ကြ

သည်။ သူတို့အထဲတွင် ဗြိတိသျှဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ၊ အယ်ဒီတာ အားဗင်းခရစ္စတောလ်၊ ဝေါလမ်းမဂျာနယ်၊ နေရှင်း သတင်းစာ စသည်တို့မှ အယ်ဒီတာများလည်း ပါကြသည်။ သူ့စစ်တမ်းကို လက်ယာဝါဒရှု ထောင့်မှလည်း ဆန့်ကျင်တိုက်ခိုက်ကြသည်။ အမေရိကန် ပြည်ထောင်စုတွင်လည်း သူ့ကို ဝိုင်းတိုက်ခိုက်ကြသည်။ ဥရောပတွင်လည်း သူ့စာတမ်းကို ဝိုင်ဝန်းကန့်ကွက် ရေးသားကြသည်။ အာရှ (ဂျပန်ပြည်)တွင်လည်း သူ့စာတမ်းကို ဝေဖန်ကြသည်။

ထိုစာတမ်းပါသည့် စာစောင်သည် ချက်ချင်းကုန်သွားကာ ရောင်းမလောက်အောင်ဖြစ်ခဲ့ရသည်။ မကြာမီအတွင်းတွင် ထိုစာတမ်းကို ဂျပန်၊ အီတလီ၊ ဒိန်းမတ်၊ ဂျာမန်၊ ပြင်သစ် စသည့် ဘာသာများသို့ ပြန်ဆိုခဲ့ကြသည်။

၁၉၈၉ ခုနှစ်က ထိုစာတမ်းတွင် ဖော်ပြခဲ့သော အချက်အလက်များ၊ အယူအဆများသည် ၁၉၉၁ ခုနှစ်တွင် တကယ်ဖြစ်ပျက်လာခဲ့သည့်အခါ၌ အားလုံး တအံ့တဩ ဖြစ်ကုန်ကြရသည်။

သူ့စာတမ်းကို ဝိုင်းဝန်း တိုက်ခိုက်ကြသည့်အခါတွင် စာတမ်းရေးသူကလည်း သူ့စာတမ်းကို ပြန်၍ကာကွယ်သည်။ ထိုငြင်းခုံမှုသည် စစ်ပြီးခေတ်တွင် အကြီးကျယ်ဆုံး၊ အကျယ်လောင်ဆုံး၊ အဆူညံဆုံးသော အသိပညာဆိုင်ရာ ငြင်းခုံမှု ဖြစ်သည်ဟု ဆိုကြသည်။

စာတမ်းရေးသူမှာ အသက် ၄၆ နှစ်အရွယ်ရှိ အမေရိကန် - ဂျပန် အမျိုးသား ဖရန်းစစ် ဖူကူယားမား ဖြစ်သည်။ ဖူကူယားမားသည် ဟားဗတ် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံနှင့် ပါရဂူဘွဲ့ရလာခဲ့သူ ဖြစ်သည်။ ဖူကူယားမားသည် ဆိုဗီယက်ရေးရာနှင့် အရှေ့အလယ်ပိုင်း ရေးရာများနှင့် ပတ်သက်၍ ဘွဲ့ယူစာတမ်း တင်သွင်းခဲ့သည်။ ထို့နောက် ကယ်လီဖိုးနီးယား ပြည်နယ်ရှိ 'အတွေး အခေါ် လှောင်ကန်' တစ်ခုဖြစ်သော ရန်းကော်ပိုရေးရှင်းတွင် ပေါ်လစီရေးရာ အကြံပေးသူတစ်ဦးအဖြစ် အလုပ်လုပ်ခဲ့သည်။

ကမ္ဘာတစ်ဝှမ်းလုံးတွင် အသိပညာဆိုင်ရာ ငြင်းခုံမှုများကို ဖြစ်စေခဲ့သည်။ ဖရန်းစစ်ဖူကူယားမား၏ စာတမ်း အမည်မှာ 'သမိုင်း နိဂုံးချုပ်ပြီလော' (The End of History?) ဟူ၍ ဖြစ်သည်။

ဖူကူယားမားက သူ့စာတမ်းကို ဤသို့အစချီသည်။

'ကမ္ဘာ့သမိုင်းတွင် အခြေခံကျသည့် အရာတို့သည် ဖြစ်ပေါ်လျက် ရှိလေပြီ။ မကြာသေးမီက ပေါ်ပေါက်ခဲ့ သော အဖြစ်အပျက်များ၊ အထူးသဖြင့် ဆိုဗီယက်ယူနီယံနှင့် အရှေ့ဥရောပတိုက်တို့တွင် ပြုပြင် ပြောင်းလဲ လှုပ်ရှားမှုများ ပေါ်ပေါက်လာခြင်း၊ ကမ္ဘာတစ်ဝှမ်းတွင် စားသုံးသူယဉ်ကျေးမှု ပျံ့နှံ့လာခြင်း၊ စသည်တို့သည် အနောက်တိုင်း၏ အောင်မြင်မှု၊ အနောက်တိုင်း အတွေးအခေါ်၏

အောင်မြင်မှုကို ညွှန်ပြလျက်ရှိသည်။

'ယနေ့ ကျွန်တော်တို့ ကြုံတွေ့နေရသော အရာသည် စစ်အေးတိုက်ပွဲ၏ နိဂုံးကမ္ပတ် အဆုံးသတ်မျှသာ မဟုတ်သေး။ စစ်ပြီးကာလ၏ သမိုင်းခေတ်တစ်ခုကို ဖြတ်သန်းမှုမျှသာ မဟုတ်သေး။ သမိုင်းကြီးတစ်ခုလုံး၏ နိဂုံးကမ္ပတ် အဆုံးသတ်လည်း ဖြစ်ပေသည်။ တစ်နည်း ပြောရလျှင် လူလောကကြီး၏ အယူအဆ၊ အတွေးအခေါ် ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်ကြီး၏ နိဂုံးကမ္ပတ် အဆုံးသတ်လည်း ဖြစ်ပေသည်။ တစ်နည်းပြောရဦးမည်ဆိုလျှင် လူ့ဘောင်ကြီးကို စီရင်အုပ်ချုပ်ရာတွင် အနောက်တိုင်း လစ်ဘရယ် ဒီမိုကရေစီအား နောက်ဆုံးပုံသဏ္ဌာန်အဖြစ် တစ်ကမ္ဘာလုံးက လက်ခံလိုက်ခြင်းလည်း ဖြစ်ပေသည်။

ထို့သို့ ဆိုခြင်းကြောင့် နိုင်ငံခြားရေးရာစာစောင် ၏ စာမျက်နှာများပေါ်တွင် နိုင်ငံတာ ဆက်ဆံရေးနှင့် ပတ်သက်သော အဖြစ်အပျက်များကို ဖော်ပြရန် မရှိတော့ဟု ဆိုလိုခြင်း မဟုတ်ချေ။ ယခု လစ်ဘရယ် ဒီမိုကရေစီက အောင်မြင်မှု ရနေသည်ဆိုခြင်းမှာ အတွေးအခေါ် နယ်ပယ်၊ စိတ်ဓာတ်ဆိုင်ရာ နယ်ပယ်တွင်သာ ဖြစ်သေးသဖြင့် ပြည့်စုံခြင်း မရှိသေး။ တကယ့် အစစ်အမှန် ကမ္ဘာ၊ ရုပ်ကမ္ဘာကြီးတွင် အောင်မြင်မှုများ ရရှိအောင် ကြိုးစားရဦးမည်သာ ဖြစ်ပေသည်။ သို့ရာတွင် ရေရှည်၌ အတွေးအခေါ်ကသာလျှင် ရုပ်ကမ္ဘာကြီးကို စိုးမိုးချုပ်ကိုင်သွား

မည်ဟု ယုံကြည်ရန် အကြောင်းအချက်တွေ များစွာရှိနေသည်။

သမိုင်းသည် တစ်နေ့တွင် နိဂုံးချုပ်နိုင်သည် ဟူသော တင်ပြချက်ကို တအံ့တဩ ဖြစ်ကောင်းဖြစ်နေကြမည့်သူများလည်း အများအပြား ရှိပေလိမ့်ဦးမည်။ စင်စစ် ထိုအချက်သည် ဘာမျှ အသစ်အဆန်း မဟုတ်ပါ။ ဟီဂယ်ဝါဒ၊ မတ်ဝါဒ အစဉ်အလာတို့ကို ကျွမ်းဝင်သူတို့သည် ထိုအချက်ကို အလွယ်တကူ သဘောပေါက်နိုင်ကြပါသည်။ ဟီဂယ်က အကျဉ်းမြောင်းဆုံးသော အဓိပ္ပါယ်ဖြင့် ပြောရလျှင် သမိုင်းဆိုသည်မှာ အတွေးအခေါ်များ၏ သမိုင်း၊ အယူဝါဒများ၏ သမိုင်း၊ သို့မဟုတ် မူလအခြေခံတူများဖြစ်သော နိုင်ငံရေးနှင့် လူမှုရေးအဆောက်အအုံများကို ချုပ်ကိုင်နေသည့် အတွေးအခေါ်များကို သမိုင်းသာ ဖြစ်ပေသည်ဟု ပြောခဲ့ပါသည်။ ထို့ကြောင့် သမိုင်း၏နိဂုံးဆိုသည်မှာ ကမ္ဘာ့အဖြစ်အပျက်များ အဆုံးသို့ ရောက်ပြီဆိုသည့် ဘောမဟုတ်ပါ။ အဆိုပါ မူလအခြေခံမူများနှင့် ပတ်သက်သော အတွေးအခေါ်များသည် အဆုံးသို့ ရောက်ပြီဟု ဆိုလိုခြင်းသာ ဖြစ်ပါသည်။ ဟီဂယ်၏ အမြင်၌ သမိုင်းကိုမောင်းနှင်နေသော အရာသည် အတွေးအခေါ် ဖြစ်သည်ဟု ယူဆပါသည်။ ဟီဂယ်သည် လစ်ဘရယ် ဒီမိုဂရက်တစ် နိုင်ငံကျော်များ ဖြစ်ကြသော ပြင်သစ် သမ္မတနိုင်ငံပေါ်ထွန်းလာခြင်းနှင့် အမေရိကန်တော်လှန်ရေးတို့ ပေါ်ပေါက်ခဲ့သည်ကို ကြည့်၍ သမိုင်းသည် နိဂုံးချုပ်လေပြီ၊

(ဝါ) အတွေးအခေါ်တို့၏ သမိုင်းသည် နိဂုံးချုပ်လေပြီဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကားလ်မတ်သည် ဟီဂယ်၏ သမိုင်း နိဂုံးချုပ်ပြီဆိုသည့် အယူအဆကို မူအားဖြင့် လက်ခံခဲ့ သော်လည်း (သူရှိနေစဉ် ကာလတုန်းက) သမိုင်း နိဂုံးချုပ် သည့်အချိန်သို့ မရောက်သေး။ နောင်တစ်နေ့တွင် ကွန်မြူ နစ်ဝါဒက အောင်ပွဲခံပြီး လူတန်းစားမဲ့ လူ့အဖွဲ့အစည်း သို့ ရောက်မှသာလျှင် သမိုင်းနိဂုံးချုပ်ချိန်သို့ ရောက်ပြီဟု ယူဆခဲ့ပါသည်။ ယင်းမှာ ကားလ်တ်၏ အမှားပင်ဖြစ်ပါ သည်။

'ဖက်ဆစ်ဝါဒသည် ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပျက်စီးသွားခဲ့ပါသည်။ အလားတူပင် မတ်ဝါဒသည်လည်း မာနဂွါ၊ ပြုန်ယမ်း စသည့်နေရာများတွင် ယုံကြည် သက် ဝင်သူ အနည်းငယ် ရှိကောင်းရှိနေမည်ဖြစ်သော်လည်း အယူဝါဒ တစ်ခုအနေဖြင့် နိုင်ငံကြီးများတွင် ကျန်ရစ် နိုင်တော့မည် မဟုတ်ပါ။ သက်သေအဖြစ် ဂေါ်ဘာချော့ ၏ ပွင့်လင်းမှု ဝါဒအရ ထုတ်ဖော်ဝန်ခံပြီး ဖြစ်သော ဆိုဗီ ယက်ယူနီယံ၏ စီးပွားရေး ကျဆုံးမှုများနှင့် ဗျူရိုကရေစီ မင်းတိုင်းကျေ လုပ်မှုတို့ကြောင့် မော်စကိုတွင် ဖြစ်နေ သည့်အဖြစ်တို့ကို ကြည့်လျှင် သိနိုင်ပါသည်။

သို့ဖြင့် ဖူကူယားမားက သမိုင်းဟူသည် အတွေး အခေါ်၏ သမိုင်းသာဖြစ်ပြီး အတွေးအခေါ်တို့ တစ်ခုနှင့် တစ်ခု ယှဉ်ပြိုင်ကြခြင်းမရှိတော့သည်နှင့် သမိုင်းသည် လည်း နိဂုံးသို့ရောက်တော့မည်ဟု ဆိုလိုက်လေသည်။

သို့ရာတွင် အတွေးအခေါ် တိုက်ပွဲတို့ မရှိတော့သည့် အတွက် တစ်နည်း၊ သမိုင်းမရှိတော့သည့်အတွက် ကမ္ဘာ လောကကြီးသည် ချက်ချင်း သာယာရွှေပြည် ဖြစ်လာဦးမည် မဟုတ်။ အတွေးအခေါ် တိုက်ပွဲများ နေရာတွင် 'စက်မှုနည်းပညာ ပြဿနာများကို ဖြေရှင်းရသည့် လုပ်ငန်း' သည် အစားဝင်ရောက်လာဦးမည်။ တတိယကမ္ဘာ့နိုင်ငံများတွင် အမျိုးသားရေးဝါဒနှင့် သဘာသာအယူဝါဒ ပြင်းထန်မှုများ ပြန်လည် ခေတ်စားဦးမည်။ နောင်တွင် အယူဝါဒသစ်များ၊ နိုင်ငံရေးစနစ်သစ်များ လုံးဝပေါ်ပေါက်ခြင်း မရှိတော့ဟု မပြောနိုင်သေးသည့်တိုင် မျှော်မှန်းနိုင်သည့် အနာဂတ် ကာလတွင် လစ်ဘရယ်ဒီမိုကရေစီကို အခြေခံသည့် အုပ်ချုပ်မှုပုံသဏ္ဌာန်များသာလျှင် ရှိတော့မည်ဟု သူက ရေးခဲ့သည်။

အနာဂတ် ကမ္ဘာကြီး၏ ပုံသဏ္ဌာန်နှင့် ပတ်သက်၍ သူက ရေးသားရာ၌

'. . . နိုင်ငံရေးနှင့် စီးပွားရေး လစ်ဘရယ်ဝါဒသည် အောင်ပွဲခံလိမ့်မည်။ ထိုအခါ၌ ကမ္ဘာ့နိုင်ငံရေး ကိစ္စများတွင် စီးပွားရေးသည် ကျယ်ပြန့်ကြီးမားစွာ အရေးပါလာလိမ့်မည်။ အင်အားကြီးနိုင်ငံ ဆိုသောစကား၏ အဓိပ္ပါယ်သည် စစ်အင်အား၊ နယ်မြေ အကျယ်အဝန်း စသည့် ယခင်က သတ်မှတ်ခဲ့သော သမားရိုးကျ အင်အားများကို ခေါ်ဆိုခြင်း မဟုတ်တော့ဘဲ စီးပွားရေးအင်အားကို အမှီပြု၍ ခေါ်ဆိုခြင်းသာ ဖြစ်လာလိမ့်မည်။

. . . သမိုင်းနိဂုံးချုပ်ချိန်တွင် နိုင်ငံအချင်းချင်း ကြားတွင် ပဋိပက္ခများသည် ရှိကောင်းရှိနိုင်သေးသည်။ အထူးသဖြင့် လူမျိုးစုများနှင့် အမျိုးသားရေး အုံကြွဆူပူမှုများသည် ပို၍ အရှိန်မြင့်လာနိုင်သည်။ သို့ရာတွင် ပဋိပက္ခကြီးများသည် ရှိတော့မည်မဟုတ်။ နိုင်ငံကြီးများသည်လည်း ရှုခင်းမှ တဖြည်းဖြည်း ကွယ်ပျောက်သွားကြပေလိမ့်မည်' ဟု သူက ရေးခဲ့သည်။

ထိုစာတမ်းကို သူတင်ခဲ့ချိန်မှာ ၁၉၈၉ခုနွေရာသီ ဖြစ်သည်။ ထိုစဉ်က အရှေ့ဥရောပတွင် တစ်ပါတီ အာဏာရှင်စနစ်များ ကျဆုံးခြင်းမရှိသေး။ ဆိုဗီယက် ယူနီယံတွင်လည်း မအောင်မြင်သော အာဏာသိမ်းမှု ပေါ်ပေါက်ခြင်း မရှိသေး။ ဘော်လ်တစ်သုံးနိုင်ငံတို့သည်လည်း ခွဲထွက်ကြောင်း မကြေညာသေး။ ဘော်လကန် တိုင်းပြည်များတွင်လည်း ပြည်နယ်ခွဲထွက်မှုများ ပေါ်ပေါက်ခြင်း မရှိသေး။ ယဲ့ဆင်သည်လည်း တင့်ကားပေါ်တွင် ရပ်၍ တရားမဟောသေး။ လီနင်ဂရက်မြို့သည်လည်း စိန့်ပီတာစဘတ်မြို့ပြန် မဖြစ်သေး။ ဇာဇင်းစကီး၏ ကြေးရုပ်သည်လည်း ဖြိုလှဲခြင်း မခံရသေး။ ဆိုဗီယက်ယူနီယံတွင် သီးခြားအမျိုးသားနိုင်ငံများလည်း မပေါ်ပေါက်ကြသေး။

ဖူကူယားမားကမူ သမိုင်းဟူသည် အတွေးအခေါ်၏ သမိုင်းဘာဖြစ်ကြောင်း၊ အတွေးအခေါ်တိုက်ပွဲတွင် အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီက အနိုင်ရပြီ ဖြစ် ကြောင်း၊ ယနေ့မှစ၍ နောင် မျှော်မှန်း၍

http://www.cherrythitsar.org

ရသော ကာလအထိအတွေးအခေါ် တိုက်ပွဲဟူ၍ ရှိတော့မည် မဟုတ်ကြောင်း၊ ထို့ကြောင့် သမိုင်းသည် နိဂုံးချုပ်ပြီ ဖြစ်ကြောင်းဖြင့် သူ့စစ်တမ်းတွင် ရေးခဲ့သည်။

သူ့စစ်တမ်းကို လက်ယာ ဝါဒီများကလည်း ဆန့်ကျင်တိုက်ခိုက်ကြသည်။ လက်ဝဲဝါဒီများကလည်း ဆန့်ကျင်တိုက်ခိုက်ကြသည်။ ဖူကူယားမားသည် ထိုဝေဖန်ချက်များကို ပြန်လည် ချေပထားကာ နောက်ထပ် စာအုပ်တစ်အုပ် ထုတ်ဝေဦးမည်ဟု ဆိုသည်။

တိုင်း မဂ္ဂဇင်းကမူ ဖူကူယားမား၏ 'သမိုင်းနိဂုံးချုပ် ပြီလော' ဆိုသည့် အယူအဆသည် အဓိပ္ပာယ်မရှိသော အယူအဆ၏ နိဒါန်းဟု ကင်းပွန်းတပ်လိုက်လေသည်။

■



# သမိုင်းစကားပန်းစကား
## (ဦးကုလား၏ သမိုင်းဒဿန)

‘ သမိုင်းဆိုသည်မှာ လူ့လောကကြီး၏ ရာဇဝတ်မှု များ၊ မိုက်မဲမှုများနှင့် ကြမ္မာ ဂြိုလ်ဆိုးတို့ကို မှတ်တမ်းတင်ထားသည့် မှတ်ပုံတင်စာရင်းကြီးသာဖြစ်သည်’ ဟု သမိုင်းဆရာကြီး အက်ဒွပ်ဂစ်ဘွန်း က လှောင်ပြောင်အရွဲ့တိုက်၍ ပြောခဲ့ဖူးသည်။

အင်္ဂလိပ်သမိုင်းဆရာကြီး ဂစ်ဘွန်း( ၁၇၃၇-၁၇၉၄) သည် အမေရိကန်တော်လှန်ရေးကြီး ဖြစ်သည့် အချိန်တွင် အသက် ၃၈ နှစ် ရှိပြီး၊ ပြင်သစ်တော်လှန်ရေးကြီးဖြစ်သည့်အချိန်တွင် အသက် ၅၂ နှစ်ရှိနေပြီ။ ဂစ်ဘွန်းသည် သြစထရီးယား ထီးနန်းဆက်ခံရေး စစ်ပွဲကိုလည်းကောင်း၊ အင်္ဂလိပ်နှင့် စပိန်တို့၏ ရေကြောင်း

အင်အားပြိုင်ပွဲကိုလည်းကောင်း၊ ၇ -နှစ်စစ်ပွဲ ၁၇၅၉ - ၁၇၆၃ ကိုလည်းကောင်း၊ အမေရိကန်ပြည်တွင်း စစ်ပွဲ (၁၇၇၅ -၁၇၈၃)နှင့် ပြင်သစ်ပြည်တွင်းစစ်ပွဲ (၁၇၉၂) ကိုလည်းကောင်း၊ မြင်သွားခဲ့ရသည်။

သူ့တစ်သက်သာတွင် စစ်ပွဲများ၊ အာဏာလုပွဲများ၊ သွေးချောင်းစီးမှုများကို တွေ့ခဲ့ရသည့် သမိုင်းဆရာ ဂစ်ဘွန်းသည် ' ရောမလက်နက်နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးခြင်း ' ဆိုသည့် ကျမ်းကြီးကိုရေးရန် ရောမသမိုင်းကို လေ့လာလိုက်သည့် အခါတွင် လည်း အလားတူ သွေးချောင်းစီးမှုများ၊ အာဏာလုပွဲများ၊ စစ်ပွဲများကိုတွေ့ခဲ့ရသည်။ ရောမသမိုင်းတွင် ကိုယ့်တိုင်းပြည်ကို လေလံပစ်သည့် ပရေတိုရီယန်း အစောင့်တပ်များအကြောင်းကို သူတွေ့သည်။ လင်ကြီးကို သတ်၍ လင်ငယ်ကိုနန်းတင်သောမိဖုရား၊ သစ္စာမဲ့သောစစ်သူကြီး၊ တူသားနောင်မယ်တို့ကို ရာထူးခန့်သော မူးမတ်သေနာပတိများ ၊ အကျင့်ပျက်၍ လာဘတ်စားသော မင်းမှုထမ်း၊ သေရည်ယစ်မူးသော ဘုရင် စသည့်ရောမ လက်နက်နိုင်ငံတော်ကြီး၏ ရာဇဝင်ဇာတ်ဆောင်များကို သူတွေ့မြင်ခဲ့သည်။

ယင်းတို့ကိုကြည့်၍ ဂစ်ဘွန်းက သမိုင်းဆိုသည်မှာ ရာဇဝတ်မှုတို့ကို စာရင်းတင်ထားသည့်မှတ်ပုံတင်စာရင်းဟု ခေါ်ခြင်းဖြစ်ဟန်တူသည်။

ပြင်သစ်ဧကရာဇ်ဘုရင် နပိုလီယန်က ' သမိုင်းဆိုသည်မှာ အများသဘောတူထားသည့် ပုံပြင်ဖြစ်သည်'

ဟုပြောခဲ့ဖူးသည်။

နပိုလီယန်သည် ဥရောပတိုက်ကြီးကို အောင်မြင်ခဲ့သည်။ အာဖရိကတိုက်ကို သိမ်းပိုက်ရန် ကြိုးစားခဲ့ဖူးသည်။ နပိုလီယန်သည် မူလက အညတရ လူတစ်ယောက်သာဖြစ်ခဲ့သည်။ သူသည် ပြင်သစ်ထီးရိပ်နန်း ရိပ်ကိုပင်ရောက်ဖူးသူမဟုတ်။ သူ့ကို အသိုင်းအဝိုင်းမရှိ၊ အဆက်အသွယ်မရှိ၊ အစဉ်အလာမရှိ၊ သူသည် ပြင်သစ်လူမျိုးစစ်စစ်တစ်ယောက်ပင်မဟုတ်။ အချင်းချင်းစကားများနေကြသော ပြင်သစ်နိုင်ငံရေး ပါတီများထဲတွင် သူသည် ဘယ်ပါတီကိုမျှ မပါဘဲ တစ်ကောင်ကြွက်ဘဝဖြင့်ပင် ရှေ့တန်းသို့ရောက်လာခဲ့သည်။

သူ့လုပ်ဖော်ကိုင်ဘက်များ၏ ညံ့ဖျင်းမှု၊ ဆန့်ကျင်ဖက်ရန်သူများ၏ ညံ့ဖျင်းမှု ၊လိမ်လည် ပြောဆိုမှု၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ၊ အမြင်အကျဉ်းမြောင်း မှုတို့ကြောင့် သူသည် ပြင်သစ်စစ်တပ်ကြီး၏ အကြီးအကဲဖြစ်လာခဲ့သည်။ ဤသို့ဖြစ်သူသည် သာမန်အညတရဘဝမှ ပြင်သစ်ပြည်နှင့် ဥရောပတိုက်ကြီးကို စိုးပိုင်သည့် ဘုရင်ဧကရာဇ်တစ်ပါးဖြစ်လာခဲ့သည်။

ကမ္ဘာတွင် သူလုပ်သမျှသော အရာတိုင်းတွင် သမိုင်းတွင်ကျန်ရစ်ခဲ့မည်ဟု သူထင်သည်။ သူသည် မင်းကောင်းမင်းမြတ်တို့ ရှေးအစဉ်အဆက်လုပ်ခဲ့သည့် ထုံးတမ်းဓလေ့မှန်သမျှကို လိုက်လုပ်သည်။ သူ၏အောင်မြင်မှုများ၊ စွမ်းဆောင်ချက်များ၊ ကောင်းမှုကုသိုလ်များအား၊

သမိုင်းဆရာတို့မှ တဆင့်သမိုင်းမော်ကွန်းတင်စေသည်။ မင်းလိုလိုက်၍ မင်းကြိုက်ကို ရေးနေသော သမိုင်းဆရာများကလည်း သူစေသည့်အတိုင်းရေးပေးကြသည်။ ဤတွင် နပိုလီယန်သည် သမိုင်းကို သူဖန်တီးနိုင်သည်ဟု အထင်ရှိလာခဲ့ကာ သမိုင်းဆိုသည်မှာ အများသဘောတူ လက်ခံထားသည့် ပုံပြင်ဖြစ်သည်။ (အများလက်ခံလျှင် သမိုင်း)ဟု ပြောလာခဲ့ခြင်းဖြစ်သည်။

အမေရိကန် ယာဉ်စက် အပေါင်းတို့၏ သရဖူမဆောင်းသော ဘုရင်ဖြစ်သည့် ဟင်နရီဖို့က ' သမိုင်း ဆိုသည်မှာ အလိမ်အညာ အလကားအရာသာဖြစ်သည် ' ဟုပြောခဲ့သည်။ ဟင်နရီဖို့သည်နိုင်ငံရေးကို ဆန့်ကျင်သူဖြစ်သည်။ သူသည် စိတ်ဓာတ်၏ခွန်အားကို မယုံ၊ ရုပ်ဝတ္ထု၏ စွမ်းပကားကိုသာ ယုံကြည်သူဖြစ်သည်။ ခေတ်၏ စာရိတ္တဆိုင်ရာတန်ဖိုးများ ဆိုသည် သူ့အတွက် အရေးမကြီး၊ အရေးကြီးသည်မှာ စက်မှုနည်းပညာကို ထုတ်လုပ်ပေးလိုက်သော ရုပ်ဝတ္ထုပစ္စည်းများသာ ဖြစ်သည်။

ဤသို့ဖြင့် သမိုင်းနှင့် ပတ်သက်သော ဒဿနများသည် သူ့ခေတ်နှင့်သူ ပေါ်ပေါက်လာခဲ့ကြသည်။ ပေါ်ပေါက်နေဆဲဖြစ်သည်။ နောင်တွင်လည်း ပေါ်ပေါက် နေကြမည်သာဖြစ်သည်။

ဂစ်ဘွန်း၏ သမိုင်းအမြင်သည် မဲမှောင် ညစ်ထေးနေသော ရောမလက်နက်နိုင်ငံတော်ကြီး သမိုင်းကိုကြည့်၍ စိတ်ပျက်နေသော ၁၈ ရာစုနှစ် အင်္ဂလိပ်သမိုင်းဆရာ

တစ်ယောက်၏ အမြင်ဖြစ်သည်။

နပိုလီယန်၏ သမိုင်းအမြင်သည် တိုက်ပွဲတိုင်းတွင် အောင်မြင်မှုသရဖူကို ဆောင်းကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဖြင့် ကျေနပ်ရောင့်ရဲနေသော ဆယ့်ကိုးရာစုနှစ်အစ ဘုရင်ဧကရာဇ်တစ်ပါး၏ သမိုင်းအမြင်ဖြစ်သည်။ ဟင်နရီဖို့၏ သမိုင်းအမြင်သည် ဘဏ္ဍာရေး၏ အောင်မြင်မှုကို ကျေနပ်ကာ စိတ်ပျက်နေသော သဘောကောင်းသည့် ပရဟိတ ဝါဒီတစ်ဦး၏ အမြင်ဖြစ်သည်။

ဂစ်ဘွန်းနှင့် ခေတ်ပြိုင်ဖြစ်သည့် မြန်မာ့သမိုင်း ဆရာကြီးဦးကုလား (၁၇၁၄-၃၃ အထိ နန်းစံသော တနင်္ဂနွေမင်းလက်ထက်) ၏ သမိုင်းအမြင်သည်လည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။

ဦးကုလားက သူ၏'မဟာရာဇဝင်ကြီးနိဒါန်း'တွင် ဤသို့ရေးခဲ့သည်။

' ရာဇာထာ ဋ္ဌိကာ ၊ မင်းစကား အစရှိသော အကြင်စကားသည် ရှိ၏။ ထိုစကားသည် ပါဠိတော်၌ သာမညအားဖြင့် မြတ်စွာဘုရားသည် နတ်ရွာ နိဗ္ဗာန်နှင့် ဖိလာဖြစ်သော စကားဟူ၍ အကယ်၍ကား ဟောတော်မူ အပ်၏ရှင့်။ ထိုသို့ဟောတော်မူသော်လည်း ထိုပါဠိအဖွင့်ဖြစ်သော အဋ္ဌကထာ၌ အထူးအားဖြင့် ထိုသို့မင်းသည် စဉ်လျက်လည်း ကုန်ခြင်း ပျက်ခြင်း သို့ရောက်ခဲ့၏။ ဤသို့ဖြစ်သော အကြင်စကားသည် ရှိ၏။ ထိုစကားသည် ကမ္မဋ္ဌာန်း၏ အဖြစ်၌ တည်၏။ ထိုအကျင့်ကြောင့်

ဟောတော်မူအပ်၏။ ထိုကြောင့် အနိစ္စ အစရှိသော ကမ္မဋ္ဌာန်းနှင့် ယှဉ်သော မြတ်သောသူတို့နှင့် သာလျှင်ထိုက်သော ဤရာဇဝင်ကျမ်းကို မပျံ့လွင့်ကုန်သည်ဖြစ်၍ ကောင်းသော နှလုံးရှိကုန်သော ပညာရှိတို့သည် လာလင့်ကုန်။ ဒီဃနိကာယ် အစရှိသော ကျမ်းတို့၌ မင်းစကား၊ ခိုးသူစကား၊ အမတ်ကြီးစကား၊ စစ်သည်စကား၊ ဘေးစကား၊ ပစ်ခတ်သောစကား၊ ထမင်းစကား၊ အဖျော်စကား၊ မုဆိုး အဝတ်စကား၊ အိပ်ရာနေရာစကား၊ ပန်းစကား၊ နံ့သာစကား၊အမျိုးစကား၊ ရွာစကာ၊ နိဂုံးစကား၊ မြို့စကား၊ ဇနပုဒ်စကား၊ မိန်းမစကား၊ ယောကျ်ားစကား၊ သူရဲစကား၊ ခရီးဆုံစကား၊ ရေရှိရာ အရပ်စကား၊ လွန်လေပြီးသော ဆွေဟောင်း မျိုးဟောင်းစကား၊ အထူးထူးသော အကျိုးမရှိသောစကား၊ လောကကို အသို့ဖန်ဆင်း၏ အစ ရှိသော စကား၊ ဘာဂရမင်းတို့၏စကား၊ အကျိုးမရှိသော စကားကို ဆိုသောစကား၊ ချုပ်ချယ်သောစကား ဤစကားတို့ကို နတ်ရွာနိဗ္ဗာန်မှ ဖီလာဖြစ်သောစကားဟူ၍ ဟောတော်မူသည်။

ထိုစကားတို့၌ အကျုံးဝင်သော မင်းစကား၊ ခိုးသူစကား၊ အမတ်ကြီးစကား၊ စစ်အင်္ဂါစကား အစရှိသည်နှင့်ယှဉ်သော ရာဇဝင်ကျမ်းကို ပြုပါသဖြင့် အဘယ် အကျိုးရှိပါမည်နည်း၊ မပြုအပ်ဟူ၍ အပြစ်တင် ဖွယ် ရှိ၍ ထိုအပြစ်ကို ချေအံ့သောငှာ ဆိုသတည်း။ အဘယ်သို့ ထိုအပြစ်ကို ချေအံ့နည်း ဟူမူကား၊

ထိုစကားတို့တွင် မင်းတို့ကို အကြောင်းပြု၍ မဟာသမ္မတမင်းသည် လည်းကောင်း၊ မန္ဓတ်မင်းသည် လည်းကောင်း၊ ဓမ္မာသောကမင်းသည်လည်းကောင်း ဤသို့ ကြီးသော အနုဘောရှိ၏။ ဤသို့ အစရှိသောနည်းဖြင့် ဖြစ်သော စကားသည် မင်းစကားမည်၏။ ခိုးသူစကား အစရှိသည် တို့သည်လည်း ဤနည်းအတူတည်း။ ထိုမင်းတို့ သည် ဤမည်သောမင်းသည် အလွန် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏။ ဤသို့အစရှိသောနည်းဖြင့် အိမ်၌ နေသောလူတို့၏ စကားသည်သာလျှင် နတ်ရွာနိဗ္ဗာန်မှ ဖီလာဖြစ်သာ စကားမည်သည်ဖြစ်၏။ ဤသို့ ကြီးသော အာနုဘောရှိသည့် ထိုမင်းစဉ်လှည့်လည်းပျက်ခြင်း ကုန်ခြင်း၊ သို့ရောက်၏။ဤသို့ဖြစ်သောစကားသည်သာ ကမ္မဋ္ဌာန်း၏ အဖြစ်၌တည်၏။

ဤသို့ပါဠိ၌ မင်းစကားအစရှိကုန်သော စကားတို့ကို တိရိစ္ဆာနကထာဟူ၍သာမည ဟောတော်မူ သော်လည်း မြတ်စွာဘုရားအလိုတော်ကို သိကုန်သော အဋ္ဌကထာဆရာ တို့သည် မဟာသမ္မတမင်း၊ မန္ဓတ်မင်း ၊ ဓမ္မာသောကမင်း တို့သည် ကြီးသောအနုဘော် ရှိကုန်၏။ ဤသို့အစရှိ သည်ဖြင့်အိမ်၌နေသော လူတို့၏ စကားသည်သာလျှင် တိရိစ္ဆာန ကထာမည်၏။ ထိုသို့သော မင်းစဉ်လှည့်လည်း ပျက်ခြင်း ကုန်ခြင်းသို့ရောက်ခဲ့၏ ဟူ၍ ဆိုသောစကား သည်ကမ္မဋ္ဌာန်း အဖြစ်၌တည်၏ ဟူ၍ ဝိသေသအားဖြင့် ခွဲခြမ်း၍ ဖွင့်တော်မူသောကြောင့် ယခုပြုလတ္တံ့သော

ရာဇဝင်ကျမ်းသည်လည်း ဂေဟာသိတ ကထာဖြင့် သာမည မဆိုမူ၍ အနိစ္စနှင့်ယှဉ်သော ကမ္မဋ္ဌာန်းစကား ဆိုလတ္တံ့သည် ဖြစ်၍ သူတော်ကောင်းတို့သည် များသော အစီး အပွားဖြစ်လတ္တံ၊ ကောင်းမွန်နာကုန်ရ၏။ ဤသို့ အပြစ်ကို ချပြရာသတည်း’

မင်းစကား၊ မူးမတ်စကား၊ စစ်သည်စကား၊ သူရဲစကားစသည်တို့သည် ထမင်းစကား၊ အဖျော်စကား၊ ပန်းစကား၊ နံ့သာစကား၊ စသည်တို့ကဲ့သို့ အသိမ်အဖျင်း စကားမျှသာ ဖြစ်ကြောင်း၊ ထိုစကားများသည် အဋ္ဌကထာတို့၌ တိရစ္ဆာန ကထာ ဟုဆိုကြောင်း ၊ သို့ရာတွင် ဘုန်းတန်ခိုးကြီးသော မင်းဖြစ်စေ၊ တစ်နေ့တွင် ကုခြင်း၊ ပျက်ခြင်းသို့ရောက်ကြရသည်ဟု တရားသဘောဖြင့်ကြည့်လျှင် သမိုင်းသည် ယုတ်ညံ့သော တိရစ္ဆာန ကထာမဟုတ်ဘဲ မြတ်သော ကမ္မဋ္ဌာန်းစကား သာဖြစ်ကြောင်း ၊ မိမိသည် ‘မဟာရာဇဝင်ကြီး’ ကိုရေးရာတွင် ထိုအမြင့်ဖြင့်ရေးကြောင်း ဖြင့် ဦးကုလားက နိဒါန်းတွင်ရေးခဲ့သည်။

ခရစ်ယန်တစ်ယောက်သည် သမိုင်းကို ခရစ်ယာန် အမည်ဖြင့် ကြည့်သကဲ့သို့ ဦးကုလားသည်လည်း သမိုင်းကို ဗုဒ္ဓဘာသာအမြင်ဖြင့် ကြည့်ခဲ့လေသည်။

သမိုင်း၌မည်မျှ ဘုန်းတန်ခိုးအာနုဘော်ကြီးသော မင်းဖြစ်စေ၊ တစ်နေ့တွင် ပျက်ခြင်း၊ကုန်ခြင်းသို့ရောက်ရာ၏။ ဤသဘောသည် ကမ္မဋ္ဌာန်းအမြင်ဖြစ်၍ ထိုကမ္မဋ္ဌာန်းအမြင် သည်ပင် ဦးကုလား၏ သမိုင်းအမြင်ဖြစ်လေသည်။ ■

# မြန်မာပြန်ရသစာတမ်းများ

## ထက်အောင်



စာရေးရင် ငြိမ်ပြီး အသံတိတ်နေတဲ့ ကြိယာတွေကို မသုံးနဲ့ဆိုသည့် စကားဖြစ်သည်။ လူတွေ စကားပြောနေရုံနှင့်မပြီး ။လူတွေသည် ဟိန်းနေရမည်၊ဟောက်နေရမည် ၊ အောင်နေ ရမည် ၊ ဟစ်နေရမည် ၊ မြည်တွန်နေရမည်၊ တောက်တီးနေရမည် ၊ ကြိမ်း မောင်းနေရမည်၊ တီးတိုးပြောနေရမည်၊ ရေရွတ်နေရမည် ၊ ညည်းထွားနေရမည်၊ ဆဲဆိုနေရမည်။ လူတွေကလည်း လမ်းလျှောက်နေကြရုံမပြီး။ ဒရောသောပါး သွားနေရမည် ၊ သုတ်သီးသုတ်ပြာ ဖြစ်နေရမည်။ ဒရွတ်တိုက်နေရမည်။ ယိုင်တီး ယိုင်တိုင် နေရမည် ။ ခုန်နေရမည်။ လွှားနေရမည်။ တစ်ဟုန်ထိုး သွားနေရမည်။ ကတ္တားနှင့် ဝါစကကို ပြောင်းပြန် သုံးပစ်ရမည်။

# ဣန္ဒြေ သိက္ခာရှိသော ဗျစ်ဆိုင်များကွယ်လွန်ခြင်း

မနက်တိုင်းသူလုပ်နေကျအတိုင်း ဂျော်ဖရီ ဘားနဒ် သည် ဆိုဟိုရပ်ရွက်ရှိ 'ရထား နှင့် မြင်း' ဗျစ်ဆိုင်တွင် ထိုင်သည်။ ဂိလာနဖြစ်နေသည့် 'စပက်တေးတား' သတင်းစာ ဆောင်းပါး ရှင်သည် (သူသည် မကြာမီက လှေကားပေါ်မှ လိမ့်ကျခဲ့သည်) မနက်စာ ကိုတော့ အေးအေးချမ်းချမ်း စားနိုင်သေးသည်။ သို့ရာတွင် ထိုငြိမ်းချမ်းမှုသည် ဘယ်လောက် ကြာကြာ ရှိနိုင်ဦးမည်နည်းဟု သူ တွေးမိသည်။ ဂိတ်ဝအပြင်ဘက်တွင် လူအုပ်ကြီးတစ်အုပ်သည် ဗီဒီယိုဂိမ်းများ၊ တောက်ပ ထိန်လင်းသော မီးရောင်များဖြင့် သီချင်းစက်များ ဖြင့် မြူးတူးပျော်ပါးနေကြသည်။

'ရော့အင်ရိုးဂီတ ပေါ်လာကတည်းက အဆင့်အတန်း

မြင့်တဲ့ နေထိုင်မှုဘဝဟာ လျှောကျပျက်စီးသွားတော့တာပဲ၊ ဣန္ဒြေသိက္ခာရှိတဲ့ ဗျစ်ဆိုင်တွေ ပျောက်ကွယ် သွားတာဟာလဲ ပျက်စီးမှုရဲ့ အစိတ်အပိုင်း တစ်ခုပေါ့ဗျာ ' ဟု ဘားနပ်က စိတ်ဆိုးမာန်ဆိုးဖြင့်ပြောသည်။

အချိန်မနှောင်းမီ အစဉ်အလာကြီးသည့် ဗြိတိသျှ ဗျစ်ဆိုင်တို့၏ အရသာကို ခံစားကြပါကုန်။ ဗြိတိသျှမြို့များတွင် လည်ပတ်စရာများကို လေ့လာရေးသားထားသည့် ' အလည် ကြုံးချိန် ' စာစောင်အလို အရဆိုလျှင် ' ရထား နှင့် မြင်း ' ကဲ့သို့သော နေရာများသည်လည်း ယမကာလုလင်တို့ကို ဆွဲဆောင်သည့်အနေဖြင့် ဆူညံဂီတ၊ စူးရှမီးရောင်နှင့် မတ်တပ်ရပ်သောက်နိုင်သည့် နေရာများကို ထားရှိသည့် ဆူညံသောအရက်ဆိုင်များအဖြစ်သို့ လျင်မြန်စွာ အသွင် ပြောင်းနေသည်ဟုဆိုသည်။ ဈေးကွက်လေ့လာရေး ကုမ္ပဏီ တစ်ခုဖြစ်သော 'အင်းဒေးတား' ၏ သတင်းပေးချက်အရ ဆိုလျှင် ဗြိတိန်တွင်ရှိသည့် ဗျစ်ဆိုင်ပေါင်း ၇၅ ၀၀၀ တို့အနက် နှစ်ဆယ်ရာခိုင်နှုန်းသာလျှင် အစဉ်အလာ ဗျစ်ဆိုင်များအဖြစ် ကျန်ရစ်ခဲ့တော့မည်ဟု ဆိုသည်။ ယင်းတို့ အနက် ဗျစ်ဆိုင် တစ်ထောင် ခန့်တို့မှာ လစဉ်ဖြုတ်ပစ် ရောင်းချနေကြသည် ဟုလည်း ဆိုသည်။

၁၉၈၀ ပြည့်လွန်နှစ်များတုန်းက ဗျစ်ဆိုင်တော် တော်များများသည် ' ဟစ်ပီ' အကြိုက်နှင့် ကိုက်အောင် ဗျစ်ဆိုင်များကို ပြုပြင်ပြောင်းလဲခဲ့ကြသည်။ ဂီတ၊ လောင်းကစား စက်များ၊ ဗီဒီယိုဂိမ်းများ၊ ရေခဲစိမ်ဗျစ်များနှင့်

သစ်ဆန်းသောအခြားပျော်ရွှင်ဖွယ်ရာများကို ထားခဲ့ကြသည်။ အချို့သော ဗျစ်ဆိုင်များဆိုလျှင် ရှေးတုန်းက ထားသော ဆိုင်အခင်းအကျင်းများ ၊ အခန်းများ (သာမန်စာ သုံးသူများအတွက်)၊ သီးသန့်အခန်းများ (အဝတ်အစား ကောင်မွန်စွာဝတ်ဆင်သူတို့အတွက်) ၊ ရိပ်ငြိမ်ခန်းများ (အသက်ကြီးသူများနှင့် အေးအေးဆေးဆေး သောက်လိုသူတို့အတွက်) ကို ဖျက်ပစ်လိုက်ကြသည်။ အခန်းကျယ်ကြီးများကို ဆူညံသော၊ ပူညံသော၊ စီညံသော ပစ္စည်းများအတွက် နေရာပေထားသည်။

သက်ချာအစိုးရသည် ထိုရေစီးကြောင်းကို မရည်ရွယ်ဘဲနှင့် အားပေးမိလျက်သား ဖြစ်နေသည်။ ဗျစ်ဆိုင်အများစုသည် ဗြိတိန်နိုင်ငံရှိ ဗျစ်ချက် စက်ရုံကြီးနှင့် အဆက်အသွယ်လုပ်ထားကြသည်။ ဗျစ်ချက်စက်ရုံကြီးများက ဗျစ်ဆိုင်ပိုင်ရှင်များအား အတိုးနည်းနည်းနှင့် ထုတ်ချေးကြသည်။ အပြန်အလှန်အားဖြင့် ငွေယူသည့် ဗျစ်ဆိုင်က ထိုစက်ရုံမှ ချက်သည့် ဗျစ်တစ်မျိုးတည်းကိုသာ ရောင်းပေးရသည်။ ဤသို့ဖြင့် ရှေးခတ်ပုံစံမျိုးတွင် အခြေခံကာ ဗျစ်ချက်စက်ရုံကြီးများသည် ပြုတ်လုဆဲဆဲ ဗျစ်ဆိုင်ကလေးများကို ငွေထုတ်ချေးပေးကာ မိမိတို့ ဗျစ်ချက်စက်ရုံမှထုတ်သော ဗျစ်ကိုအရောင်း ခိုင်းကြသည်။

သို့ရာတွင် ၁၉၈၉ ခုနှစ်တွင် အစိုးရက ဥပဒေတစ်ရပ်ကို ထုတ်ပြန်လိုက်သည်။ ထိုဥပဒေအရ ၁၉၉၂ ခုနှစ် နိုဝင်ဘာလကျော်လျှင် ဗျစ်ချက် စက်ရုံကြီးများက ဗျစ်ဆိုင်ငယ်ကလေးများကို ချေးငွေထုတ်ချေးခြင်းမပြုရဟု ပြဋ္ဌာန်းသည်။

ထိုသို့ဗျစ်ချက်ရုံကြီးများက ထုတ်ချေးသည့် ဗျစ်ဆိုင်ပေါင်းမှာ ဗြိတိန်ပြည်တစ်ဝန်းတွင် ဆိုင်ပေါင်း ၁၁၀၀၀ ခန့်ရှိသည်။

ထိုဥပဒေ ပြဋ္ဌာန်းရသည့် အကြောင်းမှာ လွတ်လပ်သော ဈေးကွက် ပေါ်လစီအရ ဗျစ်ချက်ရုံကြီးများ တစ်ခုနှစ်တစ်ခုလွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ရန် ဗျစ်ဆိုင်များတွင် ဗျစ်အမျိုးမျိုးကို ရွေးချယ်ခွင့် ရရှိစေရန်နှင့် သောက်သုံးသူများ အဖိုးချိုသာစေရန် ရည်ရွယ်၍ ထိုဥပဒေ ကိုထုတ်ပြန်ခြင်း ဖြစ် သည်။ သို့ရာတွင် သတ်မှတ်ထားသည့် ရက်နီးလာသည့်တိုင် ဗျစ်ဆိုင်တို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ဆိုင်ရာ ဗျစ်ဆိုင်ပိုင်ရှင်များနှင့် ဗျစ်ချက်စက်ရုံကြီးများက ခံတွင်း မတွေ့သည့်ပုံပေါ်နေသည်။

လွန်ခဲ့သည့်မတ်လအတွင်း ဘလက်ပူးမြို့တွင် ကျင်းပသည့် အာဏာရ ကွန်ဆာဗေးတစ် ပါတီ ကွန်ဖရင့်တွင် ဒေါသထွက်နေသော ဗျစ်ဆိုင်ပိုင်ရှင်များနှင့် သူတို့ကို ထောက်ခံသူလူပေါင်း ၃၀၀၀ ခန့်တို့သည် ကွန်ဖရင့် ခန်းမရှေ့သို့ ချီတက်ဆန္ဒပြကာ အစိုးရက ထုတ်ပြန်ထားသည့် ဥပဒေကို ပြန်လည်စဉ်စားရန် တောင်းဆိုခဲ့ကြသည်။

သို့ရာတွင် ၁၉၉၃ ခုနှစ်မတိုင်မီအထိအစိုးရသည် ထိုကိစ္စကို အရေးယူစဉ်းစားနိုင်ဖွယ်မမြင်။ အကယ်၍ထိုအချိန်လောက်မှ စဉ်စားသည် ဆိုလျှင်လည်း အချိန်နှောင်းလေပြီ။

ထိုအချိန်လောက်တွင်ဆိုလျှင် ဗျစ်ချက်စက်ရုံကြီးများသည် သူတို့အတွက် အမြတ်အစွန်း အနည်းဆုံးဖြစ်သည့် ဗျစ်ဆိုင် လုပ်ငန်းကို ချေးငွေ ထုတ်ပေးခြင်းကို ရပ်ဆိုင်း

လောက်ပေပြီ။ သို့မဟုတ်လျှင်လည်း ဗျစ်ဆိုင်များကို အထူး အရက်ဆိုင်များအဖြစ် ပြောင်းလဲပြီးလောက်ပေပြီ။

'အဲဒီအချိန်လောက်ဆိုရင် အရက်ဆိုင်တွေကလည်း အမျိုးအစားတွေ အမျိုးမျိုးကွဲပြားနေ ကုန်တော့မှာ ဗျ။ လူတန်းစားအသီးသီးက ကိုယ်နဲ့ကိုက်တဲ့ ဗျစ်ဆိုင်ကို ရွေးပြီး သွားနေကြရင် ဖောက်သည်တွေကလည်း တကွဲတပြား ဖြစ်ကုန်တော့မှာပဲ' ဟု ဝိုက်ဗရက် ဗျစ်ဆိုင်များ၏ မန်နေဂျာ ရီယင် မက်စဂျစ် က ပြောသည်။

အကယ်၍သာ ယခုအချိန်တွင် ဆန္ဒမဲကောက်ယူ လိုက်လျှင် ဗြိတိသျှ လူမျိုးများသည် ဗျစ်ချက်ရုံများ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းကို ကန့်ကွက်ကြမည်ဖြစ်သည်ဟု ရီယင်မက်စဂျစ်က ယူဆသည်။ သို့ရာတွင် အမာခံ ဖောက် သည်ကြီးများကပင် အချို့သောပြောင်းလဲမှုများကို သဘော ကျနေကြသည်။ အထူးသဖြင့် ဗျစ်ဆိုင်များတွင် အစားသောက် ကောင်းလာခြင်း စသည့်အချက်ဖြစ်သည်။

'ပြီးတော့ ဗျစ်ဆိုင်တွေထဲမှာ အမျိုးသမီးတွေ များလာတယ်' ဟုလည်း ဂျော်ဖရီဘာနဒ်က ညည်းသည်။

အစဉ်အလာဗျစ်ဆိုင်များသည် ယဉ်ကျေးမှု ဒိုင်နို ဆောကြီးများ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အီးဗနင်း စတင်းဒတ် သတင်းစား ဗျစ်ဆိုင် ဆောင်းပါးရှင် အင်းဂတ်စ် မက်ကီးကမူ 'အင်္ဂလန်နိုင်ငံဟာ စိတ်ဝင်စားစရာ ကောင်းတဲ့ ပစ္စည်းဟောင်းတွေကို ပြတဲ့ပြတိုက်ကြီးလုပ်နေလို့ မဖြစ်ဘူးခင်ဗျ' ဟုပြောသည်။

ထိုအတိုင်းဆိုလျှင် ဂျော်ဖရီဘားနဒ်သည် မြီးကောင် ပေါက်ကလေးများနှင့် ကာရာအိုကီ ဂီတတို့ကို နေရာဖယ် ပေးရတော့မည်။

ရည်ညွှန်း၊ Newweek, November 11, 1991
The Death of the Decent Pub.

■

# ကိုယ့်တိုင်းပြည်တွင်လူဖြစ်ရခြင်း

ကျွန်တော်သည် နယ်ထုတ်သတင်းစာတစ်စောင်ကိုကောက် လှန်ပြီးနောက် ဆောင်းပါးတစ်ပုဒ်ကို ဖတ်နေပါသည်။ ဆောင်းပါး၏ခေါင်းစဉ်မှာ 'ပြင်သစ်ပြည်ကြီးအခြေအနေ ဆိုးနေပြီ' ဟူ၍ ဖြစ်ပါသည်။ ဆောင်းပါးရှင်မှာ ပြင်သစ် ပညာတတ်တို့၏ လက္ခဏာချက်များဖြစ်သော ဝေဖန်ဆန်း စစ်နိုင်သော အရည်အချင်း၊ ကျိုးကြောင်းယုတ္တိရှိသော စဉ်းစားဉာဏ်တို့ဖြင့် ပြည့်စုံသည့် ထူးချွန်သော စာရေးဆရာ တစ်ဦးဖြစ်ပါသည်။ ဆောင်းပါးရှင်က ပြင်သစ်ပြည်ကြီးတွင် ရှုပ်ထွေးမှုအပေါင်းတို့ကို ဖြစ်ပေါ်စေသည့် ပြဿနာများကို ကွက်ကွက်ကွင်းကွင်း ရေးခြယ်ပြသွားပါသည်။ ယင်းတို့မှာ အလုပ်လက်မဲ့ပြဿနာ၊ လူမှုအာမခံချက် ကင်းမဲ့မှု၊ လူဝင်

လူထွက်ကိစ္စ၊ ပညာရေးအကျပ်အတည်း၊ ငွေကြေး၏ စိုးမိုးခြယ်လှယ်မှု၊ အစိုးရနှင့် နိုင်ငံရေးသမားတို့၏ ညစ်နွမ်းစွန်းပေနေသော ပုံပန်းသဏ္ဍာန်စသည်တို့ဖြစ်ပါသည်။

တနင်္ဂနွေနေ့ မနက်ခင်းတစ်ခုဖြစ်သည်။ ကျွန်တော်သည် သတင်းစာကို ချထားလိုက်ပြီးနောက် ပြတင်းပေါက်ကို ဖွင့်လိုက်၏။ ကျွန်တော်တို့တည်းခိုနေသည့် ပါမီရော ရွာကလေးရှိ အိမ်ခေါင်မိုးများ အလွန်တွင် လေ့နှင့် ဂါရိုနီ တောင်ရိုးများနှင့် ချိုင့်ဝှမ်းလွင်ပြင်များကို မြင်ရသည်။ လတ်ဆတ်သောနေ့၏ အလင်းရောင်ထဲတွင် တောင်တန်းများသည် ပြာရီရိပ်သန်း နေကြသည်။ ကောင်ကင်တွင် လေယာဉ် တစ်စီးမျှမရှိ။ ကျေးငှက်တို့၏ မြည်သံနှင့် ခပ်လှမ်းလှမ်းရှိ ရွာလယ်ပန်းခြံဆီမှ ပေါ်ထွက်လာသည့် အုတ်အုတ်ကျက်ကျက် စကားပြောသံတို့မှအပ အခြား ဘာသံကိုမျှ မကြားရ။ အချိန်ကာလမဲ့သော နူးညံ့ပျော့ပြောင်းမှုတစ်ခုသည် ကျွန်တော်တို့ ပတ်ဝန်းကျင် လေထုထဲတွင် လွင့်မျော ပျံ့ဝဲလျက်ရှိ၏။ ကျွန်တော်တို့သည် ရွာလယ်က ပန်းခြံကလေးဆီသို့ လျှောက်လာခဲ့ကြသည်။ နွေးထွေးလှိုက်လဲစွာ ပြောဆိုနေကြသော စကားသံများမှာ ပန်းခြံအနီးရှိ ရောမခေတ် ဘုရားရှိခိုးကျောင်း ကလေးထဲမှ ထွက်လာကြသော အမျိုးသား အမျိုးသမီးတို့၏ အသံများ ဖြစ်ကြသည်။ သူတို့သည် သူတို့၏ နေ့စဉ်ကိစ္စများ အကြောင်းကို ပြောဆိုလာကြခြင်းဖြစ်သည်။

ပန်းခြံအနီးရှိ ယာယီဈေးဆိုင်ကလေးများပေါ်တွင်မူ

အလေ့ကျပေါက်သည့် တောပန်းရိုင်းစည်းများ၊ မုန့်ပဲသရေစာများ၊ မုန်လာဥစည်းကြီးများ၊ ကညွတ်စည်းများ၊ တံဆိပ်တို့အဖိုးဈေးနှုန်းကို ကပ်ထားခြင်းမရှိသော အသည်းကင်၊ နီရဲနေသည့် စထရော်ဘယ်ရီခြင်းများ၊ ပျားသလက်တွေ အပြည့်အသိပ် ထည့်ထားသည့် အိတ်များနှင့် ကြိုးဖြင့်သီထားသည့် ပဲတောင့်ရှည်များ စသည့် ခြံထွက်၊ ယာခင်းထွက် ပစ္စည်းများကို ရောင်းချနေကြပါသည်။ သူတို့သည် စိတ်ရှည်မှု၊ ဂရုစိုက်မှုနှင့် မြေဝသုန်တို့မှ ဖူးပွင့်လာသော အသီးအနှံများကို ရယ်စရာကောင်းလောက်အောင် ချိုသာသောဈေးနှုန်းများဖြင့် ရောင်းချကြပါသည်။ သို့ရာတွင် ထိုကျေးတောနေသူ တို့သည် သူတို့ခြံထွက်ပစ္စည်းများကို ရောင်းချရုံမျှသာမဟုတ်၊ ဘုရားရှိခိုးပြီး၍ ခေါင်းလောင်း ထိုးပြီးသည့်အချိန်နှင့် တနင်္ဂနွေနေ့ ဥပုဒ်ဝင်အချိုပွဲအတွက် တိုလီမိုလီကလေးတွေ မဝယ်မီ အချိန်ကြားတွင် လုပ်လေ့ရှိသော တနင်္ဂနွေနေ့ အထူးဝတ်တစ်ခုကိုလည်း ပြုလုပ်ရန်ဖြစ်ပါသည်။ ယင်းမှာ အတင်းအဖျင်း၊ သတင်းပလင်းတို့ကို ဖလှယ်ကြရန်ဖြစ်ပါသည်။

ကျွန်တော်တို့သည် ပြင်သစ်ပြည် အနောက်တောင်ပိုင်းတွင်ရောက်နေကြပါသည်။ ထိုနေရာသည် ကျွန်တော်မွေးသည့် ဇာတိမြေဖြစ်သဖြင့် ကျွန်တော့နှလုံးသားနှင့် နီးစပ်ပါသည်။ ထိုနေရာသည် ပယ်ရီဂိုးမှ ဂျားပြည်နယ်၊ ဒေါ်ဒိုးနယ်မှ ကွာစီပြည်နယ်၊ အထိရှိသည့် အံ့သြဖွယ်ကောင်းသော တြိဂံနယ်မြေ ဖြစ်ပါသည်။

သမိုင်းကြိုခေတ်၏ အကြွင်းအကျန် ရှေးဟောင်းပစ္စည်းများ ပေါ်များသည့် နေရာဖြစ်ပါသည်။ တောအုပ်များ၊ မြစ်ချောင်းများ၊ လွင်ပြင်များပေါ်များသည့် နေရာလည်းဖြစ်ပါသည်။ ထိုနေရာများသည် သွားရလာရ လွယ်နေသည့်တိုင် ခေတ်သစ်ဆန်မှု၏ ဖျက်ဆီးခြင်း မခံရဘဲ အကောင်းပကတိ ကျန်ရှိနေသေးသည့် နေရာများ ဖြစ်ပါသည်။ တနေ့က ပင်လျှင် လောလောဆယ် ပိတ်ထားသည့် လာကိုး လှိုင်ဂူကြီးများထဲကို ဝင်ကြည့်ရန် ခွင့်ပြုချရခဲ့ပါသည်။

ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၁၇၀၀၀ က ရှိခဲ့သော နံရံဆေး ရေးပန်းချီများကို ကျွန်တော်တို့ ကလေးများအား ပြသရန်ဖြစ်ပါသည်။ စုတ်ချက်ကို ရဲရဲဆွဲထားပုံ၊ အနီးအဝေး မြင်ကွင်းယူပုံ၊ ထူးခြားသော လှိုင်ဂူကြီးထဲက အမှောင်ထဲ တွင်ဆေးရောင် သွင်းထားပုံတို့ကို ကြည့်၍ ရှေးခေတ် လူများ၏ ကိုယ်ပိုင်ဟန်နှင့် အနုပညာ ခံစားမှုစွမ်းအားတို့ကို ကျွန်တော် ဆင်ခြင်ကြည့်နိုင်ပါသည်။

သမိုင်းအရှေ့ဦးလောက်ဆီက ထိုလှိုင်ဂူနံရံများ ပေါ်တွင် ရှေးဟောင်းလူသားတို့သည် ထင်ရှူးပင်၊ ဝက်သစ်ချပင်၊ ထင်းရှူးမွေးပင်၊ တောင်တမာပင်၊ သစ်ကြားပင်ကြီးတွေကြားထဲတွင်မှ သူတို့တစ်တွေ လိုက်၍ရခဲ့သော တောကောင်များ၏ အရုပ်များကို ဆင်ခြင်ကြည့်နိုင်ပါသည်။

ပါရီမှ ဗရီဘေးသို့ လေယာဉ်ဖြင့် လာခဲ့စဉ်က ထိုတောအုပ်များသည် ရှုချင်စဖွယ် လှပတင့်တယ်သော အသွေးစုံခြယ်သည့် မှန်ကူကွက်ကလေးများသဖွယ်ဖြစ်နေ

ကြပါသည်။ ထို့နောက်တွင် ကျွန်တော်တို့သည် ပေါ်ပလာပင်တွေ တန်းစီပေါက်နေသည့် ဗီလာဇယ်ရေမြစ်ကမ်းတလျှောက်တွင် ကားဖြင့် လာခဲ့ကြပါသည်။ မြစ်ရေကကြည်လင်စိမ်းလဲ့နေ သည့် အတွက် ရေအောက် သင်ပုန်းကျောက်ဖျာများပေါ်တွင် ပေါက်နေသော ရေညှိစိမ်းပြာပြာကလေးများကိုပင် မြင်နေရပါသည်။ ထို့နောက်ကျွန်တော်တို့သည် ဒေါ်ဒိုနဲ လွင်ပြင်မှ ကျဉ်းမြောင်းသောမော်တော်ကားလမ်းကလေးများပေါ်တွင် မောင်းလာခဲ့ကြပါသည်။ ကျွန်တော်တို့ ခရီးပန်းတိုင်သို့ မရောက်မီတွင်ရှေးခံတပ်ကြီးများ၊ ဘုန်းကြီးကျောင်းများ၊ လေရဟတ်ကြီးများကို ဖြတ်သန်းခဲ့ကြပါသေးသည်။ ထိုနောက်တွင်မှကျွန်တော်တည်းခိုနေသည့် ရွာကလေးသို့ ရောက်လာခဲ့ခြင်းဖြစ်ပါသည်။ ထိုရွာကလေးသည် တောင် စောင်းလေးတစ်ခုပေါ်တွင် တည်ရှိပြီး အေးချမ်း ငြိမ်သက် လှပါသည်။ ပြင်သစ်ပြည်ကြီး၏ အခြေအနေသည် ညံ့ရာမှ ဆိုးလာပြီဟူသောဆောင်းပါးပါသည့် သတင်းစာကို ထိုရွာကလေးတွင်ရောက်နေစဉ် တနင်္ဂနွေနေ့ မနက်တုန်းက ဖတ်လိုက်ရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေ အီရိုညက် ကျေးလက်စံအိမ်ကြီးကို ဝင်ရောက်ကြည့်ရှုသည့် အကြောင်းကိုလည်းပြောချင်ပါသေးသည်။ ထိုကျေးလက် စံအိမ်ဝင်းထဲတွင်ရှေးအကျဆုံး ပြင်သစ်ပုံစံ ပန်းခြံ တစ်ခုလည်းရှိပါသည်။ပိုင်ရှင်မှာ မိသားစု အဆက်ဆက် ထို ကျေးလက်စံအိမ်ကြီး

နှင့် ပန်းဥယျာဉ်ကြီးကို ရာစုနှစ်ပေါင်း ငါးရာ တိုင်တိုင် ပိုင်ဆိုင်ခဲ့သူ ဖြစ်ပါသည်။ ပိုင်ရှင်က ကျောက်ထင်းရှူးပင် များနှင့် လာဗင်ဒါပင်များ ပတ်လည်ဝိုင်းနေသော သစ်သီး ပင်ငယ် လေးများကိုလည်း စိုက်ထားပါသည်။ သူသည် ပါရီ ကြော်ငြာကိုယ်စားလှယ် ဌာန တစ်ခုတွင် အလုပ်လုပ် နေ သော်လည်း သူ၏ အဖိုးတန် ရတနာကို ကြည့်ရှုစောင့် ရှောက် ရန်အတွက် သတင်းပတ်ကုန်တိုင်း ပြန်လာတတ်ပါ သည်။ ယခုအခါတွင် ထိုခြံနှင့် ကျေးလက် စံအိမ်ကြီးကို ပြင်သစ် ယဉ်ကျေးမှု ဝန်ကြီးဌာနက ရှေးဟောင်းပစ္စည်းအဖြစ် သတ်မှတ် ထားပါသည်။ ထိုနေရာသည် ပြင်သစ်လူမျိုး၏ စိတ်ဓာတ်၊ ပြင်သစ်လူမျိုး၏ အကြိုက်နှင့် ပြင်သစ်လူမျိုးတို့ မြေယာကို ချစ်တတ်ပုံတို့ကို ဖော်ပြနေသည့်နေရာလည်း ဖြစ်ပါသည်။ ထို့ပြင် လေးလံညှိုမှောင်သော တောင်ပံများဖြင့် ပျံသန်းနေ ကြသော စွန်များနှင့် သိမ်းငှက်များကိုကြည့်၍ ကျွန်တော်တို့ တအံ့တသြ ဖြစ်ခဲ့ရပုံတို့ကိုလည်း ကျွန်တော်တို့ မမေ့နိုင်ပါ။ ကျွန်တော်တို့သည် ထိုနယ်ထွက် မှိုဟင်း၊ ကျောက်ပွင့်သုတ်၊ ငုံးကြော်နှင့် ချင်းနံ့သင်းထားသော အိုက်စ ကရင်း တို့ကိုလည်းမြည်းကြည့်ခဲ့ပါသည်။ ထိုခရီးတလျှောက် တွင် စားကောင်းသောက်ဖွယ်တို့ကို မကြာခဏ စားခဲ့ရ သည့်တိုင် ထိုအရသာများသည် ကျွန်တော်တို့ရင်ထဲတွင် စွဲကျန်ရစ်ခဲ့ ကြပါသည်။

'ပြင်သစ်လူမျိုးဖြစ်ရတာ ဘာအဓိပ္ပါယ်ရှိသလဲ။' ဟုမေးလာလျှင် ထိုအချိန်ထိုကာလများအကြောင်းကို

ပြန်ပြောသည့် နည်းသည် အကောင်းဆုံးအဖြေ ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ ထိုအချိန် ထိုကာလများသည် ကျွန်တော် မွေးရာဇာတိတို့၏ အနံ့အသက်ကို ပြန်လည်တွေ့ရှိချိန် ဖြစ်ပါသည်။ ဘယ်နေရာတွေကို ဘယ်လောက်သွားသွား၊ ဘယ်နေရာတွေမှာ ဘယ်လောက်ပဲနေနေ ဒီနေရာသည် ကိုယ့်ဇစ်မြစ်၊ ကိုယ့်ချက်မြုပ်၊ ကိုယ့်တိုင်းပြည် ဖြစ်ပါသည်။ ကိုယ့်တိုင်းပြည်၏ တကယ့်အရည်အသွေးကို ကျွန်တော့်ကလေးတွေ သဘောပေါက်အောင် ပြောပြနိုင်သည့်နေရာဖြစ်ပါသည်။ ကျွန်တော်သည် အခြားသောနေရာများမှ ရှုခင်းများ၊ အရောင်အသွေးများကို သဘောမကျနိုင်ပါ။ ရုပ်မြင်သံကြား ဖန်သားပြင်၊ သတင်းစာ၊ ပါရီနှင့် ကျေးလက်တွင် ကျွန်တော် နေခဲ့သည့် အတွေ့အကြုံတို့အရ ခေတ်သစ်၏ ရောဂါတို့ကို ခံစားနေရသည့် အခြားသော ပြင်သစ်ပြည်ကြီး တစ်ပြည်ရှိနေ သေးသည်ဟု ကျွန်တော် ခံစားရပါသည်။ ပြောင်းလဲနေ သောခေတ်၊ ပြောင်းလဲနေသောစာရိတ္တနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများ၏ စိန်ခေါ်ခြင်းကိုခံနေရသော ပြင်သစ်ပြည်၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ လူဦးရေထူထပ် သိပ်သည်းမှု၊ စီးပွားရေး ဖရိုဖရဲဖြစ်မှုတို့ကြောင့် စိတ်ဒုက္ခရောက်နေရသော ပြင်သစ်ပြည်သည် အခြားသော အနောက်တိုင်းဒီမိုကရေစီ နိုင်ငံများထက် ပို၍ အင်အားကောင်းခြင်း မရှိသော၊ ပို၍ သာလွန်ခြင်း မရှိသော ပို၍ တောင့်တင်းခြင်း မရှိသော ပြင်သစ်ပြည်ကြီး ဖြစ်ပါသည်။

သို့ရာတွင် ကျွန်တော်တို့သည် ဘ၀၏ အရည်အသွေး များကို ထိန်းသိမ်းထားရာမှ လူနေမှု အဆင့်အတန်းကို လျှော့ကျ ခြင်းမရှိစေဘဲဘ၀၏ အရည်အသွေးများကို သိမ်းဆည်းထားရာချောင်ကလေးများအနက် ချောင်ကလေး တစ်ခုတွင် နေထိုင် လျှက်ရှိသည်ဟု ကျွန်တော်ခံစားရပါသည်။

ကျွန်တော်တို့သည် ထိုအရည်အသွေးများကို ဖြုန်းတီးမပစ်သင့်ပါ။ တပြိုင်နက်တည်းတွင် ကျွန်တော်တို့သည် ပြင်သစ်ပြည်၏ ခေတ်ပြိုင်ရောဂါများနှင့် အဓိကကျသော ကျန်းမာ တောင့်တင်းမှု၏ ပဋိပက္ခများကိုလည်း နားလည်ထားသင့်ပါသည်။ ကျွန်တော်တို့သည် ထိုပဋိပက္ခများနှင့်အတူ ယှဉ်တွဲနေထိုင်ရမည်သာဖြစ်ပါသည်။ ကျွန်တော်တို့သည် ပါရီရောရွာလေးမှ ပြန်လာခဲ့ကြပါသည်။ ကျွန်တော်သည် ကျွန်တော့်အား ထိုအတွေး များကိုပေါ်ပေါက်စေခဲ့သည့် သတင်းစာဖြင့် ထိုနယ်ထွက် ဘယ်ရီသီးများနှင့် ထိုနယ်ထွက် ဆိတ်နို့ဒိန်တို့ကိုထုပ်ပြီးပါရီသို့ ပြန်လာခဲ့ပါသည်။ အဓိပ္ပာယ်ပြည့်ဝသော ထိုသတင်းပတ် ကုန်ဆုံးပြီးနောက် တမနက်၌ ကျွန်တော်တို့သည် ကျွန်တော်တို့ စားသောက်ဖွယ်ရာများကိုမီးဖိုထဲက ထမင်းစားပွဲပေါ်တွင် ခင်းကျင်းပြင်ဆင်ပါသည်။ ကလေးများသည် အရည်ရွှမ်းသော ချယ်ရီသီးများကို သဘောကျနေကြပါသည်။ ပြုပြင်မထားသည့် အတွက် ဆိတ်နို့ဒိန်ကလည်း အရသာ ရှိလှပါသည်။

သတင်းစာထဲမှ 'ပြင်သစ်ပြည်ကြီး အခြေအနေဆိုးနေပြီ' ဆိုသည့် ဆောင်းပါးခေါင်းစဉ်ကိုလည်း ခေါင်းထဲမှ

ဖျောက်ပစ်လိုက်ပါသည်။

ထိုသတိပေးချက်သည် အချိန်အတန်ကြာသည်အထိ ကျွန်တော့်ခေါင်းထဲတွင် စွဲနေပါသေးသည် သို့ရာတွင် အနောက် တောင်ပိုင်းကျေးလက်မှ ရနံ့များလောက်တော့ ကြာရှည်စွဲမြဲခြင်း မရှိပါ။

ရည်ညွှန်း။ (၁၉၉၁ ခု ဇူလိုင် ၁၅ ရက်နေ့ထုတ်
Time မဂ္ဂဇင်းမှ Philippe Labro ၏
On Being French ကို ပြန်ဆိုသည်။)

❒ ❒ ❒



# ကဗျာမဆန်သောပတ်ဝန်းကျင်ဗေဒ
# ကြေညာစာတမ်း

ဒီမိုကရေစီကို သက်ဝင်ယုံကြည်ခြင်း၊ ပိုလီယက်စတား အထည်စကို မုန်းတီးခြင်း စသည်တို့သည် ယဉ်ကျေးသော လူ့အဖွဲ့အစည်း တစ်ခုတွင်လိုအပ်သော အရည်အသွေးတစ်ခု ဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ဗေဒဆိုင်ရာ အသိစိတ်ဓာတ်သည်လည်း ယဉ်ကျေးသော လူ့အဖွဲ့အစည်းတွင် လိုအပ်သော အရည်အချင်း တစ်ခုဖြစ်နေလေပြီ။ ထို့ကြောင့်ပင်လျှင် သမ္မတ ဘုရှ်မှ အစ (စီအင်အင် ရုပ်မြင်သံကြားဆရာ) တက်ဒ် တန်းနား အထိ၊ စတော့အရောင်းအဝယ်လုပ်သည့် ဒေါ်ဂျုန်းကုမ္ပဏီမှသည် အက်ဇွန်ရေနံကုမ္ပဏီအထိ အသီးသီးသော လူပုဂ္ဂိုလ်၊ အသီးသီး သောအဖွဲ့အစည်းတို့သည် အမိမြေဝသုန်ကို ချစ်မြတ်နိုးကြောင်း ထုတ်ဖော်ကြေငြာလျက်

ရှိကြလေပြီ။ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးအတွက် အဆို ပြုချက်များ၊ တားမြစ်ချက်များ၊ စီမံချက်များ၊ စည်းကမ်း ချက်များ၊ ဥပဒေများကိုလည်း အသီးသီးတင်ပြ လျက် ရှိလေပြီ။ သို့ရာတွင် တစ်ခုနှင့်တစ်ခု ဆန့်ကျင် ကွဲလွဲ လျက်ရှိသော ထိုဒါဇင်ပေါင်းများစွာသော တင်ပြချက်များကို ကျွန်တော်တို့ မည်သို့ရွေးချယ်ကြမည်နည်း။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဟု ပြော၍ တင်ပြလာသော အဆိုပြု ချက်တိုင်းကို လက်ခံဖို့ ဆိုသည်မှာ မဖြစ်နိုင်ပါ။ သို့ဖြစ်လျှင် တင်ပြချက်များကို ကျွန်တော်တို့ မည်သို့ ရွေးချယ်ကြ မည်နည်း။

လွယ်ကူ ရှင်းလင်းသည့် နည်းတစ်ခုတော့ ရှိပါ သည်။ ပထမအားဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ဇိမ်ခံ ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ မရှိမဖြစ် လိုအပ်သော အခြေခံ ပစ္စည်းများကို ခွဲခြားဖို့လိုပါသည်။ ဇိမ်ခံပစ္စည်း ဆိုသည်မှာ ဈေးကြီးပေး၍ မဝယ်ရလျှင် ကျွန်တော်တို့တွင် ရှိဖို့ကောင်းသည့် ပစ္စည်းများကို ခေါ်ခြင်းဖြစ်ပါသည်။ မရှိမဖြစ်လိုအပ်သော အခြေခံပစ္စည်းဆိုသည်မှာ ဈေးကြီး ပေးရသည်ဖြစ်စေ၊ မပေးရသည်ဖြစ်စေ၊ ကျွန်တော်တို့တွင် မရှောင်မလွှဲသာရှိရမည့် ပစ္စည်းများကို ခေါ်ခြင်းဖြစ်ပါသည်။ ယခု ပတ်ဝန်းကျင် ထိန်းသိမ်း ရေးပြဿနာကိုလည်း ထိုမူအတိုင်းချ၍ ကြည့်သင့်ပါသည်။ ထိုမူကို တည်ကြည် မှန်ကန်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒဟု ခေါ်ပါစို့။ လူထုများ၏ ကျန်းမာရေး နှင့် လုံခြုံရေး တို့ကို တိုက်ရိုက်

ခြိမ်းခြောက်နေသော ဂေဟဗေဒ ဆိုင်ရာ ပြောင်းလဲမှု မှန်သမျှကို ဆန့်ကျင်တိုက်ဖျက် သင့်ပါသည်။ ထိုသို့ဆန့်ကျင် တိုက်ဖျက်ခြင်းသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ အခြေခံလိုအပ်ချက် ဖြစ်ပါသည်။ ထိုမှလွဲလျှင် ကျန်လုပ် ဆောင်ချက်တို့သည် ဇိမ်ခံခြင်း ဖြစ်ပါသည်။

ဥပမာအားဖြင့် အိုဇုန်းခါတ်ငွေ့ပါးလွှာမှု၊ ဖန်လုံအိမ် အာနိသင်တို့ကို တားဆီးခြင်း စသည့် ပတ်ဝန်းကျင်လေထုကို ထိန်းသိမ်းရေးလုပ်ငန်းသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ လိုအပ်ချက်ဖြစ်သည်။ အိုဇုန်းခါတ် ပျက်စီးမှုသည် ထင်သည်ထက် အခြေအနေဆိုးကြောင်းဖြင့် ဧပြီလထဲတုန်း က သိပ္ပံပညာရှင်များက ပြောခဲ့ကြသည်။ အိုဇုန်းခါတ် ပါးလွှာလာ ခြင်းသည် အရေပြားကင်ဆာနှင့် မျက်လုံးတိမ်စွဲ ရောဂါတို့ကို ဖြစ်စေရုံမျှမက လူသားတို့စားသောက်လျက်ရှိ ကြသောအစား အစာ ကွင်းဆက်ကြီးထဲတွင် ထိပ်ဆုံးမှရှိသည့် ပလင့်တွန်ခါတ် ကိုပါ ပျက်စီးစေနိုင်သည်။

ဝင်ရိုးစွန်းမှရေခဲတုံးကြီးများ အရည်ပျော်လာခြင်း၊ ပင်လယ်ကမ်းခြေများတွင် ထူးကဲသည့်ဒီရေများတက်ခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်း၊ မြေကြီးခြောက်သွေ့ခြင်းနှင့် နောက်ဆုံးတွင်စပါးကျီများ ဟာလာဟင်းလင်း ဖြစ်သွားစေ နိုင်သည် ဆိုသည့် ဖန်လုံအိမ် အာနိသင်ကြောင့် ပေါ်ပေါက် လာ နိုင်သည့် ရလာဒ်များမှာ ကြောက်ဖွယ်ကောင်း သည်မှန်ပါ၏။ သို့ရာတွင် ဖန်လုံအိမ် အာနိသင်၏ ရလာဒ် ဆိုသည်မှာ မှန်းဆချက်အဖြစ်မျှသာ ရှိပါသေးသည်။

အမေရိကန်အနောက် အလယ်ပိုင်းသည် ကမ္ဘာကြီးကို ကျွေးထားသည့် စပါးကျီကြီးဖြစ်ပါသည်။ အိုင်အိုးဝါးပြည်နယ် သည် နယူးမက္ကစီကို ပြည်နယ်က သဲကန္တာရ ရာသီဥတုမျိုး၊ ဆိုက်ဘေးရီးယား ပြည်နယ်သည် အိုင်အိုးဝါးပြည်နယ်က ရာသီဥတုမျိုးကို လက်ခံရန် အဆင်သင့်ဖြစ်နေကြပြီလော။

အိုဇုန်းဓာတ်ပါးလွှာမှုနှင့် ဖန်လုံအိမ်အာနိသင်တို့သည် လူတို့ကြောင့်ဖြစ်သော ဘေးအန္တရာယ်ကပ်ကြီးဖြစ်ပါသည်။ ထိုအခြင်းအရာများသည် ပတ်ဝန်းကျင်ထဲတွင်သာ ဖြစ်ပေါ်ပါသည်။ သို့ရာတွင် ထိုပြဿနာသည် အလွန်အရေးကြီးပါသည်။ အကြောင်းမှာ လူတို့ကို တိုက်ရိုက်ခြိမ်းခြောက်နေသောကြောင့် ဖြစ်ပါသည်။ အများကထောက်ခံအားပေးသည့် တည်ကြည် မှန်ကန်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝါဒဆိုသည်မှာ သဘာဝသည် လူကို အလုပ်အကျွေးပြုရသည်ဟု ပွင့်ပွင့် လင်းလင်းထုတ်ဖော်ကြေညာရဲရပါသည်။ တည်ကြည်မှန်ကန် သောပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒဆိုသည်မှာ လူကို အဓိကထား၍၊ လူကို ဗဟိုပြု၍ စဉ်းစားသော ဝါဒဖြစ်ပါသည်။ ထိုဝါဒသည် သဘာဝကြီးကို ထိန်းသိမ်းရန် လူကို လှုံ့ဆော်ပါသည်။ သို့ရာတွင် သဘာဝတည်မြဲရေးအတွက် သဘာဝကို ထိန်းသိမ်းရန် မဟုတ်ဘဲ လူမျိုးနွယ်ကြီး တည်တံ့ရေးအတွက် သဘာဝကို ထိန်းသိမ်းရန်ဖြစ်ပါသည်။

တည်ကြည်မှန်ကန်သော ပတ်ဝန်းကျင်ထိန်းသိမ်း

ရေးဝါဒသည် ကမ္ဘာမြေကြီးနှင့် ပတ်သက်၍ စိတ်ကူးယဉ်ခြင်း မရှိပါ။ အခြားသော သတ္တဝါ မျိုးနွယ်များ တည်တံ့ရေးအတွက် လူကို စွန့်လွှတ်အနစ်နာခံရန်တောင်းဆိုခြင်းမရှိပါ။ တိရစ္ဆာန်အတွက် မပြောနှင့် လူ လူချင်းအတွက်ပင် စွန့်လွှတ်အနစ်နာခံဖို့ တိုက်တွန်းရသည်မှာမလွယ်ပါ။ (နိုင်ငံခြားထောက်ပံ့ငွေများနှင့် လူထု သက်သာချောင်ချိရေး လုပ်ငန်းများအတွက် သုံးစွဲတိုင်း လူထုက အမြဲတမ်း ကန့်ကွက်ခဲ့သည် မဟုတ်လော။) ပင်ပန်းကြီးစွာ လုပ်ရသည့် အခွန်ထမ်းမဲဆန္ဒရှင်တစ်ဦးအား ပက်ကျိ ခရုမျိုးနွယ် အတွက် စွန့်လွှတ်အနစ်နာခံရန်သွား၍ တရားဟောလျှင် (စိတ်ကောင်း ဝင်နေချိန်ဖြစ်ပါက) အနည်းဆုံး ပခုံးကိုတော့ တွန့်ပြသွား ပေလိမ့်မည်။

လူကို ဗဟိုပြုသည့် ဤပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝါဒ သည်မြေကြီးကို ဘုရားသခင် သဖွယ် ကိုးကွယ်နေသည့် ခေတ်ပြိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝါဒနှင့် ဖြောင့် ဖြောင့်ကြီး ဆန့်ကျင်လျက် ရှိကောင်းရှိပါလိမ့်မည်။ သိပ္ပံ နည်းကျသော သဘောတရားတစ်ခုဖြစ်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒ (ယင်းမှာ ဂိုင်ယာ သဘောတရားဖြစ် သည်။) ဆိုလျှင် မြေကြီးသည်ပင် သက်ရှိဇီဝရုပ်တစ်ခုဟု ပြောခဲ့ပါသည်။ ထိုသို့သော ပတ်ဝန်းကျင် ထိန်းသိမ်းရေး အယူအဆသည် နာမ်ပိုင်းဆိုင်ရာအယူအဆ ဖြစ်သည်ဟု ဆိုကြပါသည်။ အမှန်အားဖြင့်မူ ထိုအယူအဆသည် စိတ်ကူးယဉ်ဆန်သော အယူအဆမျိုးသာဖြစ်ပါသည်။

ဥပမာအားဖြင့်ပြောရလျှင် ထိုအယူအဆသည် သဘာဝလောကကြီးကို တည်ငြိမ်မြင့်မြတ် သည့်တရားကြီးတစ်ခုအဖြစ် အထွတ်အမြတ်ထားပါသည်။ ကျွန်တော့်အဖို့သော်ကား ကင်းဆက်ပြည်နယ်ထဲသို့ ဝင်ရောက် မွှေနှောက်သွားသော ဗြိတိသျှလဆင်နှာမောင်းကိုဖြစ်စေ၊ ဘင်္ဂါလီ လူမျိုး ၁၂၅,၀၀၀ တို့ကို သတ်ဖြတ်ကာ လူဆယ်သန်းတို့ကို အိုးမဲ့ အိမ်မဲ့ ဖြစ်စေခဲ့သော မေလ ဆိုင်ကလုန်းမုန်တိုင်းကို ဖြစ်စေ ကြည့်ပြီး သဘာဝကြီးကို ကိုးကွယ်ချင်စိတ် ကုန်ခမ်းသလောက် ဖြစ်သွားပါသည်။

'လူသည် အရာအားလုံးကို တိုင်းထွာရာ စံချိန်ဖြစ်သည်'ဟု ပရိုတာ ဂိုးရတ်စ်က ပြောခဲ့ပါသည်။ စိတ်ကူးယဉ်မဆန်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒသည် ထိုမူပေါ်တွင် အခြေခံပါသည်။ ထိုသို့သော အယူအဆမျိုးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အငြင်းပွားနေကြသော ကျွန်တော်တို့တစ်တွေအား အတားအဆီးများကို ကျော်လွှားရာတွင် များစွာ အကူအညီရစေပါသည်။ ဥပမာအားဖြင့် ယခုလောလောဆယ်တွင် အလာစကား အမျိုးသား ဘေးမဲ့တောတစ်နေရာတွင် ရေနံတူးသည့် ကိစ္စနှင့် ပတ်သက်၍ အငြင်းပွားနေသည့် အချက်ကို ကြည့်နိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝါဒီများက ထိုဒေသတွင် ရေနံတွင်းတူးဖော်ခွင့်ပြုရန် ဥပဒေကြမ်းတစ်ရပ်ကို ကန့်ကွက်တားဆီးဖို့ ကြိုးစားနေကြပါသည်။ သူတို့က အမေရိကန်

တို့သည် စွမ်းအင်များကို တူးဖော်ခြင်းမပြုဘဲ ထိန်းသိမ်းထားသင့် ကြောင်းဖြင့် ပြောနေကြပါသည်။ သူတို့ပြောသည့်နည်းမှာ မှန်သောနည်း မဟုတ်ပါ။ အမေရိကန်ပြည်ထောင်စုသည် စွမ်းအင် သုံးမှုကို လျှော့ချရန်အတွက် စွမ်းအင်အခွန်ကို တိုးမြှင့်ဖို့ လိုပါသည်။ သို့ရာတွင် စွမ်းအင်ကို ပို၍ ထုတ်လုပ်ဖို့လည်း လိုနေပါသည်။ အလာစကား အမျိုးသား ဘေးမဲ့တော အောက်တွင် အမေရိကန်ပြည်ထောင်စု၏ အကြီးဆုံးသော ရေနံမြေကြီး ငါးခု အနက်တစ်ခု တည်ရှိနေနိုင်သည် ဆိုသည့် အချက်သည် ငါးဆယ်ငါးဆယ်နှုန်း ခန့်မှန်းသော အချက်ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ရေနံအတွက် စစ်ပွဲ တစ်ပွဲကို မကြာခင်ကပင် တိုက်ခိုက် ခဲ့ပါသေးသည်။ စွမ်းအင်အတွက် သူတစ်ပါးကို မှီခိုနေရခြင်း သည် အမေရိကန် ပြည်ထောင်စုအတွက် ဒေါ်လာများကိုသာကုန်ကျစေသည် မဟုတ်၊ အသက်များကိုပါ ကုန်ကျစေရပါသည်။ အာတိတ် စက်ဝိုင်းဝန်ဆွဲ ဒရယ်မျိုးတုံးမည်စိုးသည့်အတွက်မြေကြီးအောက်တွင် အေးအေးသက်သာ တူးဖော်ရရှိနိုင်သော ရေနံကို မတူးဘဲ နေလျှင် ယင်းသည် လွဲမှားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝါဒသာလျှင် ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် အခြားသူများကဲ့သို့ပင် အာတိတ် ဝန်ဆွဲ ဒရယ်များကို သဘောကျတတ်သူ ဖြစ်ပါသည်။ သူတို့၏ မိတ်လိုက်တတ်သော ဓလေ့ထုံးတမ်းများအား သွားရောက်

ဖျက်စီးခြင်းကို ကျွန်တော်လည်းမလိုလားပါ။ သို့ရာတွင် ဘဝဆိုသည်မှာ တစ်ခုရချင်လျှင် တစ်ခုပေးရပါသည်။ နှစ်ခု စလုံးမရနိုင်ပါ။ အကယ်၍ အာတိတ် ဒရယ်၏ မျိုးနွယ် တည်တံ့ရေးနှင့် စစ်ပွဲတွင် လူတွေ သေကြေပျက်စီးစေသော ရေနံအပေါ် မှီခိုမှုမှ ကင်းလွတ်မှုကို ရွေးပါဆိုလျှင် ကျွန်တော် သည် အာတိတ် ဝန်ဆွဲဒရယ် ကို မရွေးဘဲ လူကိုသာ အမြဲတန်း ရွေးမည်ဖြစ်ပါသည်။

အော်ရီဂွန်းနယ်က ဇီးကွက်နှင့် ပတ်သက်၍လည်း အလားတူပင် ဖြစ်ပါသည်။ ကျွန်တော်သည် ဇီးကွက်ကို မုန်းသူတစ်ယောက် မဟုတ်ပါ။ ဇီးကွက်တို့ မျိုးနွယ် ထိန်းသိမ်းရေး အတွက် တန်ဖိုးမပေးရလျှင် သို့မဟုတ် တန်ဖိုးမကြီးလျှင် ကျွန်တော်သည် ထိုကိစ္စကို သဘော တူမည်သာ ဖြစ်ပါသည်။ သဘာဝလောကကြီး၏ အမျိုးအမည် စုံလင်မှုသည် ကောင်းပါသည်။ အလှအပ အတွက် အလွန်ကောင်းပါသည်။ သို့ရာတွင် ထို့ထက်တော့ မပိုပါ။ တခါတရံတွင် အခြေခံကျသော အရာများအတွက် အပေါ်ယံကျသော အလှအပများကို စွန့်လွှတ်ရသည့် အခါများ ရှိတတ်ပါသည်။ ဇီးကွက်မျိုးနွယ်ကို ထိန်း သိမ်းရခြင်းကြောင့် သစ်ခုတ်အလုပ်သမား ၃၀၀၀၀ တို့၏ မိသားစုများ ၏ သက်မွေးကျောင်း လုပ်ငန်းဆုံးရှုံးရ သည်ဆိုလျှင် ကျွန်တော်သည် ဇီးကွက်မျိုးနွယ် ထိန်းသိမ်းရေး ထက် အလုပ်သမားမိသားစုတို့၏ သက်သာချောင်ချိရေးကို ဦးစားပေးရမည်သာ ဖြစ်ပါသည်။

ကျွန်တော်တို့ အရေးတကြီးထား၍ ခွဲခြားရမည့် အချက်မှာ အခြေခံကျသော ပတ်ဝန်းကျင် ထိန်းသိမ်း ရေးလား၊ အပေါ်ယံအလှအပ ဖြစ်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေး လား ဆိုသည့် ကိစ္စဖြစ်ပါသည်။ သဘာဝ လောကကြီးသည် ကျွန်တော်တို့၏ အရှင်သခင်မဟုတ်ပါ။ ကျွန်တော်တို့၏ အစောင့်ရှောက်ခံဖြစ်ပါသည်။ သဘာဝ ကြီးကို ကျွန်တော်တို့ လေးစားဖို့ လိုပါသည်။ ပြုစု ပျိုးထောင် ပေးဖို့ လိုပါသည်။ သို့ရားတွင် သဘာဝကြီးသည် (တိရစ္ဆာန် များ၊ အပင်များ၏ ကမ္ဘာ မဟုတ်ဘဲ) လူတို့၏ ကမ္ဘာလောက ဖြစ်ပါသည်။ လူသည် မိမိ ကောင်းမွန် တိုးတက်ရေးနှင့် သဘာဝကောင်းမွန် တိုးတက်ရေးတို့ကို ရွေးရတော့မည် ဆိုပါက သဘာဝကြီးကို လူ့ဆန္ဒနှင့်ညီအောင် ပြောင်းလဲရမည် ဖြစ်ပါသည်။

သဘာဝ၏ ကံကြမ္မာနှင့် လူ၏ ကံကြမ္မာသည် ခွဲခွာ မရနိုင်လောက်အောင် ဆက်စပ်နေသည့် အချိန်မျိုးတွင်မှ လူသည်ပြောင်းလဲရမည် ဖြစ်ပါသည်။ လူ့ခန္ဓာ၏ အချက်အချာ အကျဆုံးသော ပစ္စည်းဖြစ်သည့် အိုဇုန်း အလွှာတို့ကို ခြိမ်းခြောက်လာသည် ဆိုလျှင်မူ လူသည် နေထိုင်မှုကို ပြောင်းလဲပစ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် လူမျိုးနွယ်အား ခြိမ်းခြောက်မှုသည် ကြီးထွား မလာသေး လျှင်မူ (ဥပမာအားဖြင့် ကျောက်မီးသွေးမှ ဓာတ်ငွေ့များ၊ ရေနံဖြင့်မောင်းနှင်သည့် ဂျင်နရေတာများမှ ထွက်သော ဓာတ်ငွေ့များကြောင့် ရောဂါဖြစ်နိုင်သည့်တိုင် ဂေဟဗေဒ

ဆိုင်ရာ စနစ်ကြီးကို ပျက်စီးစေလောက်အောင် မဟုတ်လျှင်) စီးပွားရေးလုပ်ငန်းနှင့် ကျန်းမာရေးလုပ်ငန်းတို့ကို ဟန်ချက်ညီအောင် ပြုပြင်ပေးသင့်ပါသည်။ သို့ရာတွင် ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းပါ။ အဘယ့်ကြောင့်ဆိုသော် လူ၏ ပတ်ဝန်းကျင်ဖြစ်သောကြောင့် ဖြစ်သည် ဆိုသည့်မှု ဖြစ်ပါသည်။ (ပတ်ဝန်းကျင်ထိန်းသိမ်း ရေး လုပ်ငန်းသည် အပင်များ၊ တိရစ္ဆာန်များနှင့် အလှအပ အတွက် မဟုတ်ဘဲ လူ၏ အခြေခံကျသော ရှင်သန်မှု အတွက်သာ ဖြစ်သင့်ပါသည်။)

စိတ်ကူးယဉ်ဆန်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဗေဒသမားများကမူ ကျွန်တော်၏ အယူအဆကို မှားသော အမြင်ဟု ပြောကောင်းပြောကြပါလိမ့်မည်။ မှန်ပါသည်။ တည်ငြိမ်မှန်ကန်၍ လူသားဆန်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒ ဆိုသည်မှာ သဘာဝအတွက် ကောင်းကျိုး ဆောင်သော ဝါဒမဟုတ်ဘဲ လူအတွက် ကောင်းကျိုးဆောင်သော ဝါဒသာလျှင်ဖြစ်ပါသည်။

ရည်ညွှန်း။ Time, June, 17, 1991
Saving Nature, But Only for Man.

❒ ❒ ❒

http://www.cherrythitsar.org

# ၉ ၏ မာယာပရိယာယ်များ

ထိုအရာသည် ကျွန်တော်တို့ စိတ်ထဲမှ ဖြတ်သန်းသွားသည်။ ထိုအရာသည် နေ့စဉ်နှင့်အမျှ ကျွန်တော်တို့ လက်ချောင်းများပေါ်မှ ခုန်ဆင်းသွားသည်။ ထိုအရာသည် ကျွန်တော်တို့ မျိုးနွယ် ကျွန်တော်တို့ ဘာသာစကားတို့ကို ပမာမထား။ ကိုယ့်မွေးနေ့လို၊ ကိုယ့်တယ်လီဖုန်းနံပါလို၊ ကိုယ်နေထိုင်လျက်ရှိသည့်အိမ်လို ကိုယ်နှင့်နီးစပ်သည်။

သို့ရာတွင်ကျွန်တော်တို့သည် ၉ အကြောင်းကို ဘယ်နှစ်ခါများ တွေးမိကြပါသနည်း။ စကြာဝဠာကြီး၏ လျှို့ဝှက်ချက်တို့သည် ဂဏန်းများထဲ တွင်တည်ရှိနေကြသည်ဟု ပိုက်သာဂိုးရတ်စ်၊ ပလိုတီးနတ်စ်နှင့် အခြား

အခြားသော ပညာရှိကဝိတို့က ယူဆကြသည်။ ထာဝရဘုရားနှင့် သဘာဝ လောကကြီးသည် ရက် ၄၀ တစ်လှည့်၊ ၂၈ ရက် တစ်ပတ်၊ ၉ လတစ်ကြိမ် သွားလာလှည့်ပတ်နေသည်ဟု ယူဆကြသည်။ သို့ရာတွင် မျက်စိမှိတ်၍ စဉ်းစားကြည့်လိုက်သည့် အခါတွင် ၉ တစ်ခုတည်းသာလျှင် စကြဝဠာကြီးတစ်ခုလုံးနှင့် သက်ဆိုင် သည်ကို တွေ့ရသည်။

ဂဏန်းတိုင်းတွင် ကိုယ်ပိုင် ဝိသေသ လက္ခဏာ ချက်တွေ ရှိသည်။ ကိုယ်ပိုင်ထူးခြား ထင်ရှားသည့် အရောင်အသွေးတွေရှိသည်။ ဥပမာ ၅ သည် မထင်ရှားသော အညတရ စာရင်းကိုင် (ရေတွက်သူ) ဖြစ်သည်။ ကိန်းပြည့်အပေါင်းတို့၏ ရင်းနှီးခိုင်မာသော မိတ်နိုင်ငံတော်သားကြီး ဖြစ်သည်။ တနည်းပြောရလျှင် ကိန်းပြည့်အပေါင်းတို့၏ဂျွန်မေဂျာ ဖြစ်သည်။ ၆ သည် တက်ကြွသော ကြွေးကြော်သံ တိုင်သူ၏ နွေဦးပေါက် ဆောင့်ကြွားဟန်မျိုးရှိသည်။ ဆောင့်ကြွားမှုများ သွားလျင်ကား ငရဲသို့ရောက်တတ်ပါသည်။ (၁၆၆ သည် ငရဲမင်း၏ နံပါတ် ဖြစ်ပါသည်။) ၇ သည် လူတိုင်းအဖို့ ကံကောင်းသော နံပါတ်ဖြစ်သည်။ ကျွန်တော်တို့၏ ဘဝများကို သီတာ ၇ တန်၊ တောင်စဉ် ၇ ထပ်၊ သမုဒ္ဒရာ ၇ စင်း၊ ကောင်းကင်ဘုံ ၇ ထပ်၊ ကျက်သရေ ၇ ပါးတို့ဝန်းရံနေပါသည်။

(မကောင်းသည့်ဘက်တွင်မူ ဒုစရိုက် ၇ ပါးရှိပါသည်။)

သို့ရာတွင် ၉ သည် မည်သည့် အဓိပ္ပာယ် ကိုဆောင်ပါသနည်း။

ကျွန်တော်တို့ သိကြသည့်အတိုင်း ၉ သည် မ ဂဏန်းဖြစ်ပါသည်။ (တော်တော်ဝွကျသည့် ဂဏန်းဖြစ်ပါသည်) ရှေးဦးကျသော နှစ်ထပ်ကိန်း တစ်ခုဖြစ်ပါသည်။ ၉ သည် ၆ ကို ပြောင်းပြန်လှန်ထားခြင်းဖြစ်ပြီး စက်ဝိုင်းတစ်ခုနှင့် မျဉ်းကြောင်းတစ်ကြောင်း ဖြစ်ပါသည်။ အမြင့်ဆုံးသော ဂဏန်းဖြစ်ပြီး နောက်ဆုံးအရာဝတ္ထုများကို ဖော်ပြသည့် သဘော ရှိပါသည်။ သို့ရာတွင် ၉ ၌ ထူးဆန်းသော ပဉ္စလက် တန်ဖိုး ရှိပါသည်။ ၉ နှင့် မည်သည့်ကိန်းကို မြှောက်မြှောက် စုစုပေါင်းရသည့် ကိန်းသည် ၉ဖြစ်ပါသည်။ (၇×၉= ၆၃၊ ၆+၃ = ၉) ထိုကိန်းတို့ကို ပြောင်းပြန်လှန်လျှင် ရလာဒ်ကိန်း ၃၆ သည် ၉ ဖြင့်မြှောက်၍ရသော ကိန်းတစ်ခုဖြစ်ပါသည်။ သင်ကြိုက်သည့် ကိန်းတစ်ခုကိုရွေးပါ။ ဥပမာ (၄၃၂၁)။ ထို့နောက် ၉ ဖြင့် စားပါ။ ကြွင်းသော ကိန်း ၁ သည် (၄ + ၃ + ၂ +၁) တို့ပေါင်းရကိန်းအား ၉ ဖြင့်စားသောအခါ ကြွင်းသောကိန်းနှင့် အတူတူပင်ဖြစ်ပါသည်။ ထို့ကြောင့် သင်္ချာပညာရှင်များသည် သူတို့တွက်ချက်မှုများကို စစ်ဆေးရာတွင် '၉ ဂဏန်းများကို ဖယ်ထုတ်ထားလေ့' ရှိကြပါသည်။

ထို့ကြောင့် ၉ သည် ကျွန်တော်တို့အတွက် နှစ်ထပ်ကိန်းရင်းဖြစ်ပါသည်။ ဖဲဝိုင်းစားပွဲပေါ်က လောင်ကြေး ပိရမစ် ဇစ်မြစ်ဖြစ်ပါသည်။ ဆင့်ကဲဆင့်ကဲ ပွား၍သွားသော အရာအမျိုးမျိုးတို့၏ ဇစ်မြစ်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ၉ကို

ထို့ထက်လွယ်ကူသော ပုံသဏ္ဍာန်များဖြင့်လည်း သိကြပါသေး သည်။ ဥပမာ ၉ သည် စီရင်ဆုံးဖြတ်သော အဖွဲ့တစ်ဖွဲ့၏ မိတ်ဆွေတစ်ဦး ဖြစ်ပါသည်။ (အမေရိကန်တရား လွှတ်တော်ချုပ်တွင် တရားဝန်ကြီး ၉ ဦးရှိပါသည်။) ကောင်း ကင်ဘုံသို့သွားရာ သော့ချက်ဖြစ်ပါသည်။ (ဂြိုလ်ကြီး ၉ လုံးရှိပြီး ဂရိနတ်ဘုရား ၉ ပါးရှိပါသည်။) စာရင်း အင်းဗေဒပါရဂူများသည် ၉ ကို သဘောကျကြပါသည်။ အကယ်၍ ဘေ့စ်ဘောကစားသည့် အခါ၌ (၉ကြိမ်စီရိုက်၍ ပြီးရသည့်ပွဲမျိုးဖြစ်လျှင်) ကိုယ့်အသင်းက ၉ ယောက်အနက် ဘယ်နှစ်ဦး ၉ ချက်ရိုက်ပြီးသည်ကို အလွယ်မှန်လိုလျှင် ၉ ကိုသာ မှတ်ရပါသည်။ (၉ ချက် နှစ်ယောက် ရိုက်ပြီးလျှင် ၂၂၂၊ ၉ ချက် သုံးယောက် ရိုက်ပြီးလျှင် ၃၃၃၊ ၉ ချက် လေးယောက်ရိုက်ပြီးလျှင် ၄၄၄ စသဖြင့် ၉ ကို မှတ်၍ အလွယ်မှတ်ကြပါသည်။) ၉ သည် ဈေးသည်များ အတွက်လည်း တန်ဖိုးမဖြတ်နိုင်သည့် အကူအညီတစ်ခုဖြစ် ပါ သည်။ ဈေးနှုန်းသတ်မှတ်ရာတွင် ၉. ၉၉ ဒေါ်လာ ၄၉. ၉၅ ဒေါ်လာစသဖြင့် သတ်မှတ်ကြပါသည်။ စုံဂဏန်း စနစ်တွင် ၉သည် ၁၀၀၁ ဖြစ်ပါသည်။ (၁၀၀၁ သည် ထူးဆန်း၍ စွဲမက်ဖွယ်ကိန်းဂဏန်း တစ်ခုဖြစ်ပါသည်။ အင်္ဂလန်တွင် အရေးပေါ်ကိစ္စပေါ်လျှင် ၉၉၉ ကို တယ်လီဖုန်း ဆက်ရပါသည်။ ယင်းမှာ ၆၆၆ ကိန်းဂဏန်း၏ ဘေးဆိုးကို လွှဲဖယ်ရန်ဖြစ်ပါသည်။)

၉ တွင် မကောင်းသည့် ဘက်များလည်းရှိပါသည်။ လျှပ်စစ်ဓတ် ယိုပေါက်နေသည့် နေရာများကို ကိန်းဂဏန်းဖြင့် အမှတ်အသားပြုတတ်သည်။ ၉ သည် လဲကျသွားသော လက်ဝှေ့သမား တစ်ယောက်ပြန်ထဖို့ နောက်ဆုံးအခွင့်အရေး ပေးသည့် ဂဏန်းဖြစ်သည်။ ကြောင်တစ်ကောင် အသက်မထွက်မီတွင် ရေတွက်ပေးသည့် နောက်ဆုံးဂဏန်း လည်းဖြစ်သည်။ ချစ်သူရည်းစားက တံခါးပိတ်နှုတ်ဆက် မသွားမီ ရေတွက်သည့် နောက်ဆုံးနံပါတ်လည်းဖြစ်ပါသည်။

မှန်ပါသည်။ ဂဏန်းတိုင်းသည် ကျွန်တော်တို့က အမှတ်သညာပြုထားသည့် ပညတ်များသာဖြစ်ပါသည်။ လူတစ်ယောက်၏ ဆုံးရှုံးမှုကိုပြလိုလျှင် ၉ ဟုမပြောဘဲ ၁၀-၁ဟူ၍လည်း ပြော၍ရပါသည်။ လူတစ်ယောက်၏ အောင်မြင်ကို ပြောလျှင် ၉ ဟု မပြောဘဲ ၂+၃+၄ ဟုလည်းပြော၍ရပါသည်။ အမှန်အားဖြင့် ၄ သည် ပိုက်သာဂိုရတ်စ်အဖို့ သိဒ္ဓိမြောက် သည့် ကိန်းဂဏန်း ဖြစ်ပါသည်။ ကျွန်တော်တို့သည် ရာသီ ၄ ခု၊ အရပ် ၄ မျက်နှာ၊ ဓာတ်ကြီး ၄ ပါးတို့ဖြင့် ဟန်ကျနေကြပါသည်။ သို့ရာတွင် တရုတ်ပြည်တွင်မူ ရာသီ ၅ ခု၊ အရပ် ၅ မျက်နှာ၊ ဓာတ်ကြီး ၅ ပါးဟု ရေတွက်ပါသည်။ အကြောင်းမူ ၄ သည် အသုဘ နိမိတ် ဖြစ်နေသောကြောင့်ဖြစ်ပါသည်။ ယခုတိုင် ပင်လျှင် အရှေ့ဖျားတိုင်းပြည်များတွင် ဟိုတယ်များ၍ပင် စတုတ္ထ အထပ်သည် ၁၃ ထပ်ကဲ့သို့ပင် နံပါတ်ချန်လှပ်ထားခဲ့သည် များရှိနေပါသေးသည်။

၉ ဂဏန်းသည် ကောင်းသည့်ဘက်တွင်ရော မကောင်းသည့် ဘက်တွင်ပါရှိပါသည်။ ခရစ်တော်သည် နာရီမောင်း ၉ ချက် ထိုးတွင် ဇီဝိန်ချုပ်ခဲ့ခြင်းဖြစ်ပါသည်။ ရှိတ်စပီးယား၏ ဟင်းမလက် ပြဇာတ်ထဲမှ စုန်းမအိုကြီး သုံးယောက်တို့က 'သင့်အတွက် သုံးကြိမ်၊ ငါ့အတွက် သုံးကြိမ်၊ နောက် သုံးကြိမ်ပေါင်း၊ အလောင်း ကိုးလောင်း'ဟု ကြောက်ဖွယ်မန္တာန်တို့ကို ရွတ်ခဲ့ကြပါသည်။ သို့ရာတွင် အီဂျစ်လူမျိုးများကမူ 'တြိကမ္ဘတ် သုံးပါး' ကို ကိုးကွယ်ခဲ့ကြပါသည်။ ဥရောပ မြောက်ပိုင်းမှ ဒဏ္ဍာရီများသည် ကဗျာကြီး ၉ ပုဒ်၊ နဂါးကြီး ၉ ကောင်နှင့် ကျောက်တုံးကြီး ၉ တုံး တို့ ဗဟိုပြုထားနေခြင်းဖြစ်ပါသည်။ စာဆိုကြီး ဒန်တေသည် ငရဲကြီး ၉ ထပ်အကြောင်းကို ဖွဲ့ခဲ့ပါသည်။ သို့ရာတွင် ထိုငရဲကြီး ၉ ထပ်မှာ ရှေ့ပိုင်းမှ ကောင်းကင်ဘုံ ၉ ဘုံနှင့်ညီအောင် စပ်ခဲ့ခြင်းဖြစ်ကြောင်းကိုမူ ကျွန်တော်တို့သတိမေ့ နေတတ်ပါသည်။ အလယ်ခေတ်တုန်းက ၉သည် 'အသန့်စင်ဆုံး၊ အမြတ်ဆုံးဂဏန်း' ဖြစ်ခဲ့ပါသည်။ စာဆိုကြီး မီလ်တန်က ခရစ်တော်ဖွားတော်မူခန်းကို အပိုင်းသုံးပိုင်းဖွဲ့ပြီး တစ်ပိုင်းလျှင် အပိုဒ် ၉ ပိုဒ်ဖြင့် ကဗျာ ဖွဲ့ခဲ့ပါသည်။ ဗင်းနစ်မြို့တွင် ရှိသည့် ၁၆ ရာစုနှစ် ဘုရားရှိခိုး ကျောင်းကြီးတွင် ၉ လှမ်းကျယ်၍ ၂၇ လှမ်းအရှည်ရှိသော စကြံကို တမင် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

ယင်းတို့အားလုံးသည် ရှေးဟောင်းအစွဲအလန်းများသာ ဖြစ်သည်ဟု ထင်ကောင်းထင်ကြမည် မဟုတ်ပါ။ ယနေ့

တိုင်အောင်ပင် အချို့သော အရာများသည် ဂဏန်းကို မှီတည်နေကြပါသေးသည်။ ဂျပန်ပြည် ကျိုတိုခေတ်မိမြို့တော်ကြီးကို အပိုင်း ၉ ပိုင်းခွဲထားပါသည်။ 'တရုတ်ပြည် နောက်ဆုံး ဧကရာဇ်သည် လေးထောင့်စပ်စပ်ထဲတွင် တည်ထားသည့် စက်ဝိုင်းသဏ္ဌာန်ရှိ ကောင်းကင်ဘုံမှ ပလ္လင်ပေါ်သို့ တက်၍ ဘိသိတ်ခံလေ့ရှိပါသည်။ သူ၏ အဆင့်အတန်း ၉ဆင့်ရှိသော မှူးမတ်တို့က သူ့ကို ၉ ကြိမ်ဦးခိုက် ပူဇော်ကြရပါသည်။ ထိပ်ဆုံးအထွတ်၏ ဗဟိုမှနေ၍ အောက်သို့ အဆင့် ၉ ဆင့် ဖြာထွက်သွားပြီး ထိုအဆင့် ၉ ဆင့် မှ လှေကားထစ် ၉ထစ်စီ ခင်းထားသည်' ဟု စာရေးဆရာ ကိုးလင်းသူဗရွန်က ရေးခဲ့ပါသည်။

ထိုဂဏန်းများသည် ကျွန်တော်တို့ ကြမ္မာအပေါ်တွင် တစ်စုံတစ်ရာ ချုပ်ကိုင်နေပါသလော။ အငြင်းသန်သည့် ကဗျာဆရာ ဂါထေးပင်လျှင် လွယ်လွယ်နှင့်ငြင်းမည်မထင်ပါ။ ဥပမာအားဖြင့် ၁၈၈၁ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံး ဖြစ်သော ရှေ့နောက် ပြောင်းပြန် စာလုံးတူ နှစ်ဖြစ်သည့် ၁၉၉၁ ခုနှစ်ကို ပင်ကြည့်ပါ။ (အလားတူပင် မောင်လှမောင်၊ ဦးဝင်းဦး၊ ဦးကိုဦး၊ ကိုမင်းကို စသည့် အမည်များသည် ရှေ့နောက်ပြန်ဖတ်လျှင် အတူတူဖြစ်သော နာမည်များ ဖြစ်သည်။) နောင် ၁၁နှစ် အသက်ရှင်နေသေးသူတစ်ဦး၊ ယခု ၁၉၉၁ ခုနှစ်မှ စ၍ နောင် ၁၁နှစ် (၂၀၀၂)အထိ အသက်ရှင်နေသေးသူတစ်ဦးသည် နှစ်ပေါင်း တစ်ထောင် အတွင်းတွင် ရှေ့နောက် ပြောင်းပြန် စာလုံးတူသောနှစ်ကို

နှစ်ကြိမ်တွေ့ရမည် ဖြစ်သည်။ (ယင်းမှာ ၁၀၀၁ ခုနှစ် ပြီးသည့်နောက် နှစ်ပေါင်း တစ်ထောင်အတွင်း ရှေ့နောက် ပြောင်းပြန် စားလုံးတူသော နှစ်များကို တစ်သက်တွင် နှစ်ကြိမ်ကျသည်မှာ တစ်ခါသာရှိသေးသည်။)

အတိုချုပ်ပြောရလျှင် ၉ သည် ၉ ရက်သာ ခံသည့် အံ့သြစရာ တစ်ခုမဟုတ်ပါ။ လူတော်တော်များများအဖို့ 'မင်္ဂလာရှိသည့်' ဂဏန်းဖြစ်ပါသည်။ ယခု ဤဆောင်းပါးကို ရေးနေသည့် ၁၉၉၁ ခုနှစ်၊ ၉ လ၊ ၉ ရက်နေ့၌ ကျွန်တော်သည် ရာစုနှစ်ကြီးကုန်မည့် နောင် ၉ နှစ်ကို စောင့်မျှော်လျက်ရှိပါသည်။

ထိုမျှမကသေးပါ။

'ကမ္ဘာကြီးသည် အလှကြွယ်၊ ကိုးဆဆန်းကြယ်၊ အံ့သြဖွယ်' ဆိုသည့် အီမာဆန်၏ သဘာဝဘွဲ့ မော်ကွန်း လင်္ကာကြီးကိုလည်း ကျွန်တော်သတိရနေပါသေးသည်။

ရည်ညွှန်း။ Time, September 16 1991.

❒ ❒ ❒

# မိတ်ဆွေသိပ်အလုပ်များနေသလား

လုံလောက်ပြီလား။ မလုံလောက်သေးဘူးလား။ အမေရိကန်လူမျိုး သန်းပေါင်းများစွာတို့၏ နွေရာသီအားလပ်ရက်များသည် ကုန်ဆုံးသွားလေပြီ။ သူတို့သည် အလုပ်မှရက်သတ္တနှစ်ပတ် (ကံကောင်းလျှင် သုံးပတ်)အနားယူပြီးခဲ့ကြပြီ။ ကျွန်တော် တို့သည် အားလပ်ရက်များ နောက်ထပ်လိုချင်နေကြပါသေးသည်။ အားလပ်ရက်များနှင့် ပတ်သက်၍ အမေရိကန်တို့ ခိုးလိုးခုလု ဖြစ်နေပုံသည် တော်တော် ရယ်စရာကောင်းပါသည်။

အနည်းဆုံးပြောရလျှင် ဝါရှင်တန်တွင် လူတစ်ယောက်ကို မြှောက်ပင့် ပြောချင်လျှင် 'တော်တော်အလုပ်များ

မှာပဲနော်'ဟု ပြောလေ့ရှိကြပါသည်။ ထိုအခါတွင် 'ဒီလိုပါ ပဲဗျာ သိပ်တော့ မများပါဘူး' ဟု စိတ်ပျက်လက်ပျက် ဖြေ တတ်ကြပါသည်။ ထိုစကားသည် ယနေ့ခေတ်စားနေသော ပဋိသန္ဓာရစကား ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ' ခင်ဗျားက တော်တော်အရေးကြီးတဲ့ လူနော်'ဟု ဆိုရာရောက်ပါသည်။ ဤသို့ဖြစ်ခဲ့ရသည်မှာ ဤရာစုနှစ် အတွင်းနှစ်ကာလ အတန်ကြာခဲ့ချေပြီ။ စာရေးဆရာ သောစတိန်း ဗက်ဗလင်က 'ထူးခြားထင်ရှားသည့် အပန်းဖြေမှု သို့မဟုတ် ဂုဏ်ရှိသည့် အပန်းဖြေမှုသည် လူမှုအဆင့်အတန်းကို ပြသည့်အရာ ဖြစ်သည်' ဟု ရေးခဲ့ဖူးပါသည်။ အလိုလေး၊ ခင်ဗျား တစ်နေ့လုံး ဘာအလုပ်မှ မရှိဘူး ဟုတ်စ' ဆိုသော စကားမျိုး သည် ချီးမြှောက်ပြောဆိုသော စကားဟု မယူဆခဲ့ကြပါ။

အမေရိကန် လူမျိုးများသည် အလုပ်များခြင်းနှင့် အရေးကြီးခြင်း (လူရာဝင်ခြင်း)ကို တစ်ထပ်တည်းထား ကြပါသည်။ အမေရိကန်လူမျိုးများသည် အားလပ်ရက်များနှင့် ပတ်သက်လာလျှင် လွန်စွာ အရေးထားကြကြောင်းကို ထိုအချက်က ပေါ်လွင်စေပါသည်။ အီရတ်က ကူဝိတ်ကို တိုက်ခိုက်ရန် နှစ်ရက် အလို ကူဝိတ်နယ်စပ်တစ်လျှောက်တွင် အီရတ်တပ်များ အကြီးအကျယ် စုရုံးနေခိုက်တွင် တာဝန်ရှိသူတစ်ဦးက ကူဝိတ်မြို့ပြ ကာကွယ်ရေးတာဝန်ခံထံ ဖုန်းဆက်ပြီး မိမိသည် နောက်သုံးပတ်ခွင့်ယူပြီး အနားယူ နေသဖြင့် အလုပ်သို့ ဆင်းနိုင်ဦးမည် မဟုတ်ကြောင်း ပြောသည်ဟု ဝါရှင်တန် ပို့စ်သတင်းစာက သတင်းပေး

ပါသည်။ တာဝန်ခံက ရယ်မော၍ ခွင့်ပြုလိုက်ပါသည်။

သို့ရာတွင် သည့်ထက်ရယ်မောစရာ ကောင်းသည့် အချက်ရှိပါသေးသည်။ အမေရိကန်ရုပ်မြင်သံကြား သတင်းထောက် ဒန်ရားသားသည် ပြင်သစ်ပြည်တွင် ခွင့်ဖြင့် အားလပ်ရက် ယူနေစဉ် ပယ်လယ်ကွေ့စစ်ပွဲ ဖြစ်လာသည့်အခါ အရှေ့အလယ်ပိုင်းသို့ ရောက်သွားကာ သတင်းယူ၍ ကောင်းမည့်နေရာများကို လိုက်ရှာကြည့်ခဲ့ပြီးမှ နောက်ဆုံးတွင် လန်ဒန်မြို့သို့ပြန်ခဲ့ပါသည်။ သူခွင့်ယူနေစဉ် စစ်ပွဲကြီးတစ်ပွဲအဖြစ် မခံနိုင်ဆိုသည့် သဘောလားတော့ မပြောတတ်ပါ။

မနှစ်တုန်းက ကျွန်တော်သည် လန်ဒန်ရှိ အီကိုနောမစ် စာစောင်တွင် ခဏဝင်၍ အလုပ်လုပ်ခဲ့ပါသည်။ သူတို့ဆီက အားလပ်ရက်နှင့် ပတ်သက်သော သဘောထားကို တွေ့ရသည့် အခါတွင် ကျွန်တော် အသိဉာဏ်အလင်း ရခဲ့ပါသည်။ သူတို့သည် သူတို့အလုပ်ကို ဂုဏ်ယူကြပါသည်။ အမေရိကန် သတင်းစာ ဆရာများကဲ့သို့ပင် သူတို့ကိုယ် သူတို့ အရေးတကြီး လည်းထားကြပါသည်။ သို့ရာတွင် သူတို့သည် တစ်နှစ်ကို အနည်းဆုံးသတင်းငါးပတ်တော့ အနားယူကြပါသည်။ ထိုအထဲတွင် အီစတာပွဲတော် အားလပ်ရက် တစ်ပတ်နှင့် နာတာလူးပွဲတော်အားလပ်ရက် နှစ်ပတ်နီးပါးခန့် မပါသေးပါ။ ပုံမှန်ရုံးပိတ်ရက်များလည်း မပါသေးပါ။ ထိုရက်များအားလုံးတွင် ရုံးများပိတ်ထားကြပါသည်။ အီကော်နော်မစ် စာစောင် အယ်ဒီတာများ အားလပ်ရက်

မယူဘဲ နေဖို့ဆိုလျှင် စစ်ဖြစ်ရုံဖြင့် မလုံလောက်ပါ။ စစ်ပွဲကြီးထက် ကြီးကျယ်သည့် ကိစ္စတစ်ခု ပေါ်ပေါက်မှသာ ဖြစ်ပါလိမ့်မည်။

အခြားသောဖွံ့ဖြိုးသည့် နိုင်ငံအများစုက အားလပ်ရက်များနှင့် နှိုင်းယှဉ်လျှင် အမေရိကန်လူမျိုးတို့၏ အားလပ်ရက်များ သည် ဆင်းရဲခေါင်းပါးနေပါသည်။ အမေရိကန်လုပ်အားစာရင်း ဗျူရို၏ အဆိုအရ အမေရိကန် လူမျိုး သာမန်အချိန်ပြည့် အလုပ်သမားတစ်ယောက်သည် တစ်ပတ်တွင် နာရီလေးဆယ် အလုပ်လုပ်ပြီး တရားဝင် ရုံးပိတ်ရက် ၁၁ ရက်နှင့် လုပ်ခအပြည့် အားလပ်ရက် ၁၂ ရက် ရသည်ဟု ဆိုပါသည်။ ယင်းမှာ လုပ်သက် ငါးနှစ် ရှိသူတို့သာ ရရှိသည့် ခံစားခွင့်ဖြစ်သည်။ အဓိက စက်မှု နိုင်ငံကြီးများထဲတွင် လုပ်သက်ကို လိုက်၍ အားလပ်ရက်ပို ပေးသည့်နေရာမှာ အမေရိကန်ပြည်ထောင်စု တစ်ခုတည်း သာရှိပါသည်။

ရိုးရိုးအလုပ်ကို လုပ်သည့် 'ဗြိတိသျှလူမျိုး တစ်ယောက်သည် တစ်ပတ်လျှင် ၃၉ နာရီလုပ်ရပြီး ရုံးပိတ်ရက် ရှစ်ရက်နှင့် လစာအပြည့် အားလပ်ရက် ၂၅ ရက် ရရှိသည်။ ပြင်သစ်လူမျိုး သည် ဥပဒေအရ တစ်ပတ်ကို ၃၉ နာရီ အလုပ်ချိန်ရှိပြီး တစ်နှစ်လျှင် ရုံးပိတ်ရက် ၁၀ ရက်နှင့် နှစ်စဉ်အားလပ်ရက် ၂၅ ရက် ရရှိသည်။ ဂျာမန်များမှာမူ တစ်ပတ်လျှင် ၃၈ နာရီအလုပ်ချိန်ရှိပြီး ရုံးပိတ်ရက် ၁၉ နှင့် အားလပ်ရက် ၃၀ ရှိသည်။

ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကဲ ဂျပန်တွေကကောဟု မေးကောင်းမေးမည်။ ဂျပန်များသည် စနေနေ့အလုပ်ချိန်ကို လျှော့ပစ်ရန်ဝန်လေးကြသည့် အလျှောက် တစ်ပတ်လျှင် အလုပ်ချိန် ၄၂ နာရီထားကြသည်။ တစ်နှစ်လျှင် လစာပြည့်ဖြင့် အားလပ်ရက် ၁၆ ရက် ယူခွင့်ရှိကြသည်။ သို့ရာတွင် အစိုးရက အားလပ်ရက် ပိုယူရန်တိုက်တွန်းနေသည့် ကြားကပင် အများအားဖြင့် ၉ ကိုးရက်သာ ယူလေ့ရှိကြသည်။ သို့ရာတွင် ဂျပန်များတွင် ရုံးပိတ်ရက်ဟု သတ်မှတ်ထားသော ရက်ပေါင်း ၂၀ ရှိသေးသည်။ ယင်းတို့အနက် ၁၁ ရက်သာလျှင် တစ်မျိုးသားလုံးနှင့် ဆိုင်သော နေ့ရက်များဖြစ်သည်။ ကျန်ရက်များမှာ နွေရာသီနှင့် နှစ်အကုန်တွင်ယူသည့် အားလပ်ရက်များဖြစ်ကြသည်။ ချုပ်၍ပြောရလျှင် ဂျပန်လူမျိုးသည် စနေနေ့တွင် အလုပ်လုပ်သည့်တိုင် သာမန်ဂျပန် အလုပ်သမားသည် သာမန် အမေရိကန်အလုပ်သမားထက် တစ်နှစ်လျှင် အားလပ်ရက် ပို၍ရကြသည်။ ဂျပန်တို့က အလုပ်ပိတ်ရက်များအောင် ကြိုးစားနေကြချိန်တွင် အမေရိကန်တို့က အလုပ်ပိတ်ရက် နည်းအောင်အားထုတ်နေကြသည်။

ဥစ္စာပစ္စည်းပေါများလာသည်နှင့်အမျှ လူပုဂ္ဂိုလ်များနှင့် လူ့အဖွဲ့အစည်းများသည် အလုပ်ပိုလုပ်မလား၊ အလုပ်လျှော့လုပ် မလားဆိုသည့် ရွေးချယ်မှုနှစ်ခုကို ရင်ဆိုင်နေကြရသည်။ တနည်းပြောရလျှင် မိမိတို့အလုပ်၏ တိုးတက်လာသည့် တန်ဖိုးကို စားသုံးကုန်ပစ္စည်းများ၊

ဝန်ဆောင်မှုလုပ်ငန်းများ၊ ပုံသဏ္ဍာန်ဖြင့် ခံစားမည်လော၊ သို့တည်းမဟုတ် အလုပ်ကို လျှော့လုပ်သည့် ပုံသဏ္ဍာန်ဖြင့် ခံစားမည်လော ဆိုသည့် လမ်းနှစ်လမ်းဖြစ်သည်။

စစ်ကြောင့် ပျက်စီးခဲ့ရသော လူ့အဖွဲ့အစည်းများ ဖြစ်သည့် ဥရောပ နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့တွင် လူအများ သက်သာစေသည့် အလုပ်ချိန် လျှော့သည့်စနစ်ကို မိမိတို့၏ တိုးတက်လာသော ကုန်ထုတ်စွမ်းအားများဖြင့် ဝယ်ယူနေစဉ် (စစ်ဒဏ်မခံရသော) အမေရိကန်ပြည်က အလုပ်ချိန် မလျှော့နိုင်သည်မှာ ရှက်စရာတော့ ကောင်းသည်။ လူနေမှု အဆင့်အတန်းပြစာရင်းအင်းများတွင် ရှေ့တန်းမှ ရှိနေသော အမေရိကန်နိုင်ငံတွင် နှစ်စဉ် ရရှိရမည့် နောက်ထပ် အပန်းဖြေ ရက်သတ္တ နှစ်ပတ်၊ သုံးပတ်တို့၏ တန်ဘိုးကို ယခုတိုင် ထည့်သွင်းတွက်ချက်ခြင်း မပြုကြသေး

အကယ်၍သာ လူများသည် တစ်နှစ်ကို သီတင်းပတ်ပေါင်း ငါးဆယ် အလုပ်လုပ်ကြမည် ဆိုလျှင် ကုန်ထုတ်စွမ်းအားသည် ယခုထက်ပိုမို၍ လာမည်မှာ အမှန်ဖြစ်သည်။ ထိုအချက်သည် ပုံမှန်လုပ်နေသော တပ်ဆင်ရေး စက်ယန္တရား ခုံပေါ်မှ အလုပ်သမားအတွက် အမှန်ပင်ဖြစ်သည်။ သို့ရာတွင် ယနေ့ခေတ်တွင် အမေရိကန် ပြည်ထောင်စုရှိ အလုပ်များ၏ အလုပ်သည် တပ်ဆင်ရေး ယန္တရားခုံပေါ်က အလုပ်သမား၏ အလုပ်မျိုးတွေ မဟုတ်တော့ပြီ။ 'ဦးနှောက် အလုပ်သမား အဖို့ကား အလုပ်လုပ်သည့် အချိန်နှင့် ရလာဒ်ကို စက်ရုံအလုပ်

သမားကဲ့သို့အသေသတ်မှတ်ထား၍ မရပါ။ (ထိုအချက်ကို စာရေးဆရာများအား မေးကြည့်လျှင် သိနိုင်ပါသည်။) တခါတရံတွင်မူ တနေကုန်လုပ်ပြီး ဘာရလာဒ်မျှ ဟုတ်တိပတ်တိ မရသည့်အခါများပင် ရှိတတ်ပါသေးသည်။ 'တစ်နှစ်စာအလုပ်ကို ငါ ဆယ့်တစ်လထဲနှင့် လုပ်နိုင်တယ်၊ ဒါပေမဲ့ ၁၂လ တည်းနှင့်ပြီးအောင်တော့ မလုပ်နိုင်ဘူး ဟုဆိုသော ရှေးက ကုန်သည်ကြီးများပြောသည့် စကားသည် မှန်သင့်သလောက် မှန်ပါသည်။ သို့ရာတွင် ယနေ့ခေတ်တွင်မူ ထိုသို့တစ်လ လျှော့၍ လုပ်ရသည်ကို ဝန်မခံချင်ကြဘဲ ကိုယ့်ကိုယ်ကို 'အလုပ်များသူ၊ အရေးပါသူ' ဟု အထင်ခံချင် နေကြပါသည်။

အမေရိကန် စီးပွားရေးလောက၏ ထိပ်ပိုင်းတွင်မူ အားလပ်ရက်များသည် အခြားသောနေရာများထက် ဖောဖောသီသီရှိသည်ဟု ဆိုနိုင်ပါသည်။ ထိုအဆင့်မျိုးတွင် 'အလုပ်လုပ်သည်' ဆိုခြင်းမှာ အခြားသူများအဖို့ အားလပ်ရက် ထွက်ရသည့်နှယ် ရှိပါသည်။ သူတို့သည် မိမိတို့၏ ဖောက်သည် များကို ဂေါက်ကလပ်များတွင် ဧည့်ခံကြပါသည်။ ဘုတ်အဖွဲ့ ဒါရိုက်တာလူကြီးမင်းများ၏ အစည်းအဝေးများကို ဇိမ်ခံဟော်တယ် ကြီးများတွင် ကျင်းပကြပါသည်။ အစည်းအဝေး များကို ဟာဝိုင်ယီ ကျွန်းတွင် သွား၍ ကျင်းပကြပါသည်။

ထိုမျှ တစ်ပတ် နှစ်ပတ် ပျော်ပျော်ပါးပါးနေရုံ ကလေးမျှဖြင့်ကား အမေရိကန်စီးပွားရေးကို ထိခိုက်နိုင်

မည်မဟုတ်ပါ။

အချိန်အားယူတိုင်းလည်း လူချမ်းသာမဟုတ်ပါ။ အလုပ်မရ၍ အိမ်မှာထိုင်ပြီး ငတ်နေသူတွေလည်း တစ်ပုံတစ်ပင် ရှိပါသည်။ အကယ်၍ အမေရိကန် စီးပွားရေးသည် ထိုင်းမှိုင်းလာခဲ့လျှင်မူ အမေရိကန် အလုပ်ရှင်များအဖို့ အလုပ်ကို အတင်းအကျပ်ခိုင်းခြင်းထက် အလုပ်ကို လျှော့ပြီး နားချိန်ကို ပိုပေးခြင်းက ပို၍ သင့်မြတ်မည်ဟု ယူဆပါကြောင်း။

ရည်ညွှန်း။ You must be very busy by<br>Michael Kinsley Time.<br>August 20, 1990.

❒ ❒ ❒

# အမျိုးသားရေး ဝါဒ ဝက်ပါ

လွန်ခဲ့သည့်အပတ်က ကမ္ဘာကြီးသည် ဥရောပ အမျိုးသား ရေးဝါဒ၏ မျက်နှာနှစ်ခုကို မြင်ခဲ့ကြရသည်။ လျင်မြန်စွာ ပြိုကွဲ ပျက်စီးနေသော ဆိုဗီယက်ယူနီယံတွင် တက်ကြွ နေသော လူအုပ်များသည် မျိုးဆက်တစ်ခုမျှ ပျောက်ကွယ် နေခဲ့သောသူတို့၏ အမျိုးသားအလံများကို လွှင့်တင်ခဲ့ကြ သည်။ သူတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုသည့် အနေဖြင့် ဂုဏ်ယူ ဝင့်ကြွားသော အထိမ်းအမှတ်ပွဲများကို ကျင်းပနေကြခြင်း ဖြစ်သည်။ မိုင်ရာအနည်းငယ်မျှသာ ကွာဝေးသော ယူဂိုဆလားဗီးယားတွင်မူ ခရိုအေးရှားနှင့် ဆာဘီးယား ပြည်သူ့စစ်အဖွဲ့ဝင်များသည် သွေးချောင်းစီး သော လူမျိုးစု စစ်ပွဲတစ်ပွဲတွင် တစ်ယောက်ကိုတစ်ယောက်

သတ်ဖြတ်နေကြသည်။

လူများသည် မျိုးတူစုများအဖြစ် ဖွဲ့စည်းမိလာခဲ့သည့် အချိန်မှ စ၍ အမျိုးသားရေးဝါဒဟူ၍ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ သဘောတရားတစ်ရပ် အနေဖြင့်မူ အမျိုးသားရေး ဝါဒသည် ရိုမန်းတစ် လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် ဆယ့်ရှစ်ရာစုနှစ်တွင် ပေါ်ထွန်း လာခဲ့ခြင်း ဖြစ်သည်။ အမျိုးသားရေးဝါဒ၏ အကောင်းဆုံးသော ပုံသဏ္ဍာန်သည် နွေးထွေး လှိုက်လှဲသော မျိုးချစ် ဝါဒဖြစ်သည်။ အိုလံပစ် ပွဲတော်များတွင် ကိုယ့်အမျိုးသားသီချင်းကို ကြားလိုက်သည်နှင့် လည်ချောင်းထဲတွင် တစ်ဆို့ကာ ကြက်သီးတဖြန်းဖြန်း ထစေသော စိတ်ခံစားချက်ဖြစ်သည်။ အမျိုးသားရေး ဝါဒ၏ အဆိုးဆုံး ပုံသဏ္ဍာန်မှာ မှားမှားမှန်မှန် ငါ့နိုင်ငံ၊ ငါ့လူမျိုးမှ ငါ့လူမျိုး ဟူသော ဂျင်ဂိုအစ်ဇင်း ဖြစ်သည်။ တစ်နည်းပြောရလျှင် ရှောဗင်နစ်ဇင်း ဖြစ်သည်။ ရှောဗင်နစ်ဇင်း ဆိုသည်မှာ ပြင်သစ်ပြည်ကြီး၏ ဘုန်းတန်ခိုးနှင့် အာဏာစက်ကို လက်နက်အင်အားသုံး၍ ထူထောင်ရမည် ဟူသော အယူအဆကို ထူထောင်ခဲ့သည့် နပိုလီယန်၏ စစ်ဗိုလ်ချုပ် တစ်ဦးဖြစ်သူ နစ်ကလတ်စ် ရှော်ဗင်၏ အယူအဆဖြစ်သည်။

သမိုင်းတစ်လျှောက်တွင် နိုင်ငံရေးဝါဒ အမျိုးမျိုးရှိသည့် အနက် အမျိုးသားရေးဝါဒသည် အပြင်းထန်ဆုံးအား အကောင်းဆုံးဖြစ်မည် ထင်သည်။ ဘာသာတရားကြောင့်မှ လွဲလျှင် အခြားသော အကြောင်းအရာများထက် အမျိုးသားရေး ဝါဒကြောင့် သွေးတွေ ချောင်းစီးခဲ့ဖူးသည်။ ရာစုနှစ်ပေါင်းများစွာ

ပင် လှုံ့ဆော်ရေးသမားတို့သည် မိမိတို့၏ ဒုက္ခ၊ သုက္ခ များအတွက် အိမ်နီးနားချင်း လူမျိုးများကို အပြစ်ဖို့ကာ သွေးဆူနေသော လူအုပ်များကို လှုံ့ဆော်ဖူးကြလေပြီ။ ဆာဘီးယား ခေါင်းဆောင် မီလိုဆီဗစ် နှင့် ခရိုအေး ရှားခေါင်းဆောင် ဖရန်ဂျိုတူဂျမန်း တို့သည် ဤလုပ်ငန်း တွင်နောက်ဆုံးပေါ်လာသော ကျွမ်းကျင်သူများ ဖြစ်ကြ သည်။

လာမည့်လ များတွင် အမျိုးသားရေး လှုံ့ဆော် မှုများ ပေါ်ပေါက်လာနေသည်မှာ ကံဆိုးသည်ဟုပင် ဆိုရတော့မည်ထင်သည်။ ဆိုဗီယက် ယူနီယံနှင့် အရှေ့ဥရောပတွင် နိုင်ငံရေး မငြိမ်သက်မှု များကြောင့် အလုပ်လက်မဲ့ ဖြစ်မှုကြီးနှင့် ရိက္ခာ ပြတ်လပ်မှု တို့ပေါ် ပေါက်ခဲ့ပါက အများထင်ထားသကဲ့သို့ ထိုကိစ္စများအတွက် အခြားသော လူမျိုးစုများ အပေါ်တွင် ‘ရမယ်’ ရှာရပေတော့မည်။ ပိုလန် သွေးစည်း ညီညွတ်ရေး လှုပ်ရှားမှုခေါင်းဆောင်တစ်ဦးဖြစ်သူ အဒမ် အစ်ရှနစ်က မကြာမီတွင် သွေးဒီရေကြီးတစ်ရပ် ပေါ်ပေါက် လာနိုင်သည်ဟု သတိပေးခဲ့သည်။ ‘မရင့်ကျက်သေးတဲ့ ဒီမိုကရေစီတစ်ခုအတွက် ထောင်ချောက်ကတော့ အမျိုးသားရေး ဝါဒပဲဖြစ်တယ်။ ဒီထောင်ချောက်ဟာ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာ လိမ့်မယ်။’ ဟု သူကပြောခဲ့သည်။ အနောက် ဥရောပသည် ထိုထောင် ချောက်ကို ရှောင်ကွင်းနိုင်ခဲ့သည်။ ထိုနမူနာသည်

အရှေ့ဥရောပအတွက် သင်ခန်းစာ တစ်ရပ် ဖြစ်နိုင်သည်။

အမျိုးသားရေးဝါဒ၏ ဆွဲဆောင်မှုသည် လူ့သဘာဝ လူ့စရိုက်အတွင်းတွင် နက်ရှိုင်းစွာ ဝင်ရောက် အမြစ်တွယ် လျက်ရှိသည်။ လူဆိုသည်မှာ မိမိနှင့် မျိုးရိုးဇာတိတူသောသူကို ခင်မင်တွယ်တာသော သဘောရှိသည်။ သူစိမ်းတရံဆံကို ဖယ်ထုတ်လိုသော သဘောရှိသည်။ အမျိုးသားရေးဝါဒသည် မျိုးရိုးသစ္စာရှိမှုကို ထိန်းသိမ်းမှုတွင် အခြေခံသည်ဟု ယူဆနိုင်သည်။ အခြားသော (နိုင်ငံရေး) သဘောတရား များသည် ပေါ်လာပြီးပျောက်ကွယ်သွားကောင်း ပျောက်ကွယ် သွားကြမည်။ သို့ရာတွင် အမျိုးသားရေးဝါဒကား ပြင်းထန် အားကောင်း၍ မတိမ်ကောနိုင်သည့် ခွန်အားရှိသည်။

သမိုင်းပညာရှင် တစ်ဦး ဖြစ်သူ အစ္စဗန်ဒီးယက်က 'လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ အတွင်း တွင် အရှေ့ဥရောပ၌ လစ်ဘရယ် အစိုးရ၊ ကွန်ဆား ဗေးတစ် အစိုးရ၊ ဒီမိုကရက် တစ်အစိုးရ၊ အာဏာ ရှင်အစိုးရ၊ ဖက်ဆစ်အစိုးရ၊ ဘော်လရှီ ဗစ်အစိုးရတို့ တစ်လှည့်စီ ကြီးစိုး လွှမ်းမိုးခဲ့ကြသည်။ သို့ရာတွင် ထိုအစိုးရများနှင့် ယင်းတို့၏ နိုင်ငံရေးသဘောတရား အားလုံးတို့သည် ယာယီမျှသာ ဖြစ်ခဲ့ ကြသည်။ ထာဝရ ဖြစ်သောအရာမှာ အမျိုးသားရေးဝါဒသာ လျှင်ဖြစ်သည်'ဟု ရေးခဲ့ဖူးသည်။

ကွန်မြူနစ်ဝါဒသည် အမျိုးသားရေးဝါဒထက် အားကောင်းသည်ဟု ထင်စရာဖြစ် ဖြစ်သည်။ နိုင်ငံတကာ အလုပ်သမား လူတန်းစားစိတ်ဓာတ်သည် အဖနိုင်ငံအပေါ်

သစ္စာရှိမှုထက် လည်းကောင်း၊ အလံတစ်လံအပေါ်တွင် သစ္စာရှိ မှုထက်ရင်း ပို၍ အားကောင်းသည်ဟု ကားလ်မတ် က ပြောခဲ့သည်။ သို့ရာတွင် ပထမ ကမ္ဘာစစ် အတွင်းက အလုပ်သမား များသည် လက်နက်များကို ချထားရန် ဟောပြောခဲ့ကြသော ဆိုရှယ်လစ်များနောက်သို့ မလိုက်ဘဲ စစ်တိုက်ရန် ဟောပြောခဲ့ကြသည့် အမျိုးသားရေး ခေါင်း ဆောင်များနောက်သို့ လိုက်ခဲ့ကြသည့်အခါတွင် ကားလ်မတ် ၏ သဘောတရားသည် သေဆုံးသွားခဲ့လေပြီ။ သို့တိုင်အောင် ဆိုဗီယက်ယူနီယံတွင် အနှစ်ခုနှစ်ဆယ်တိုင်တိုင်၊ အရှေ့ ဥရောပတွင် အနှစ်လေးဆယ်တိုင်တိုင် ကွန်မြူနစ်ဝါဒသည် အမျိုးသားရေးဝါဒကို နှိပ်ကွပ်ခဲ့သည်။ သို့ရာတွင် အမျိုးသားရေးဝါဒသည် ပျောက်ကွယ်သွားခြင်း မရှိ။ လှိုက်စားရုံ လှိုက်စားခဲ့သည်။

အရှေ့ဥရောပနှင့် အလယ် ဥရောပတို့တွင် အမျိုးသားရေးဝါဒကို လည်ပင်းညှစ်သတ်ရန် ကြိုးပမ်းနေချိန်၌ အနောက်ဥရောပသည် အမျိုးသားရေးဝါဒကို ကျော်လွှား သွားရန်ကြိုးပမ်းနေသည်။ ဒုတိယ ကမ္ဘာစစ်၏ အပျက်အစီးပုံ များထဲမှ အနောက်ဥရောပ ကမ္ဘာကြီး တွားသွားထွက်လာချိန် တွင် 'နောက်ထပ် ဤအဖြစ်မျိုး မဖြစ်စေရ 'ဆိုသည့် အသံများကို နေရာတကာတွင် ကြားနေရသည်။ အနှစ် ခုနှစ်ဆယ်မရှိတရှိ အတွင်းတွင် ဂျာမဏီနှင့် ပြင်သစ် အမျိုးသားရေးဝါဒတို့ကြောင့် ကမ္ဘာစစ်ကြီး နှစ်ခုအပါအဝင် ဥရောပတွင် စစ်ပွဲကြီး သုံးပွဲ ဖြစ်ပွားခဲ့သည်။ ပြင်သစ်နှင့်

ဂျာမဏီတို့၏ အားပြိုင်မှုကို ထိန်းချုပ်ပေးရန်အတွက် အချို့သော စနစ်သစ်များ ပေါ်ပေါက်ခဲ့သည်။ ဥရောပ လှုပ်ရှားမှုကို စတင်ခေါင်းဆောင်ခဲ့သူ ဖြစ်သည့် အီတလီ အမျိုးသား အော်တီယာရို စပီနယ်လီက ထိုနှစ်ကာလများကို စောင်းငဲ့ကြည့်ကာ 'ကပ်ဆိုးကြီးကြောင့် အမျိုးသားရေးဝါဒ သည် လူထုကြိုက် စိတ်ဓာတ်တစ်ခု အဖြစ်မှ စုတေသွားခဲ့လေ ပြီ' ဟုရေးခဲ့သည်။

အမျိုးသားရေးဝါဒကို မြေမြုပ်သင်္ဂြိုလ်ပစ်မည့် စနစ် သစ်၊ အဆောက်အအုံသစ်များကို ထူထောင်ရန် ကြိုးပမ်းအား ထုတ်မှုများသည် လွန်စွာအရေးကြီးသည့်အချိန်တွင် ပေါ်ပေါက်လာခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များမှာ နယ်စပ်ဒေသ တွင် ကြီးပြင်းလာခဲ့ကြပြီး မိမိတို့လူမျိုးစု အကြားတွင် မကြာခဏ တိုက်ခိုက်မှုများပေါ်ပေါက်နေသည်ကို တွေ့ခဲ့ ကြရသူများ ဖြစ်သည်။ သူတို့သည် သူတို့ ဘာအတွက် တိုက်ခိုက်နေကြသည်ကို ကောင်းကောင်းသိကြသည်။ သူတို့ ၏ ယုံကြည်ချက်ကို သူတို့လို ဒုက္ခ သုက္ခများကို ခံစားခဲ့ ကြသူများမှ နားလည် နိုင်ပေလိမ့်မည်။ ၁၉၅၀ ပြည့်လွန် စောစောပိုင်းနှစ်ဖြစ်သော ထူးခြား၍ တိုတောင်းသော ကာလတစ်ဝိုက်တွင် ခေါင်းဆောင်များ ဖြစ်ခဲ့ကြသည့် ပြင်သစ်ခေါင်းဆောင် ရောဗတ်ရှူးမန်း၊ ဂျာမဏီခေါင်းဆောင် ကွန်းရတ်အဒီနော နှင့် အီတလီ ခေါင်းဆောင် အက်စီဒီ ဒီ ဂက်စပါရီ တို့သည် နိုင်ငံခြားအုပ်စိုးမှု (ဒုတိယ ကမ္ဘာ စစ်အတွင်းက ဂျာမန်တို့၏ အုပ်စိုးမှု) အောက်တွင်

နေခဲ့ကြရသည်။ သူတို့အားလုံးသည် ဂျာမန်စကားကို ရေလည်စွာပြောတတ်ကြသည်။

သူတို့သည် နောင်တွင် ဥရောပ ဘုံဈေးအဖွဲ့ဟု ခေါ်တွင်မည့် အဖွဲ့အစည်းအတွက် အခြေခံအုတ်မြစ်များကို ချပေးခဲ့ကြသည်။ ဘယ်လ်ဂျီယံရှိ ဌာနချုပ်တွင် ဝန်ကြီးများစုဝေးကာ နို့ဈေးနှုန်းသတ်မှတ်ရေးအတွက် အချင်းချင်း အမြဲလိုလို ရန်ဖြစ်နေကြသည့် ယနေ့အချိန်မျိုးတွင် ဥရောပဘုံဈေးအဖွဲ့ကို ဘေးဖယ်ပစ် ရန်လွယ်ပါသည်။ သို့ရာတွင် ဘုံဈေးအဖွဲ့၏ အောင်မြင်စွမ်း ဆောင်မှုများသည်လည်း ကြီးမားပါသည်။ ဥရောပဘုံဈေး အဖွဲ့ကြီးရှိနေသဖြင့် ပြင်သစ်နှင့်ဂျာမဏီတို့ ကြားတွင် နောက်ထပ် စစ်ပွဲတစ်ခု ဖြစ်လာစရာအကြောင်းမရှိ။ ယနေ့လည်း ထိုအတိုင်း ဖြစ်နေပါသည်။

ဥရောပဘုံဈေးအဖွဲ့သည် ထိုအလုပ်တွင်များစွာ အောင်မြင်လျက် ရှိရာ ယခုအချိန်တွင် အရှေ့ဥရောပတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံပြိုင်ဆိုင်ကြရန် တိုက်တွန်းနေသံများကို ကြားနေရသည်။ ယခင်တစ်ပတ်ကပင် အာမေးနီးယားသမ္မတ လီဗွန်တကက်ပင်ထရိုစီယန်က 'ကျွန်တော်တို့ဥရောပဘုံဈေးအဖွဲ့ရဲ့ နည်းအတိုင်းခနေသဟာယအဖွဲ့ တစ်ခုကို ထူထောင်ဖို့အတွက် ရရှိနေတဲ့အခွင့်အရေးတွေကို အသုံးချကြရလိမ့်မည်ဟု ပြောခဲ့သည်။

သို့ရာတွင် သမိုင်း ဆိုသည်မှာ တစ်ပတ်ပြန်ကျော့လေ့ရှိသည်ဟု ဆိုကြသော်လည်း ဘယ်တော့မျှ ထပ်တူ

ထပ်မျှတော့ ဖြစ်လေ့မရှိပါ။ ဥရောပ အနောက်ပိုင်းနှင့် အရှေ့ပိုင်း ခြားနားနေသည့် အချက်မှာ အရှေ့ပိုင်းတွင် လူမျိုးစု အင်အားကြီး နိုင်ငံ တစ်ခုဖြစ်သော ရုရှသည် အခြားသော လူမျိုးစုများအပေါ်တွင် လွှမ်းမိုးနေခြင်းဖြစ်ပါသည်။ အနောက်ဥရောပတွင်မူ ပြင်သစ်၊ အနောက်ဂျာမဏီနှင့် အီတလီတို့သည် ခပ်စောစောပိုင်းအထိ အရွယ်ပမာဏချင်း တူညီနေကြပြီး တစ်ဦးကို တစ်ဦး ချိန်ခွင်လျှာညီအောင် ထိန်းထားနိုင်ကြပါသည်။

အရှေ့ဥရောပအဖို့ အနောက်ဥရောပထံမှ သင်ခန်းစာ ယူနိုင်စရာအချက်မှာ ကိုင်ပိုင်အမျိုးသား ငွေစက္ကူ စနစ်ရှိရုံ၊ ကိုယ်ပိုင် အမျိုးသားစစ်တပ်ရှိရုံမျှဖြင့် စစ်မှန်သော လွတ်လပ်မှု နှင့် စစ်မှန်သောလွတ်လပ်ရေးကိုမရနိုင် ဆိုသည့် အချက်ဖြစ်ပါသည်။ မည်သူကမျှ ဗိုလ်မကျနိုင်သော နိုင်ငံတိုင်းပြောရေး ဆိုခွင့်ရှိသော လူမျိုးစုံ အဖွဲ့အစည်းကြီး တစ်ခုအတွင်း၌သာလျှင် လူမျိုးစုတို့၏ အကျိုးစီးပွားကို ထိထိရောက်ရောက်ကာကွယ် နိုင်ပါသည်။ ဥရောပဘုံဈေးအဖွဲ့ အောင်မြင်နေခြင်းမှာ အခြားကြောင့် မဟုတ်။ နိုင်ငံတိုင်း ပြောရေးဆိုခွင့်ရှိသော တစ်ခုနှင့် တစ်ခု ဆက်သွယ်နေကြသည့် ထာဝရ စေ့စပ်ဆွေးနွေးမှုကွန်ခြာကြီးကို ထူထောင်ထားနိုင်ခြင်း ကြောင့်ဖြစ်ပါသည်။

ပိုလန်ခေါင်းဆောင် မစ်ရှနစ်က အလယ်နှင့် အရှေ့ဥရောပသည် ယဉ်ကျေးမှုဓလေ့ နှစ်ခုအနက် တစ်ခုခုကို ရွေးရတော့မည်ဟု ဆိုခဲ့ပါသည်။

'ကျွန်ုပ်တို့ပူးပေါင်းကြပါစို့၊ ဥရောပစံများကို လေးစားလိုက်နာကြပါစို့ လို့ ယဉ်းကျေးမှုတစ်ခုက ပြောနေတယ်၊ နောက်ယဉ်ကျေးမှု တစ်ခုကတော့ ကျွန်ုပ်တို့၏ မူလအမျိုးသားဇစ်မြစ်များဆီသို့ ပြန်သွားကြပါစို့။ ကျွန်ုပ်တို့အမျိုးသားများ၏ သီးခြားသော ဟန်ဖြင့် စနစ်သစ်တစ်ရပ်ကို ထူထောင်ကြပါစို့ဟု ပြောနေတယ်'ဟု သူကပြောခဲ့သည်။


ရှုးမန်း၊ အဒီနောနှင့် ဂတ်စပါရီ တို့သည် အနောက်ဥရောပတိုက်အား အမျိုးသားသီးခြားဆန်မှု နယ်နိမိတ်ကို ကျော်၍ ကြည့်ရန် အားထုတ်ကြိုးပမ်းခဲ့ကြပါသည်။

ပျက်စီးစေတတ်သော အမျိုးသားရေးဝါဒကို ကျော်လွှားရန်အတွက် ကွန်မြူနစ်နိုင်ငံဟောင်းများသည် အတိတ်မှ အမုန်းတရားများကို မေ့ပျောက်ပစ်နိုင်သော ခေါင်းဆောင်များရှိဖို့လိုပါသည်။

ရည်ညွှန်း။ Time, September 9,1991.

❒ ❒ ❒

http://www.cherrythitsar.org



http://www.cherrythitsar.org

# ဗေဒင်ပညာ၏ ပြား ၅၀ တန်
# ကြည့်နူးစရာများ

ဗေဒင်ပညာဟု ပြောလိုက်လျှင် မကောင်းသည့် အနံ့ အသက်အနည်းငယ်ပါလာတတ်သည်။ ဗေဒင်ပညာသည် ဆံပင်ကောက်ကိရိယာတွေ တပ်ပြီး အိမ်ပေါက်သို့ ရောက် လာတတ်သည်။ စူးရှစွေစောင်းသော မျက်လုံးများဖြင့် အိမ်ထဲသို့ချောင်းကြည့်တတ်သည်။ တံခါးခေါင်းလောင်းကို လာဆွဲသည့် (ဂျစ်ပစီမ) ဗေဒင်ဆရာသည် အလင်းရောင် မှုန်မှုန် ထဲက လျှို့ဝှက်ဆန်းကြယ်မှုကို အတင်းမျက်လုံး ဖြဲကြည့်ပြီး ဂုဏ်အသရေ ပျက်စရာတစ်ခုခုတော့ရှိနေပြီဟု ချက်ချင်း သဘောပေါက် လိုက်သည်။ ခွေးကတက်တွင် ဝပ်နေသည့် ခွေးများသည် ဣန္ဒြေမရဖြစ်လာကြပြီး အမြီး

ကုပ်၍ အပြင်သို့အသာထွက်သွားကြသည်။ အစစ်အမှန်တို့ ထက် ကျော်လွန်သော ဆက်သွယ်မှုများ၏ စကြာဝဠာကြီး သည် ပေါ်လာလေပြီ။

ထို့နောက်တော့ကော၊ ထို့နောက်တွင် ပဉ္စလက် အတတ်အနည်းငယ်ပါလာသည်။ ဗေဒင်ပညာသည် ပန်းနု ရောင် အင်္ကျီလှလှလေးကိုဝတ်ကာ ဒေါက်မပါသော ဘိနပ်ကိုစီးလျက် ရုပ်ရှင်မင်းသမီး ရှာလီမက်ကလိန်းလို စိုးရွံ့ထိတ်လန့်စွာကြည့်ကာ အမှောင်ရိပ်ထဲတွင် ကခုန်နေ သည်။ ထို့နောက် တံခါးပေါက်မှ အပြင်သို့ ထွက်သွားကာ အလျင်ဘဝဆီသို့ စီးမျောလွင့်ပါသွားသည်။ အပြင်းပြေကစား နည်းတစ်ခုဖြစ်သည်။

တစ်ခါတုန်းကတော့ ဗေဒင်ပညာသည် ကြီးကျယ် ခန်းနားသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ခဲ့သည်။ ဗေဒင်ပညာ သည် ဘုရင်ဧကရာဇ်များနှင့် ပရမတ္တတို့ အကြားတွင် ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းဖြစ်ခဲ့သည်။ ရာသီစက်ဝန်း ကြီးထဲတွင် လှည့်ပတ်သွားလာနေသည့် နက္ခတ်တာရာ အပေါင်းတို့သည် ဘုရင်များ၏ အသက်နှင့် ထီးနန်းစည်းစိမ် များပေါ်သို့ လာရောက်ခစားကြသည်။ ကမ္ဘာမြေကြီးသည် စကြာဝဠာ၏ ဗဟိုချက်မ ဖြစ်သည်။ ဘာဘီလုံမြို့က ဂိုဏ်းချုပ် ကြီးဖြစ်သည့် ဘရိုဆတ်သည် ညအချိန်တွင် ကြောင်လိမ် လှေကား တပ်ဆင်ထားသည့် နန်းမြင့်သို့တက်ကာ အဆီရီး ယန်း လူမျိုးတို့ကို တိုက်ခိုက်ရန် အခါတော်ရောက်မရောက်ကို နက္ခတ်တာရာတို့အား မေးမြန်းစုံစမ်းရသည်။ မိမိတို့၏

ဗေဒင်ပညာရှိသူများက အချိန်အခါမပေးသေးသရွေ့ ဒုတိယ အကြိမ်မြောက် ဖရက်ဒရစ် ဘုရင်သည် မိဖုရားခေါင်ကြီးနှင့် ပေါင်းဖော်အိပ်စက်တော်မူခြင်းမပြု။ လောရင့် ဇိုဒီ မီဒီစီ သည်လည်း ဗေဒင်ဆရာတို့က အခါ မပေးမချင်း မိမိ၏ ကျေးလက် စံအိမ်ကို ဆောက်လုပ်ခြင်းမပြု။

ဗေဒင်ပညာသည် ဒဏ္ဍာရီ ပုံပြင်ပမာ ခဏတာမျှ အရှိန်အဝါကြီးသည်။ ထိုသို့ အရှိန်အဝါကြီးသည့် အတွက်ကြောင့်ပင် ဆီဇာ ဘုရင်နှင့်လီယာမင်းကြီးတို့သည် ကောင်းကင်ကို မော့၍ ကြည့်ကြရသည်။ ကောင်းကင်တွင် အောင်နိမိတ်များနှင့် အန္တရာယ်များဖြင့်ပြည့်နှက်နေကြသည် မဟုတ်လော။ ၁၅၂၄ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ရေ၏ အမှတ်အသားဖြစ်သော ငါးနှစ်ကောင်ကူးခတ်သည့် မိန်ရာသီ၌ ဂြိုလ်ကြီး ကိုးလုံးပူးခဲ့သည်။ ဤသည်ကိုကြည့်၍ ကမ္ဘာပျက် ရေလွှမ်းမှုကြီး ဖြစ်တော့မည်လောဟု ဥရောပ တိုက်ကြီးတစ်ခုလုံး အထိတ်တလန့်ဖြစ်ခဲ့ကြရသည်။

ဗေဒင်ပညာသည် စကြာဝဠာကြီး၏ စက်ယန္တရား ကြီးလည်းဖြစ်သည်။ ကမ္ဘာတွင် ဖြစ်ပျက်နေသမျှ အသေးစိတ် အခြင်းအရာတို့ကို ကောင်းကင်မှ တုန်ခါမှုများဆီသို့ ကြေးနန်း ဖြင့် သတင်းပို့ခဲ့သည်။ သမိုင်း၏ အမေးပါးတို့သည် နက္ခတ်တို့၏ တေးဂီတဖြင့် တုန်ခါကြရသည်။ ကမ္ဘာမြေကြီး ပေါ်က ကိစ္စများတွင် နက္ခတ်များ၊ ကြယ်တာရာများ နီးကပ်ထိရောက်စွာ ပါဝင် ဆက်စပ်နေပုံသည် မည်မျှ စိတ်ချမ်းမြေ့ဖွယ် ကောင်းပါသနည်း။

http://www.cherrythitsar.org

သို့ရာတွင် ယခုခေတ်သစ်တွင် ပြန်လည်မွေးဖွား လာသည့် ဗေဒင်ပညာမှာကား စွဲလန်းစရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်းနေပါသည်။ ဗေဒင်ပညာက ဟောကိန်းထုတ်ခဲ့သည့် အတိတ်ဟောင်း နိမိတ်ဟောင်း များသည် စီးပွားဖြစ်နည်းနှင့် ပန်းကန်ပြားပျံ ပုံပြင်များ အဖြစ်သို့ ရောက်သွားကာ ရယ်ဖွယ်ကောင်းသည့် အဖြစ်သို့ ကျဆင်းသွားခဲ့ပါသည်။ ကမ္ဘာမြေကြီးသည်လည်း စကြာဝဠာ၏ ဗဟိုချက်မ မဟုတ်တော့ပြီ။ ဒီမိုကရေစီ သည်လည်း ကောင်းကင်တွင် ကပြနေသည့် စကြာဝဠာ ပြဇာတ်ကြီးကို ကြည့်ကာ အတိဒုက္ခ ရောက်နေရလေပြီ။ နက္ခတ်တာရာတို့သည် ဆံပင်အလှပြင်သူများ၊ အုပ်စိုးသူများ ၏ ကံကြမ္မာတို့ဖြင့် အလုပ်များ နေကြပေလိမ့်မည်။ ဗေဒင် ပညာသည် အဘယ်မျှ အဆင့်လျော့လာခဲ့သနည်းဆိုလျှင် မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ရုပ်ရှင် ကြော်ငြာများနှင့် ယှဉ်လျှက် ဗေဒင်ကဏ္ဍဟူ၍ ဖွင့်ပေးသည့် အခြေအနေထိ ရောက်လာခဲ့သည်။

(အမေရိကန် သမ္မတဟောင်း) ရော်နယ်ရေဂင် တို့ဇနီးမောင်နှံ၏ ဗေဒင်ဝါသနာသည် မကြာသေးမီက ဖုံးမရ၊ ဖိမရ ဘွားဘွား ပေါ်လာခဲ့သည်။ အမှန်ကတော့ သူတို့ ဇနီးမောင်နှံသည် ယခုမှ ဗေဒင်ကို ဝါသနာပါခဲ့ကြခြင်း မဟုတ်ပါ။ ဟောလိဝုဒ် ရုပ်ရှင်လောကတွင်ရှိစဉ် ကတည်းက ဗေဒင်ဝါသနာအိုးများ ဖြစ်ခဲ့ကြပါသည်။ ယခု ဝါရှင်တန် (အိမ်ဖြူတော်) သို့ရောက်လာသည့်အခါ ထိုဝါသနာ

ပေါ်လာသည်မှာကား တော်တော်တော့ ခွကျသည့်ကိစ္စ ဖြစ်ပါသည်။ ရော်နယ်ရေဂင် သည် အမြဲတန်းကံကောင်းသူ တစ်ယောက်ဖြစ်ပါသည်။ ရာသီစက်ဝိုင်းကြီးသည် မိမိ၏ ကံကြမ္မာကို စုစည်းပေးရာ အခိပ္ပာယ်ဖွင့်ရာ နိမိတ်ဖတ်ပေးရာ ပစ္စည်းကြီးတစ်ခုဟု ရော်နယ်ရေဂင် ဇနီးမောင်နှံတို့က ထင်နေကြပုံရပါသည်။ ရုပ်ရှင်မင်းသား၊ မင်းသမီးများသည် ဗေဒင်ပညာကို အလွန်အမင်းယုံကြည်သူများဖြစ်ပါသည်။ အကြောင်းမှာ သူတို့၏ လုပ်ငန်းသည် အမေရိကန် လူမျိုးတို့၏ ဘ၀ကြီး တစ်ခုလုံးထက်ပင် ကျိုးကြောင်း ညီညွတ်မှုကင်းသော လုပ်ငန်းဖြစ်သောကြောင့် ဖြစ်ပါသည်။ အတ္တကြီးသူများအဖို့ ဇာတာကြီးကြီးလိုပါသည်။

ရှေးခေတ်တုန်းကမူ ဗေဒင်ပညာရှိတို့သည် အလွန် ထယ်ဝါကြပါသည်။ သို့ရာတွင် အိုင်းဇက် နယူတန် ပေါ်ထွန်း ပြီးသည့်နောက်တွင်မူ ဗေဒင်ပညာသည် အသိပညာ နယ်ပယ်ရှုထောင့်မှ ကြည့်လျှင် အချိန်မစီး လှတော့ဘဲ တန်ဖိုးမဲ့ လာခဲ့ပါသည်။ သို့တိုင်အောင် နှစ်ဆယ်ရာစုအစ တွင်မူ ဗေဒင်ပညာသည် အံ့ဩဖွယ် ကောင်းလောက်အောင် ပြန်လည်ရှင်သန်လာခဲ့ပြန်ပါသည်။ သတ္တမမြောက် အက်ဒွပ် ဘုရင် (ပြိန္တာ ရာသီဖွား) နှင့် အင်ရိုကို ကာရူဆို (မိန်ရာ သီဖွား) တို့သည် ဗေဒင်ဆရာများထံ ဗေဒင်မေးခဲ့ကြသည်။ ကုံရာသီခေတ်ထဲသို့ ဝင်စပြုသည့် ၆၀ ပြည့်လွန်နှစ် များသည်ကောင်းကင်တစ်ခွင် တိုးရစ်လုပ်ငန်း ခေတ်သစ်ကြီး ကို ဖန်တီးပေးခဲ့ပါသည်။

ဗေဒင်ပညာသည် ထူးဆန်းသော စွဲဆောင်မှုအား ကိုရရှိနေဆဲပင် ဖြစ်ပါသည်။ သေနေသော ကြယ်တစ်လုံးမှ အလင်းရောင်ထွက်နေသကဲ့သို့ပင် ဖြစ်ပါသည်။ လူ့သဘာဝ သည် အတွင်းလမ်းကို ချစ်တတ်ပါသည်။ အမေရိကန် လူမျိုးတို့၏ စရိုက်သည် 'အေဟတ် နှင့် စတားဘတ် ကြားတွင် တလှည့်စီကူး နေပါသည်။ တစ်နည်း ပြောရလျှင် မဟုတ်သည်တို့ကို အကြီးအကျယ် ယုံကြည်ခြင်းနှင့် သံသယ ရှိခြင်းကြားတွင် ကူးနေတတ်ပါသည်။ ဗေဒင်ပညာသည် 'အေဟတ်' နှင့် ယှဉ်၍ သွားနေပါသည်။ မမြင်ရသည်ကို မြင်ရလေဟန် လုပ်ပေးပါသည်။ ဘာမှ မကြားရသည့်အရာကို ကြားရလေဟန်လုပ်ပေးပါသည်။ ရှုပ်ထွေးဆန်းကြယ်သော ကမ္ဘာကြီးသည် လူတို့၏ များမြောင်လှသော ကိစ္စများထဲတွင် ဝင်ရောက်စွက်ဖက်၍ အမိန့်ပေးနေပါသည်။

ယနေ့အချိန်တွင်မူ ခေတ်သစ်ကြီး၏ ပုံဆောင်ခဲများ သည် တောက်ပလာကြလေပြီ။ အခြားသော ဂြိုလ်မှ သက်ရှိ သတ္တဝါန်များသည်လည်း အင်းဒီစ် တောင်တန်းမှ ထူးဆန်း သော သံဇကာကွင်းပြင်ကြီးများပေါ်သို့ ယာဉ်များဖြင့် ဆင်း သက်လာကြလေပြီ။ စတုန်းဟင်းလွင်ပြင်မှ ကျောက်တုံးကြီး များသည် နတ်ဘုရားတို့၏ အကျီလက်ကြယ်သီးများ ဖြစ်နေ ကြလေပြီ။ ရော်နယ်ရေဂင်သည် ကုံရာသီဖွား တစ်ယောက် ဖြစ်ရာ ဗေဒင်တွက်နည်းများအရ ကျွန်တော်တို့သည် ထိုရာသီ ထဲတွင် နောက်ထပ်နှစ်ပေါင်း ၂၀၀၀ ရှိနေကြပေဦးမည်။

စာရေးဆရာ ဆောဘဲလိုက လူတိုင်းတွင် မှတ်ဉာဏ်

လိုကြောင်းဖြင့် ရေးခဲ့ဖူးသည်။ လူများသည် 'ထူးခြားအရေး ပါမှုတည်းဟူသော ဝံပုလွေကို တံခါးပေါက်မှ ဝေးဝေးထား သောကြောင့်ဖြစ်သည်' ဟု သူကဆိုသည်။ တစ်ခါတစ်ရံ တွင်မူ အဓိပ္ပာယ်ကင်းမဲ့ခြင်းဟူသော ဝံပုလွေကို မောင်းနှင် ထုတ်ရာတွင် ဗေဒင်ပညာသည် မှတ်ဉာဏ် ထက်ပိုကောင်း ပါသည်။ ရာသီစက်ဝန်းကြီးသည် အတိတ်နိမိတ်များကို ရှာချပါသည်။ ဗေဒင်ပညာ၏ ဖာထားသော သွားများသည် အင်္ဂါဂြိုလ်ရှိ ရေဒီယို စခန်းများမှ လာနေသော အသံများကို ဖမ်းယူရရှိနေပါသည်။ ထိုအသံများထဲတွင် ဂျစ်ပစီ တေးသီချင်းသံလည်းပါပါသည်။

ရေဂင်ဇနီးမောင်နှံတို့မှ ဗေဒင်သင်္ကေတများဖြင့် လွှင့်ထုတ်နေသောလေလှိုင်းများကို ဖမ်းမိရန်မလွယ်ကူပါ။ ထိုလေလှိုင်းများကိုမည်သို့တုန့်ပြန်ရမည်ဆိုသည်မှာလည်း ခက်ပါသည်။ ဗေဒင်ပညာသည် ဘာမျှအန္တရာယ်ရှိသော အရာမဟုတ်ပါ။ ဗေဒင်ပညာသည် အပြင်းဖြေနည်း တစ်မျိုး ဖြစ်ပါသည်။ ဗေဒင်ပညာသည် ယခင်က မည်မျှ ကြီးကျယ် ခန်းနားခဲ့သည် ဆိုစေ ယနေ့အချိန်တွင်မူ စကြာဝဠာကြီးကို အပေါ်စား ကြည့်နေမှုတစ်ခုသာ ဖြစ်နေပါသည်။ ဇာတာ ဟောကိန်းက ရှေ့စန်းလက်တစ်ခုကို ဟောသည့်အခါ သို့မဟုတ် ဘေးဥပါဒ် တစ်ခုကို သတိပေးသည့်အခါ သင်္ကေတများကိုကြည့်၍ ယတြာချေခြင်းဖြင့် ကံကြမ္မာ လမ်းကြောင်းကို ပြောင်းဖို့ကြံလာသည့်အခါတွင် လွန်စွာ စိတ်ဝင်စားဖို့ကောင်းပါသည်။ မှန်ပါသည်၊ နက္ခတ္တ ဗေဒပညာ

ရှင် ကားလ်ဆေးဂန်း ပြောခဲ့သကဲ့သို့ သားဖွားပါရဂူ တစ်ဦး၏ ဆွဲငင်အားသည် အဝေးမှ ဂြိုလ်တစ်ခု၏ဆွဲငင်အားထက် ကလေးအပေါ်တွင် ပို၍ ဩဇာသက်ရောက် နိုင်သည် ဆိုသည်မှာ မှန်ပါသည်။ သို့တိုင်အောင် လူသည် လျှို့ဝှက်ဆန်းကြယ်သော ဆက်သွယ်မှုမျိုးကို ငတ်မွတ်နေတတ်ပါသည်။

အရာရာကို ကောင်းကင်ဘုံရှိ ထာဝရဘုရားသခင်က ပြဋ္ဌာန်းသည်ဟု သက်ဝင်ယုံကြည်သော ခရစ်ယာန်တစ်ဦး အဖို့ ဂြိုလ်နက္ခတ် တာရာများသည် လူတို့၏ကိစ္စများကို စိုးမိုးကြိုးကိုင်နေသည်ဟူသော အယူအဆကို ငြင်းပယ်ရမည်သာဖြစ်ပါသည်။

မကြာသေးမီက (သမ္မတ) ရော်နယ်ရေဂင်သည် ရှေးဘာဘီလုံ လူမျိုးတို့၏ဗေဒင်ပညာကို ယုံကြည်သည်ဆိုသည့်အခါတွင် ဒေါင်ဒေါင်မြည် ခရစ်ယာန်ကြီးဖြစ်သည့် ရေဂင်သည် မည်သို့ ဖြစ်သွားသနည်းဟု စဉ်းစားမိကြပေလိမ့်မည်။

သို့ရာတွင် ရေဂင်၏ ဗေဒင်ပညာသည် သူ့အပြင်းပြေ ဂျယ်လီသကြားလုံးဝါးသလို အပြင်းပြေ စိတ်ကူးဉာဏ်ကစားခြင်းလည်း ဖြစ်နိုင်လိမ့်မည် ထင်ပါသည်။

ရည်ညွှန်း။ Time, May 16,1988.
Lance Morrow
The Five- and- Dime Charms
of Astrology ကို ပြန်ဆိုသည်။

❒ ❒ ❒

http://www.cherrythitsar.org

# နွေလယ်ညတစ်ညအိပ်မက်
# နောက်ဆက်တွဲ

ယခုတစ်လောတွင် စစ်အေးတိုက်ပွဲပြီးဆုံးသွားခြင်း၊ လက်နက်ပြိုင်ပွဲအရှိန် လျော့ပါးသွားခြင်း၊ ပထဝီနိုင်ငံရေးကမ္ဘာကြီး အခြေခံမှစ၍ ပြောင်းလဲသွားခြင်းစသည်တို့ကို အများသူငါ ပြောနေကြသဖြင့် ကျွန်တော်တို့သည် မိန်းမနှင့် ယောကျ်ားတို့၏ အချစ်စစ်ပွဲအကြောင်းကို ပြောဖို့ အချိန်မရသလောက်ဖြစ်ခဲ့ကြပါသည်။ အမှန်ပြောရလျှင် ယခုခေတ်သည် ချစ်သူများအတွက် တော်တော်ဒုက္ခ ရောက်သည့်ခေတ်ဖြစ်ပါသည်။ ယခုခေတ်သည် ခုခံအားကျဆင်းမှု ရောဂါခေတ်၊ လင်ကွာ မယားကွာ အမှုတို့၏ ခေတ် ဖြစ်ပါသည်။ ယခုခေတ်တွင် အသည်းနှလုံးပြဿနာသည် ဓာတုဗေဒဆိုင်ရာ ကိစ္စတစ်ခုမဟုတ်တော့ဘဲ ဆေးပညာ

တရားဥပဒေ နှင့် နိုင်ငံရေးပြဿနာကြီးတစ်ခုဖြစ်နေသည်ဟု ထင်ရပါသည်။ ယနေ့မြင်နေရသော ဖိုမ ဆက်ဆံရေး ပုံသဏ္ဍာန်မှာ ကောင်လေးနှင့် ကောင်မလေးတွေ့မည်။ (တစ်ခါတစ်ရံတွင် ကောင်လေးနှင့်ကောင်မလေးတွေ့မည်။) တစ်ယောက်၏ ဖိုမဆက်ဆံရေးနောက်ကြောင်းရာဇဝင်ကို တစ်ယောက် မေးမည်။ ယနေ့အချိန်အထိ မိမိတွင် ထိုထိုအီအီသော လူမှုဆန့်ကျင်ရေးရောဂါများမရှိခဲ့ကြောင်း ကို ပြောမည်။ တစ်နေ့ တရားတဘောင်ဖြစ်လာလျှင် ရှေ့နေ ထံသို့ သက်သေခံ အဖြစ်တင်ပြရန် အတွက် တစ်ဖက်သား၏ ပြောဆိုချက်များကို ရေးမှတ်ထားမည်။ မင်းကို နွေဦးနေ့ တစ်နေ့နှင့် နှိုင်းရမလား မသိဘူး အချစ်ရယ်ဟု ပြောမည်။ ထိုအခါတွင် ကောင်မလေးကလည်း နှိုင်းလေကောင်း တာပေါ့ဟုပြောမည်။ ယနေ့ခေတ် အချစ်မှတ်တမ်းကို ရေးလျှင် ထိုသို့ပင် ရေးရလိမ့်မည်ဟု ထင်သည်။

သို့ရာတွင် ၁၉၈၉ ခုနှစ်တွင်မူ နွေရက်များသည် နှင်းမှောင်တို့ ထူထပ်စွာကျကာ မည်းမှောင်နေပါသည်။ ဖန်လုံအိမ်အကျိုးသက်ရောက်မှု၏ ကျေးဇူးကြောင့် လွန်စွာ ပူလောင်မွန်းအိုက်နေတတ်ပါသည်။

သို့ဆိုလျှင် 'နွေလယ်ညတစ်ည အိပ်မက်' ပြဇာတ် ကို ရေးခဲ့သည့် ရှိတ်စပီးယားသည် ကျွန်တော်တို့ကို ဇာတ်ဆောင် ထားရေးလျှင် မည်သို့များရေးလေမည်နည်း။ ကျွန်တော်တို့ ကလည်း ဇာတ်ဆောင်များအဖြစ် ဘယ်လိုပါ မည်နည်း။ ငြိမ်သက်တိတ်ဆိတ်သော နွေတစ်ညတွင်

ထိုသို့တွေးမိပေလိမ့်မည်။

သူ့ပြဇာတ်ကို ယနေ့ကျွန်တော်တို့ပြန်ကြည့်သည့် အခါတွင် ကျွန်တော်တို့ ပထမဆုံးသတိပြုမိသော အချက် တစ်ချက် ရှိသည်။ ယင်းမှာ အချစ်သည် ရှိတ်စပီးယား တို့ခေတ်နှင့် ကျွန်တော်တို့ခေတ်အထိ များစွာပြောင်းလဲခြင်း မရှိ ဆိုသည့် အချက်ဖြစ်သည်။ ထိုစဉ်က ကဲ့သို့ပင် ယခုခေတ်တွင်လည်း အချစ်သည် ကြမ်းရှသော ဂဲသြမေထရီ တြိဂံများ၊ ချစ်တုံ့ပြန်မှုကို မရသော တစ်ဖက်သတ် အချစ် များဖြင့် ပြည့်နှက်နေသည်။ ရှိတ်စပီးယား၏ အမြဲစိမ်းစို လန်းဆန်းသော ဇာတ်ဆောင်စာရင်းကို လည်းကျွန်တော်တို့ အလွယ်တကူ မှတ်မိနေသေးသည်။ သဥ္ဇာလီထက်တွင် အတူ မှေးစက်ပျော်ရန် မိန်းမပျိုကို ဖျားယောင်းသွေးဆောင်နေ သော စိတ်မရှည်သည့် ချစ်သူ၊ တစ်ခဏလေးအတွင်းတွင် ချစ်တေးကျူးသံကို ဗိန်းမောင်းတိုက်သံ အဖြစ်သို့ ချက်ခြင်းပြောင်းနိုင်သော အိုင်တွေ့လျှင် ခြေဆေးသည့် မျက်နှာရှုး လူကြမ်း၊ ပဒေသရာဇ်ဆန်သော ဖခင်၏ အုပ်စိုးမှုအောက်မှ ထွက်ပြေးရန်ကြံစည်နေကြသော ချစ်သူနှစ်ယောက်၊ (သို့ရာတွင် သူတို့ဘာသာလွတ်မြောက် အောင်လုပ်ရန်မတတ်နိုင်ကြဘဲ နောက်ဆုံးတွင် လက်လျှော့ လိုက်ကြရပါသည်။) တို့ကို ကျွန်တော်တို့ သတိရ နေကြပါသေးသည်။ (နွေလယ်ည အိပ်မက်ပြဇာတ်မှ လူရွှင်တော်)ပဲ့ါက်သည် ယခုခေတ်သစ်ပြဇာတ်များထဲတွင် ဧည့်သည်ဇာတ်ဆောင်ဖြစ်နိုင်ပါသေးသည်။ ထိုပြဇာတ်ကို

ကလျှင် 'ညစ်ညမ်းစွာ၊ ရဲတင်းစွာ' ဇာတ်တိုက်နေကြသော ရိုင်းပြသည့် စက်ရုပ် ဇာတ်ဆောင်များသည် အကျော် အမော်တွေဖြစ်သွားကြပေလိမ့်မည်။ စကားကုလား ဖန်ထိုးသော လူပြက်တို့က 'အသစ်' ဆိုသည့် စကားလုံးကို 'အချစ်'ဟု ပြောမိလျှင်လည်း ကျွန်တော်တို့က ပြက်လုံးဟု သဘောထားမိကြမည်မဟုတ်ပါ။ တကယ်တော့အချစ်ကို တွေးတောဖန်တီးခြင်းသည် ကွဲအက်သောနှလုံးသားလို သက်တမ်းအိုမင်းလှပြီ ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင် ဂီတ အိပ်ရာ ဇာတ်လမ်း၊ မူးယစ်ဆေးစွဲရုပ်ရှင်နှင့် အပေါစားဇာတ်မြူးတို့သည် ဗွီဒီယို အတွက် ဖန်တီးထားလေသလားဟုပင် ထင်ရပါသည်။ အပြာဇာတ်များသည် အီစတန်အဲလစ်၏ ဝတ္ထုထဲက မြီးကောင်ပေါက်များအဖို့ အဆန်းမဟုတ်တော့ပါ။ ထုံထိုင်းသော ဘော်တွန်း (နွေလယ်ည အိပ်မက်) အား မြင်မြင်ချင်း ကြိုက်သွားသော တီတန်နီယာ၏ အချစ်သည် သူတို့ခေတ်တွင် သဘာဝကျသည်ဟု ဆိုနိုင်ပါသည်။

လိုင်ဆင်ဒါ (နွေလယ်ည အိပ်မက်)က 'အချစ်စစ် အချစ်မှန်တို့၏ သွားရာလမ်းသည် ဘယ်သောအခါမျှ ဖြောင့်ဖြူး ချောမွေ့ခြင်း မရှိ'ဟု ပြောခဲ့ပါသည်။ ကျွန်တော် တို့ခေတ်တွင်လည်း အချစ်စစ် အချစ်မှန်သည် ထိုအတိုင်းပင် ဖြစ်နေမည်ဟု ထင်ပါသည်။ သို့ရာတွင် ကျွန်တော်တို့၏ ခေတ်ကြီးသည် ရှုပ်ထွေးပွေလီသော ခေတ်ကြီး ဖြစ်သည့် အတွက် ထိုအချက်ကို ကျွန်တော်တို့ မေ့နေတတ်ကြပါသည်။

http://www.cherrythitsar.org

သစ္စာမဲ့ခြင်းသည် ကရက်ဆီဒါ (ထရွိုင်းလက်စ်နှင့် ကရက်ဆီဒါ)ပြဇာတ်၏ အမှတ်တံဆိပ်ဖြစ်ခဲ့ပါသည်။ ရှိတ်စပီးယားတို့ ခေတ်ကပင်လျှင် ဇာတ်ရုံများတွင် (ရမ်ဘို) ၁၊ ရမ်ဘို ၂၊ တာမီနေတာ ၁၊ တာမီနေတာ ၂ စသည်ဖြင့် ဂဏန်းထိုး၍ ပြသရသကဲ့သို့) ရောမ ဂဏန်းတွေထိုး၍ ပြရပါသည်။ နောက်ဆက်တွဲ ပြဇာတ်တစ်ခုပြီး နောက်ဆက်တွဲတစ်ခု တင်ဆက်ရပါသည်။ ရိုမီယို သည် အချစ်ကြီးသူဖြစ်ပါသည်။ ဆယ်ကျော်သက် ကလေးဖြစ်ပါသည်။ ဂျူးလီယက်ကို မတွေ့မချင်း ရိုဆာလင် တစ်ယောက်မှ အပ အခြားမည်သူ့ကိုမျှ စိတ်ကူးမထည့်ခဲ့ပါ။ ဂျူးလီယက်သည် ဆယ့်သုံးနှစ် အရွယ် အပျိုဖြန်းကလေးဖြစ်ပြီး ချစ်သူရိုမီယိုနှင့် သူ၏ သစ္စာရှိသော အထိန်းတော်ကြီးကို သတ်ခဲ့မိသဖြင့် ယူကျုံးမရ ဖြစ်နေရသူဖြစ်ပါသည်။ ရှိတ်စပီးယား ကိုယ်တိုင်သည်လည်း သူ၏ အကောင်းဆုံးအချစ်ကဗျာများကို ချောမောလှပသည့် လူငယ်တစ်ဦးနှင့် အမျိုးအမည် မသိရသော 'အသားညိုညိုအမျိုးသမီး' တစ်ဦးကို ရည်ညွှန်းခဲ့ပါသည်။

သို့ဖြင့် အသည်းနှလုံး၏ သဘာဝသည် ပြောင်းလဲခြင်းမရှိသည့်တိုင် အသည်းနှလုံးအပေါ်တွင် ဖိအားပေးမှုများ၊ ကန့်သတ်ချက်များသည် ပြောင်းလဲသွားခဲ့လေသည်။ ရှိတ်စပီးယား၏ ပြဇာတ်များက ဆိုလိုသည့် အနှစ်ချုပ်မှာ 'ချစ်သူများနှင့် သူရူးများတွင် ဆူပွက်သော ဦးနှောက်များရှိသည်' ဆိုသည့် သဘောဖြစ်ပါသည်။ ချစ်သူတို့တွင်

မိုက်မဲမှုတွေ အပြည့်ရှိသည်။ ရမက်မီးလျှံ တွေအပြည့်ရှိသည်။ စိတ်ကူးဉာဏ်တွေ အပြည့်ရှိသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ယနေ့ ကျွန်တော်တို့တွေ့နေရသော ပြဿနာမှာ ထိုအရာနှင့်ပြောင်းပြန်ဖြစ်ပါသည်။ ကျွန်တော်တို့သည် အချစ်အကြောင်းကို စဉ်းစားရာတွင် သတိထားလွန်း တွက်ချက်လွန်းအားကြီးသဖြင့် ကျွန်တော်တို့၏ နှလုံးသားကို ကော်ဖီဇွန်းကလေးဖြင့် တစ်ဇွန်းချင်းခတ်၍ ချိန်တွယ် ပေးနေကြပါသည်။ ကြောက်တတ် လျှင်ဝန်ကင်း ဆိုသကဲ့ သို့နှလုံးသားကို ရည်းစားမပေးလျှင် ဗေလီယမ် အိပ်ဆေး မသောက်ရဟု ယူဆနေကြပါသည်။ အချစ်သည် အစဉ်သဖြင့် ပွေလီဆန်းပြားသောအရာ ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် အချစ်ကို တရားဥပဒေခြင့် ဘောင်ခတ် ပြဋ္ဌာန်း၍ မရခြင်း ဖြစ်ပါသည်။ ယနေ့ခေတ်တွင် ဘဝ အလွမ်း အမော ကိစ္စသည် (ချစ်သူတို့အတွက် မဟုတ်တော့ပဲ) ရှေ့နေ ရှေ့ရပ်များ အတွက် ဖြစ်ပါသည်။ အကြင်နာကင်းမဲ့မှုနှင့် အရှက်ရခြင်း တို့သည် ရာဇဝတ်မှုနှင့် ပြစ်ဒဏ်အဖြစ် ပြောင်းသွားကြ ပါသည်။ ယနေ့ခေတ်တွင် မိန်းမပျိုကလေးများသည် သူတို့ကို လက်ထပ်ယူရန် ပဋိညာဉ် ပျက်ကွက်ခဲ့သဖြင့် သူတို့ရည်းစား များကို တရားစွဲနေကြပါသည်။ စွန့်ပစ်ခံရသော ချစ်သူ ဟောင်းများသည် (ယင်းတို့အနက် သုံးဦးကို ဖော်ပြရလျှင် ဝီလျံဟော့တ်၊ မိုက်တိုက်ဆန်နှင့် ရော့ဟတ်ဆန် တို့၏ ချစ်သူဟောင်းများ ဖြစ်ပါသည်။) သူတို့၏ ချစ်မေတ္တာ တန်ဖိုးကို ဒေါ်လာသန်းချီ၍ တောင်းနေကြပါသည်။

ရုံးတော်တွင် တရားစွဲဆိုခြင်းဆိုသည်မှာ 'ဝမ်းနည်းပါတယ် ဆိုသည့် စကားကလေးပင် မပြောဖြစ်အောင် အပြတ် စာရင်းရှင်းကြသော ကိစ္စဖြစ်ပါသည်။

စက်မှုနည်းပညာသည်လည်း ကျွန်တော်တို့ခေတ် ချစ်သူတို့၏ ဆက်ဆံမှုများကို ပိုပြီး အန္တရာယ်ကြီးအောင် ထောက်ကူနေသကဲ့သို့ရှိပါသည်။ ရောဘ်လောသည် (အချစ်စခန်းဖွင့်နေစဉ်) ဗွီဒီယိုဖြင့် ချောင်းအရိုက်ခံခဲ့ ရပါသည်။ သာမန်ချစ်သူများပင်လျှင် ချောင်း၍ ဓာတ်ပုံ အရိုက်ခံခဲ့ကြပါသည်။ ဓာတ်ပုံအရိုက်ခံရမည်ကို ကြောက်သူ တို့ကလည်း တယ်လီဖုန်းမှနေ၍ ချစ်စကား ပြောကြပါသည်။ တယ်လီဖုန်းတွင် ချိန်းတွေ့ကြပါသည်။ အကယ်၍သာ ခေတ်သစ်ဂျူးလီယက်တစ်ယောက်သည် အဆိပ်သောက်၍ သူ့ကိုယ်သူ အဆုံးမစီရင်မီ ချစ်သူထံ တယ်လီဖုန်းဆက်လျှင် 'ကိုယ်လည်း ရိုမီယိုလို လိုက်လုပ်မှာပေါ့ကွယ်' ဟူသော စကားမျိုးကို ကြားရဖို့ကောင်းပါသည်။ သို့ရာတွင် ယနေ့ ခေတ်၍ ဘယ်သူကမျှ ထိုစကားမျိုးကို မပြောကြတော့ပါ။

ယခုခေတ်တွင် ဤသို့ဖြစ်နေကြသဖြင့် သည်ခေတ် တွင် အစစအရာရာ သတိထားလွန်းသည်၊ ဂဏန်းတွက် လွန်းသည်ဟုကား အပြစ်တင်မစောသင့်ပါ။ ထိုသို့ သတိ မထား၊ ဂဏန်း မတွက်ခဲ့မိကြသဖြင့်ပင် ရိုမီယိုနှင့် ဂျူးလီယက်တို့သည် အသေစောခဲ့ကြရခြင်း ဖြစ်ပါသည်။ ဘယ်အချစ်ဇာတ်လမ်းတွင်မဆို စဉ်းစား တွက်ချက်မှုကတော့ အနည်းအများပါ တတ်ကြသည်သာ ဖြစ်ပါသည်။

အချစ်စစ်အချစ်မှန် ဆိုသည့် အရာသည်ပင်လျှင် ပေါ်လာသည်မှာ ဘာမျှမကြာသေး။ နောက်မှ ပေါ်သည့် တီထွင်မှုတစ်ရပ်ဖြစ်သည်ဟု ပညာရှင်တို့က ယူဆနေကြပါသည်။ နေရာများစွာ ခေတ်များစွာတွင် လက်ထပ်ထိမ်းမြားခြင်းကိစ္စသည် လက်တွေ့စီစဉ်ရသည့် ကိစ္စတစ်ခုဖြစ်ပါသည်။ အိန္ဒိယ သတင်းစာများထဲတွင် ပါတတ်သည့် ထိမ်းမြားမင်္ဂလာကြော်ငြာတွေကိုကြည့်၍ လှောင်ပြောင်သူများသည် သူတို့ကိုယ်တိုင်ကြတော့ 'မိဘမဲ့ကလေး' ကြော်ငြာကို သတင်းစာများတွင် သွားထည့်ကြရမည်ကိုတော့ မရှက်တတ်ကြပါ။ လူမသိ သူမသိချိန်းတွေ့ခြင်းသည်လည်း (သဘောအားဖြင့်) စီစဉ်ထားသော လက်ထပ် ထိမ်းမြားမှုတစ်ခုဖြစ်ပါသည်။ ရောဂါကူးစက်မှုနှင့် ထိပ်တိုက်တိုးမှုများကြောင့် ဘုံအိမ်ထောင်ရေးစနစ်ကို မထူထောင်ကြသဖြင့် တော်သေးသည်ဟု ဆိုရတော့မည် ဖြစ်ပါသည်။ သို့ဖြစ်လျှင် အချစ်ကို လွတ်လပ်စွာ မရနိုင်သောကြောင့် ဈေးကြီးရတော့မှာလားဟု မေးဖွယ်ရှိပါသည်။

အဆုံးတွင် ကျွန်တော်တို့နှင့် ရှိတ်စပီးယားတို့ မတူသည့်အချက်မှာ သူကနတ်သိကြားများကို ယုံကြည်ခြင်းဖြစ်ပါသည်။ သူ့ပြဇာတ်များထဲတွင် အခက်အခဲ အရှုပ်အထွေးပေါ်လာတိုင်း နတ်သမီးများပေါ်လာကာ ပြဿနာများကို ဖြေရှင်းပေးသွားတတ်ပါသည်။ 'အပျော်အရွှင်ဇာတ်၏ သဘောမှာ အလယ်တွင် ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့၊ ဇာတ်သိမ်းတွင် အားလုံး ပြေပြစ်ညီညွတ်စွာ ဇာတ်ပေါင်းသွားကြသည့်

အချက်ဖြစ်ပါသည်။ ယခုအချိန်တွင် ရှိတ်စပီးယား၏ ကြယ်ရောင်လင်းသော ညများတွင် ဖြစ်ပျက်ခဲ့သည့် ရှုးသွပ်မှုများ၊ အဖုအထစ်များသည် လွန်မြောက်သွားခဲ့ကြပါပြီ။ အမှားတို့ကို အမှန်သို့ရောက်အောင် ပြင်ပေးရန်အတွက် ကောင်းကင်မှ နတ်သမီးများလည်း ဆင်းလာကြပါပြီ။ ချစ်သူတို့သည် မနက်ခင်း မိုးဆွေငှက်ကလေးများနှင့်အတူ နိုးလာကြကာ သူတို့အဖြစ်ကို အိပ်မက်လေလားဟု ဇဝေဇဝါဖြစ်နေကြပါသည်။ အချစ်သည် မျက်စိမမြင်ပါ။ အချစ်၏ သားကောင်များသည် ရှုးသွပ်ကြပါသည်။ ကဗျာဆရာရှိတ်စပီးယားသည် ကျွန်တော်တို့ကို အိပ်မက်ကမ္ဘာသို့ ခေါ်သွားပါသည်။

သို့ရာတွင် တစ်ည မျှသာဖြစ်ပါသည်။ ခဏမျှသာဖြစ်ပါသည်။ ထိုအတွေးများသည် ရှိတ်စပီးယား အသက်ရှင်စဉ် ၁၆၀၀ ပြည့်နှစ်များ ကတည်းကပင်လျှင် ထွက်ပြေးမှုဝါဒအတွေး ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့ရာတွင် ယနေ့ ၁၉၈၉ ခုနှစ်တွင်ကား ပျော်ရွှင်စွာ ဇာတ်သိမ်းရန် အတွက် နွေလယ်ညတစ်ည၏ အိပ်မက်သည် ကျွန်တော်တို့အဖို့ အကောင်းဆုံးသောမျှော်လင့်ချက်ပင် ဖြစ်ပါလိမ့်မည်။

ရည်ညွှန်း။ A Midsummer Night's Dream:
The Sequel by Picolier.
Time, August 7, 1989.

❒ ❒ ❒



http://www.cherrythitsar.org

# ရှေးခေတ်ဆိုးကို လွမ်းမိတယ်

အရှေ့ဥရောပ နိုင်ငံများအနက် ဟန်ဂေရီသည် ကွန်မြူနစ် လွန်ခေတ်ကို ကူးပြောင်းရာတွင် အညင်သာဆုံး ဖြစ်သည်။ ဂြိုဟ်တုအသံဖမ်းခွက်များသည် ဘူဒါတောင်ကုန်းပေါ်မှ အိမ်များပေါ်တွင် မှိုပွင့်တွေလို အလျှိုလျှိုပေါ်လာကြသည်။ တိုင်းရင်းသား လုပ်ငန်းရှင်များကြားတွင် ဖက်စ် သတင်းပို့စက်များသည် အိမ်ဦးခန်းတွင်တင်၍ ကိုးကွယ်ရမည့် အဆင့်သို့ရောက်လာခဲ့ကြသည်။ ဥရောပအဖွဲ့ဝင် နိုင်ငံများနှင့်အမေရိကန်နိုင်ငံသားတို့အတွက် ဟန်ဂေရီ နိုင်ငံသည် တံတိုင်း ကြီးကာရံထားသည့် တိုင်းပြည် မဟုတ်တော့ပြီ။ ပြည်ဝင်ခွင့် ဗီဇာ လျှောက်ရန်မလိုတော့ပြီ။

ယခုအချိန် ဘူဒါပက်မြို့တော်တွင် နိုင်ငံခြားသား နေထိုင်သူပေါင်း ၂၅၀၀၀ ကျော်ရှိနေလေပြီ။ အများစုမှာ ဟန်ဂေရီ၏ အရင်းရှင် အနာဂတ်အတွက် အရင်းအနှီးများ စွာကို မြှုပ်နှံထားကြသည့် လုပ်ငန်းရှင်များဖြစ်ကြသည်။ သူတို့သည် ဘူဒါပက် မြို့တော်ကြီး၏စတိုင်ကို သဘောကျကြ သည်။ အသင့်ဖွင့်လှစ်လိုက်သော ပျော်ပွဲစားရုံများကို သဘောကျကြသည်။ ဥရောပတိုက်တွင် မည်သည့်နေရာ သို့သွားသွား အသွားရ အလာရ လွယ်သည်ကို သဘောကျ ကြသည်။ ဗီယင်နာသည် ကီလိုမီတာ ၂၀၀ သာဝေးပြီး မော်တော်ကားဖြင့်သွားလျှင် သုံးနာရီသာကြာသည်။ အသင့် ဖွင့်လှစ်လိုက်သော လေဆိပ်ကြီးတွင်လည်း အနောက်နိုင်ငံက လေယာဉ်တွေ တစ်ပုံကြီးရှိသည်။ မီးရထားနှင့် တယ်လီဖုန်း ဆက်သွယ်ရေး တို့ကလည်း တိုးတက်ကောင်းမွန်လာသည်။ အလွန်တိုတောင်းလှသည့် အချိန်ကလေး အတွင်းတွင် ဟန်ဂေရီနိုင်ငံသည် ကမ္ဘာ့ရွာကြီး၏ တင်းပြည့် ကျပ်ပြည့် ရွာသားကြီးတစ်ဦးဖြစ်လာခဲ့သည်။

မကြာသေးမီတုံးကမူ ဟန်ဂေရီနိုင်ငံသည် ဥရောပ တိုက်ကြီး၏ အမှောင်ဘက်တွင် ရောက်နေခဲ့သည်။ မြို့တော်တွင် ရှိသည့် တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ပိုင်ဆိုင်ရခြင်းသည် ထောက်လှမ်းရေးအာဏာ သိမ်းမှု တစ်ရပ်လို ဖြစ်နေသည်။ ဘူဒါပက်မှ ဗီယင်နာ သို့လာသည့်

မီးရထားများပေါ်တွင် အနောက်တိုင်းမှ အေးဂျင့်များသည် ဟန်ဂေရီသတင်းစာများကို အလောသုံးဆယ် လိုက်ရှာတတ်ကြသည်။ ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသည့် အခြေအနေများကို အရိပ်အမြွက် သိနိုင်ရန်ဖြစ်သည်။

သို့ရာတွင် ထိုခေတ်ဆိုးများတွင် အလုပ်လုပ်ခဲ့ကြသည့် သတင်းစာဆရာ မျိုးဆက်တို့ အဖို့ကား ၉၀ ပြည့်လွန်နှစ်များမှ ဘူဒါပက်မြို့တော်သည် ဘရပ်ဆဲမြို့တော်ကဲ့သို့ပင် တော်တော်ဒုက္ခတွေ့ရသည့် နေရာဖြစ်နေသည်။ စရိတ်ကြီးလွန်းသည်။ ယဉ်ပါးလွန်းသည်။ မရေမရာနိုင်လွန်းသည်။ ကွန်မြူနစ်လွန်ခေတ်၏ အကျိုးတရားများကား များပြားလှပါ၏။ သို့ရာတွင် ငရုတ်သီး၏ စပ်ရှိန်းရှိန်း အရသာကလေးကား ပျောက်ဆုံးသွားလေမည်။

ဘယ်နှစ်ကြိမ်ပဲရောက်ရောက်၊ ဘယ်နှစ်ခေါက်ပဲသွားသွား၊ သံကန့်လန့်ကာတွင်းသို့ ဝင်ရသည်မှာ ကောင်းပါသည်။ အတွင်းသို့ရောက်သွားသည်နှင့် လေသည်ပင်လျှင် ကွဲပြားခြားနားသွားပါသည်။ အတန်ကြာသည့်တိုင် အဝတ်ပေါ်တွင် စွဲနေသော ကျောက်မီးသွေးကျပ်ခိုးနံ့၊ ဒီဇယ်နံ့နှင့် တူရကီဆေးလိပ်နံ့တို့ဖြင့်မွှန်နေပါသည်။

သံကန့်လန့်ကာနောက်ကွယ်က လောကသည် တရားဝင်ထုတ်ပြန်သော မင်္ဂလာရှိသည့် သတင်းများ၊ ကြွေးကြော်သံများနှင့် တလူလူလွင့်နေသော အလံများ၊

လျှာထားချက်ပြည့်မီသော စီမံကိန်းများ၊ ပါတီသတင်းစာမှ ခေါင်းကြီးများကို ဖတ်ကြားခြင်းများ စသည်တို့ဖြင့် ပြိုးပြွမ်းနေသော နေရာဖြစ်ပါသည်။ ရုပ်မြင်သံကြားမှာလည်း ထို့အတူ ဖြစ်ပါသည်။ ကုန်ထုတ်သမဝါယမများမှ ပျော်ရွှင်နေသော လယ်သမားများကိုသာ ပြသလေ့ရှိပါသည်။ သို့ရာတွင် ထိုသို့သော အသံများသည် တိတ်ဆိတ်သွားကြလေပြီ။ အဖြစ်အပျက်ကြီးများ တစ်ခုပြီး တစ်ခု ပေါ်ပေါက်သွားခဲ့ကြလေပြီ။ လပေါင်းများစွာ အကြာတွင် အနောက်တိုင်းသို့ ပြန်လည်ရောက်ရှိပြီး ထင်ရှားသူ တစ်ဦးကွယ်လွန်သွားပြီး အစိုးရအဖွဲ့လည်း ပြုတ်ကျသွားလေပြီ။

သို့ရာတွင် သတင်းစာဆရာ တစ်ယောက်အဖို့ကား ထိုသို့သော လျော်ကြေးများသည် ထိုက်တန်သော လျော်ကြေးများပင်ဖြစ်ပါသည်။ စစ်အေးတိုက်ပွဲ တစ်လျှောက်လုံးတွင် အရှေ့ဥရောပတိုက်သည် ဖိနှိပ်မှုနှင့် ဖိနှိပ်ခံရသူတို့ ကပြရာ ဇာတ်ရုံကြီးဖြစ်ခဲ့ပါသည်။ ထိုဇာတ်ရုံကြီးထဲက ဇာတ်ခုံပေါ်တွင် ခမ်းနားစွာ ကပြခဲ့ကြပါသည်။ တစ်ခါတစ်ခါတွင်လည်း ထိုပြဇာတ်ထဲတွင် ကွန်မြူနစ်ဆန့်ကျင်ရေး အဓိကရုဏ်းများပါခဲ့ပါသည်။ (၁၉၅၃ ခုနှစ် ဘာလင်အဓိကရုဏ်း၊ ၁၉၅၆ ခုနှစ်က ပိုဇည်န် အဓိကရုဏ်း စသည်) ထိုပြဇာတ်ထဲတွင် ကွန်မြူနစ် ဆန့်ကျင်ရေးပုန်ကန်မှုများလည်းပါခဲ့ပါသည်။

(၁၉၅၆ ဟန်ဂေရီ)တံတိုင်းကြီး တည်ဆောက်ခန်း လည်းပါခဲ့ပါသည်။ (ဘာလင် ၁၉၆၁) တပ်နီတော် ဝင်ရောက်တိုက်ခိုက်မှု လည်းပါခဲ့ပါသည်။ (၁၉၆၈ ခုနှစ် ပရတ်။)

ထိုများပြားလှသော အဖြစ်အပျက်များကြားတွင် အာဏာရှင် စနစ် တစ်ခုအောက်တွင် နေရသည့် နေ့စဉ်ဘဝ ဆင်းရဲမှု ဒုက္ခတွေကလည်း တစ်ပုံကြီး ရှိသေးသည်။ သစ္စာရှိကွန်မြူနစ်များ အဖွဲ့ပင်လျှင် ဖမ်းဆီးမှုများ၊ စုံးစမ်းစစ်ဆေးမှုများ၊ စွဲဆိုမှုများရှိနေသေးသည်။ ထိုအဖြစ်အပျက်ကို လိုက်လံသတင်းယူသည့် အနောက်တိုင်း သတင်းစာဆရာများ အဖို့ သူတို့ရောက်နေသည့် နေရာသည် နေရာမှန်ဟုတ်ရဲ့လားဟု အမြဲတန်းလိုလို ဒွိဟဖြစ်နေကြရသည်။ သတင်းဖြစ်ပွားသည့် နေရာသို့ရောက်နေသည့် သတင်းစာဆရာ တစ်ယောက်သည် ပြင်ပမှ သတင်းစာဆရာ တစ်ယောက်လောက်ပင် မသိဘဲ ဝိုးတိုးဝါးတားဖြစ်နေတတ်သည်။ ဤသည်မှာ စစ်အေးတိုက်ပွဲကာလ သတင်းစာအတတ်ပညာ၏ ရေးဆွဲထားခြင်းမရှိသော ဥပဒေဟု ပင်ဆိုရတော့မည်ထင်သည်။

အများအားဖြင့်မူ အရှေ့ဥရောပ အာဏာပိုင်များသည် နိုင်ငံခြားသတင်းထောက်များအား သူလျှိုအသေးစား သတင်းစုဆောင်းသူများဟု သဘောထားလေ့ရှိကြသည်။ ယင်းတို့ သဘောထားသည်မှာလည်း

http://www.cherrythitsar.org

အဆိုး မဆိုသင့်ပါ။ ကွန်မြူနစ်များသည် သူလျှိုလုပ်ငန်းကို အထင်ကြီးတတ်ပြီး သတင်းစာလုပ်ငန်းကို အထင်သေး တတ်ကြသောကြောင့် ဖြစ်ပါသည်။ ချဉ်းကပ်ပုံမှာ နိုင်ငံတစ်ခု နှင့်တစ်ခုတော့ ကွဲပြားပါသည်။ သို့ရာတွင် နေရာတိုင်းမှာ လိုလိုပင် လျှို့ဝှက်ပုလိပ်၏ ကိုယ်စားလှယ် တစ်ယောက် ယောက်သည် သတင်းစာဆရာများကို လာတွေ့လေ့ရှိ ပါသည်။ ထိုသူများမှာ အများအားဖြင့် 'ကိုယ်ဟန်ပြမယ်များ' နှင့် 'ကချေသည်များ' ဖြစ်လေ့ရှိပါသည်။ အရှေ့ဥရောပသည် တစ်ယောက် ယောက်နှင့် အမှတ်တမဲ့ ချိန်းပြီး ကပွဲ သွားဖို့ကောင်းမည့်နေရာ မဟုတ်ပါ။

ထိုနေရာသည် အချက်အလက်ရှာဖွေဖို့ လည်း ကောင်းသည့်နေရာမဟုတ်ပါ။ ထို့ကြောင့် ထိုဒေသရှိ နိုင်ငံခြားသတင်းထောက်များသည် သူတို့၏ 'နေထိုင်ဟန်' ကြည့်၍သာ သတင်းကိုမှန်းဆ ရေးကြရပါသည်။ ဘေး သတင်းများကို အားကိုးရပါသည်။ သို့ရာတွင် ထိုသတင်း ရေးရာ ရပ်ကွက်ကိုမူ လုံခြုံစွာ ထိန်းသိမ်းထားနိုင်ဖို့ လိုပါ သည်။ တစ်ခါတစ်လေတွင် ကျောင်းသားများနှင့် လိုက်၍ လုပ်အားပေးရင်း သတင်းယူရပါသည်။ တစ်ခါတစ်လေတွင် သဘောကွဲလွဲသူများနှင့် တွေ့ဆုံရပါသည်။ တစ်ခါတလေ တွင်လည်း စက်ရုံများသို့ လည်ပတ် ရပါသည်။ တစ်ခါကမူ စက်ရုံများမှ ခိုးယူထားသည့် ပစ္စည်းများဖြင့် ဆောက်ထား

သော အပန်းဖြေရိပ်သာ တစ်ခုတွင် တည်းခို၍ သတင်း ယူခဲ့ရသည့် အခါပင်ရှိပါသည်။ တစ်ခါတစ်ရံတွင်လည်း ညှော်ခံပွဲများတွင် သတင်းယူရ တတ်ပါသည်။ ဘဲလေး ကချေသည်တစ်ဦးနှင့် ချိန်းတွေ့ခြင်း၊ ဝါဆောရှိ နှစ်သစ်ကူး ပါတီတစ်ခု သို့တက်ရောက်ခြင်း စသည်တို့ကိုလည်း လုပ်ရ တတ်ပါသည်။ ထိုပွဲတွင် မျက်လှည့်ပြလိုက်သလို ဒေါ်လာတွေ အောက်ခံဘောင်းဘီခါးပတ်ကြားမှ ထွက်လာသည်ကို မြင်ခဲ့ဖူး ပါသည်။

ယင်းသို့ သတင်းယူရသည့် နေရာများအနက် ဘူခါရက်(ရူမေးနီးယား) သည် အဆိုးဆုံးဖြစ်ပါသည်။ ဘူခါရက်သို့ သီတင်းကုန်ရက်တွင် သွားနေရခြင်းသည် ဂျေဆု ဘုန်းကြီးတွေ ပြောလေ့ရှိသည့် ထာဝရကာလကြီး တစ်ခု လောက်ကြာသည်ဟု ထင်ရပါသည်။ ရူမေးနီးယား မြို့တော် ဘူခါရက်သည် အယ်ဘေးနီးယားမြို့တော် တီရန်နာနှင့် မနီးရိုးစွဲပင်ဖြစ်ပါသည်။ သူတို့နှစ်မြို့သည် ချိန်ပိတ်ထားသော လူ့အဖွဲ့အစည်းကြီးတည်းဟူသော သရဖူကြီးထဲက ကျောက် မျက်ရတနာကြီးများ ဖြစ်ကြ ပါသည်။ ထိုမြို့နှစ်မြို့သည် အဝင်အထွက် အလွန် ခက်ခဲပါသည်။ ညဆိုလျှင် မြို့တော် ကြီးသည် ဝပ်လေးဆယ် သာရှိသည့် မီးလုံးကလေး တစ်လုံးကို ထွန်းထားသလို ဖြစ်နေပါသည်။ နေ့ဆိုလျှင်လည်း လျှပ်စစ်ဓာတ်အားလုံးဝ မရှိသလောက်ပင်ဖြစ်ပါသည်။

အပူငွေ့လည်းမရှိပါ။ အစားအသောက် ဟူသမျှသည်လည်း ကြက်သွန်ဖြူနံ့ချည်းထွက်နေပါသည်။ အင်တာဗျူးတွေ့ဆုံ မေးမြန်းခွင့်တွေ မရှိပါ။ လေးကီလိုမီတာ အကွာတိုင်းတွင် ပုလိပ်တို့၏ စစ်ဆေးရေး စခန်းများ ရှိနေပါသည်။ ဘူခါရက်သို့သွားသည့် သတင်းစာဆရာ တို့သည် အထုပ် ခြောက်ထုပ်ပါ အရေးပေါ် ပစ္စည်းအိပ်နှင့် လက်နှိပ်ဓာတ်မီးနှင့် ဓာတ်ခဲများ ယူသွားရပါသည်။

ထုံးစံအားဖြင့် ဆိုလျှင် အရှေ့ဥရောပသည် မမျှော်လင့်သည့်အရာတွေကို တွေ့ရသည့် ဝတ္ထုကြီး ဖြစ်ပါသည်။ သုံးကျင်း ဂေါက်ကွင်း၊ 'ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ' ဆိုသည့် ခပ်အုပ်အုပ်အော်သံ၊ လမ်းလယ် ခေါင်ပေါ်တွင် အိပ်နေသော မြင်းတစ်ကောင်၊ အနီးရှိစားပွဲမှ ထိုးပေးလိုက်သည့် စာရွက်လေးတစ်ရွက်၊ စာရွက်ပေါ်တွင် 'ဗီယက်နမ်မှာ နိုင်အောက်တိုက်ပါ၊ ကွန်မြူနစ်ဝါဒကျဆုံးပါစေ' ဆိုသည့် လက်ရေး။


တစ်ခါတစ်ရံတွင်လည်း အန္တရာယ်ကြီးပါသည်။ အရက်ဆိုင် တစ်ဆိုင်ထဲတွင် တီးတိုးနှင့် ပတ်သက်၍ ပြောလိုက်သော 'လက်ထိပ်လွတ် မှတ်ချက် စကားတစ်ခွန်း၊ ဆေးခတ်ခံရပြီး ကိုယ်တုံးလုံး ဖြင့် ဂျုံခင်းတစ်ခုထဲတွင် သတိမေ့ နေရာမှ သတိပြန်ရလာသည့် အဖြစ်'၊ 'နိုင်ငံ အကြီးအကဲကို စော်ကားသည်' ဆိုသည့် စွဲချက်ဖြင့်

ကိုယ်တုံးလုံးအစစ်ခံရခြင်း။

အဆိုးဆုံးအနေဖြင့်ကြည့်လျှင် ထိုခေတ်ဆိုးကာလ၏ နေ့ရက်များသည် စိတ်ပျက်ညစ်ညူးဖွယ်ကောင်းသော မန္တာန်တေးဖြစ်ပါသည်။ အကောင်းဆုံးအနေဖြင့်ကြည့်လျှင် ဆယ့်နှစ်ရာသီပတ်လုံး သတင်းဦးရအောင် လိုက်ရသည့် နေရာ ဖြစ်ပါသည်။ ယခုခေတ်သစ်ဘူဒါပက်တွင်မူ စစ်အေးကာလ တစ်လျှောက်လုံးဘယ်အခါကမျှ မရှိခဲ့ဖူးသည့် စိုးရိမ်မှုကြီးတစ်ခု ကိုတော့ အနည်းဆုံးတွေ့နေရပါသည်။ ယင်းမှာ တစ်ညဟိုတယ် စရိတ်ဒေါ်လာနှစ်ရာဖြစ်ပါသည်။ ဘရပ်ဆဲနှင့်အတူတူပါ။

ရည်ညွှန်း။ The Good Old Bad Old Days
by William Rademaekers
Budapest.
Time, April 20, 1992.

❒ ❒ ❒



# စစ်အေးလွန်ခေတ်မှိုင်းမှုန်ဝေညည်းချင်း

ယခုအချိန်သည် အမေရိကန်ပြည်ထောင်စုနှင့် အရေးကြီးသော အနောက်ဥရောပနိုင်ငံများတွင် ရွေးကောက်ပွဲနတ်ဖမ်းစားနေချိန်ဖြစ်သည်။ ထိုအချိန်တွင် စစ်အေးတိုက်ပွဲပြီးဆုံးခြင်းကြောင့် ရရှိလာသော ပျော်စရာ အခြေအနေလေးသည် အငွေ့ဖြစ်ကာ ပျောက်ကွယ် သွားလေပြီ။ အတ္တလန္တိတ် သမုဒ္ဒရာကြီး၏ ကမ်းခြေနှစ်ဖက် (ဥရောပတိုက်နှင့် အမေရိကတိုက်) တို့သည် တစ်ပြိုင်နက် တည်းတွင်ပေါင်းလည်း ပေါင်းပြီး ကွဲလည်းကွဲနေကြသည်။ သူတို့နှစ်ဦးသည် သူတို့၏ အနာဂါတ်နှင့် ပတ်သက်၍ အဆိုးမြင်နေကြသည်။ သို့ရာတွင် ထိုသို့သောစိတ်မကောင်းစရာအခြေအနေသည် သူတို့နှစ်ဦး၏ ပဋိပက္ခကို ဖုံးကွယ်

ပေးသကဲ့သို့ ရှိနေသည်။

အမေရိကန်ပြည်ထောင်စုဘက်မှ ကြည့်လျှင် ဥရောပတိုက်သည် စိတ်မချမ်းမြေ့ဖွယ်နှင့် စိတ်အနှောင့်အယှက် ဖြစ်ဖွယ်အပေါင်းတို့၏ရေသောက်မြစ်ဖြစ်နေသည်။ အမှန်အားဖြင့် အမေရိကန်ပြည်ထောင်စုသည် တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်နေသော စိုးရိမ်မှုနှစ်ခုကြားတွင် ဗျာများနေသည်။ အမေရိကန်ပြည်ထောင်စုသည် ဥရောပတိုက်တွင် မည်သည့် အရာအား အကြောက်ဆုံး ဖြစ်ရမည်ကို မသိဘဲဖြစ်နေသည်။ ဥရောပတိုက်၏ စီးပွားရေးအင်အားနှင့် အရေးပါမှုကို ကြောက်ရမည်လော၊ အဖျက်စွမ်းအားရှိသည့် နိုင်ငံရေး မတည်ငြိမ်မှုနှင့် အားနည်းမှုကို ကြောက်ရမည်လော၊ အမေရိကန်သည် ဥရောပ၏ ညီညွတ်ရေးကို အားပေးမိလျှင် စည်းလုံးညီညွတ်သော ဥရောပသည် ဖရင်ကင်စတိန်း ဖုတ်ကောင်ကြီးဖြစ်လာကာ ကိုယ့်ကို ပြန်စားမည်ကို စိုးရိမ်နေရသည်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးဖက်တွင် ဥရောပက သူ့ကိုကျော်တက်သွားကာ အန္တရာယ်ပြုလာမည် စိုးရိမ်နေရသည်။ တစ်ဖက်တွင်လည်း ဖရိုဖရဲဖြစ်ကာ အကွဲကွဲဖြစ်နေသော ဥရောပသည် စွမ်းအားမဲ့သွားသော အဖြစ်သို့ရောက်သွားလျှင် ဥရောပ၏ တာဝန်အားလုံးသည် သူ့အပေါ်တွင်စုပြုံကျလာမည်ကို အမေရိကန်တို့ စိုးရိမ်ကြောက်လန့်နေကြသည်။ ပင်လယ်ကွေ့စစ်ပွဲနှင့် ယခုဖြစ်ပွားနေသော ယူဂိုဆလားဗီးယားပြည်တွင်းစစ်တို့ကို နှိုင်းယှဉ်ကြည့်လျှင် သိနိုင်သည်။ ယူဂိုဆလားဗီးယား ပြည်တွင်းစစ်၌

ဥရောပတိုက်သားများသည် ထိုပြည်တွင်းစစ်ကို ရပ်စဲအောင်မစွမ်း ဆောင်နိုင်ဘဲဖြစ်နေကြသည်။ ထိုအခါ အမေရိကန်တို့အဖို့ စဉ်းစားစရာ နှစ်ချက်ပေါ်လာသည်။ ပထမအချက်မှာ အမေရိကန် နိုင်ငံတကာ ဝါဒသမားတို့၏ အမြင်ဖြစ်သည်။ သူတို့က အမေရိကန်သည် ဥရောပရေးရာကိစ္စများတွင် ပါဝင်ဆောင်ရွက်နေဖို့ ကောင်းသည်ဟူသောအမြင်ဖြစ်သည်။ နောက်အမြင်တစ်ခုမှာ မစွက်ဖက်ရေးဝါဒီတို့၏ အမြင်ဖြစ်ပြီး အမေရိကန်သည် ဥရောပရေးရာများတွင် လက်ရှောင်နေဖို့ ကောင်းသည်။ ဥရောပရေးရာများတွင် ပါဝင်စွက်ဖက်နေခြင်း ဖြင့် အကျိုးမထူးနိုင်၊ အမေရိကန်တို့လိုချင်နေသော ဒီမိုကရေစီကို မရနိုင်၊ ဒီမိုကရေစီအစား အကွဲကွဲအပြားပြားဖြစ်နေသော အမျိုးသားရေးဝါဒ၊ လူမျိုးစုဝါဒနှင့် အကြမ်းဖက်မှုတို့ကိုသာ ရနိုင်သည်ဆိုသည့် အမြင်ဖြစ်သည်။

ဘာလင်တံတိုင်းကြီးပြိုကျသွားစဉ်နှင့် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားစဉ်ကာလတုန်းက အမေရိကန်ပြည်ထောင်စုသည် ယခင်ကပျောက်ဆုံးခဲ့သော သမ္မတ ဝီလဆင်၏ လမ်းစဉ်နှင့် ခေါင်းဆောင်မှုကို ပြန်လည်တွေ့ရှိခဲ့ပြီးဟု ထင်စရာရှိသည်။ သို့ရာတွင် ယခုမူ အမေရိကန်သည် အခြားသောကိစ္စများကို ဦးစားပေးနေပြန်လေပြီ။ အမေရိကန်ပြည်ထောင်စုသည် ဥရောပတိုက်တွင် လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လူပုဂ္ဂိုလ်တို့၏ လွတ်လပ်ခွင့်ကို ဦးစားပေးရှေ့နေလိုက်ပေးရမည့်အစား (ယခင်ယူဂိုဆလားဗီးယားနိုင်ငံ ရှိစဉ်က

ကဲ့သို့) ငြိမ်ဝပ်ပိပြားမှုနှင့် ယခင်ကကဲ့သို့ ပိုနေမြဲ ကျားနေမြဲ အခြေအနေမျိုးကို ဆက်လက်ထိန်သိမ်းရန်စိတ်စောနေသည်။

ရှေ့နောက် မညီသောအမေရိကန်ပြည်ထောင်စု၏ စကားများကြောင့် ဥရောပတိုက်ရှိအမေရိကန်၏ မဟာမိတ်များသည် နားမလည်နိုင်အောင်ဖြစ်နေကြသည်။ သမ္မတဘုရှ်၏ ကမ္ဘာ့စနစ်သစ်ကြီး တစ်ရပ် ထူထောင်ရန် ဆော်ဩချက်သည် အားတက်စရာ၊ ရွှင်လန်းစရာ ဆော်ဩချက်ကြီးတစ်ခုဟု ယူဆခဲ့ကြသည်။

အမှန်အားဖြင့် အမေရိကန်လိုချင်နေသော အရာမှာ ကိုယ်ကဘာတာဝန်မှ မယူရသော တည်ငြိမ်မှုမျိုး၊ စနစ်ကျမှုမျိုး၊ ငြိမ်ဝပ်မှုမျိုးဖြစ်ပါသည်။ အချို့သော အမေရိကန်လူမျိုးများက အကန့်အသတ်မရှိသော အမေရိကန်၏ အင်အားမျိုးကို စိတ်ကူးယဉ်ကောင်း ယဉ်ကြပါလိမ့်မည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုတွင် ထိုသို့သော တန်ခိုးအာဏာမျိုးကို ထူထောင်ရန်အင်အား မရှိတော့ပါ။ ထူထောင်ရန် ဆန္ဒ လည်းမရှိတော့ပါ။ အမေရိကန်သည် ကမ္ဘာတွင် တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံအဖြစ် ကျန်ရှိနေခဲ့ခြင်းမှာ မတော်တဆ ဖြစ်ခြင်းသာ ဖြစ်ပါသည်။ ဆိုဗီယက် ယူနီယံ ပြိုကျသွားခြင်း၊ ဂျပန်က မိမိစီးပွားရေး အင်အားကို နိုင်ငံရေး အင်အားအဖြစ် မပြောင်းလဲနိုင်သေးခြင်း၊ ဥရောပနိုင်ငံများက ကမ္ဘာ့ရေးရာများတွင် စည်းစည်းလုံးလုံး မပါဝင်နိုင်သေးခြင်း တို့ကြောင့်သာ ဖြစ်ပါသည်။

တစ်ဖက်တွင် ဥရောပနိုင်ငံများသည် အမေရိကန်ပြည်ထောင်စု၏ စိတ်မရှည်မှုနှင့် ဥရောပတိုက်အား လျစ်လျူရှု ထားမှုတို့ကို သတိပြုမိကြသည်။ သို့ရာတွင် သူတို့လည်း အမေရိကန်ပြည်ထောင်စုအပေါ်တွင် မည်သို့ သဘောထားသင့်သနည်း ဆိုသောကိစ္စ၌ တစ်ဦးနှင့်တစ်ဦး မညီညွတ်နိုင်ဘဲ အကွဲကွဲအပြဲပြဲ ဖြစ်နေကြသည်။ သူတို့သည် ဥရောပမှ အမေရိကန်တို့ထွက်ခွာသွားမည်ကို သိနေကြကာ ထိုကိစ္စနှင့် ပတ်သက်၍ သဘောကွဲနေကြသည်။ တစ်ဖက်တွင် သူတို့သည် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသော ဥရောပ ကာကွယ်ရေး စနစ်တစ်ရပ်ကို ထူထောင်ရန် ကန့်ကွက်ဆန့်ကျင်နေသည့် အမေရိကန်ပြည်ထောင်စုကို မကျေမနပ် ဖြစ်နေကြသည်။ အခြားတစ်ဖက်တွင်မူ ဥရောပတွင် အမေရိကန်ပြည်ထောင်စု အကူအညီမရှိဘဲ သူတို့ဘာသာ အထီးတည်းကျန်ရစ်ခဲ့မည်ကို စိုးရိမ်နေကြသည်။ အထူးသဖြင့် ပြင်သစ်ပြည်သည် အမေရိကန်နှင့် ပတ်သက်၍ 'တွေးတောမရ ကြံဒွိဟဖြင့်' ဆိုသကဲ့သို့ဖြစ်နေသည်။ တစ်ဖက်တွင် အင်အားတောင့်တင်းသည့် ဂျာမဏီကို ချိန်ခွင်လျှာညှိပေးရသည့်အတွက် ဥရောပတိုက်တွင် အမေရိကန်တို့ရှိနေစေချင်သည်။ အခြားတစ်ဖက်တွင်မူ 'နယ်ချဲ့လွှမ်းမိုးလိုသည့် အမေရိကန်' ကို ချိန်ခွင်လျှာညှိပေးရန် အတွက်တောင့်တင်းသော ဥရောပကို မြင်လိုသည်။

စစ်အေးတိုက်ပွဲ ပြီးဆုံးသွားခြင်း၊ ကွန်မြူနစ်

http://www.cherrythitsar.org

စနစ်ပြိုကွဲသွားခြင်းနှင့် ဥရောပတိုက် ပြည်လည်ပေါင်းစည်း သွားခြင်းတို့ကြောင့် ကောင်းသည့်အချက်တွေ့ရှိသလို ဆိုးသည့်အချက်တွေ လည်းရှိနေသည်။ ထိုဖြစ်ရပ်များကြောင့် ဥရောပနှင့် အမေရိကန်ပြည်ထောင်စု ဆက်ဆံရေးသည် ပို၍နက်ရှိုင်း၊ ပို၍ရှုပ်ထွေး၊ ပို၍သိမ်မွေ့လာခဲ့သည်။ ယခင်က ဥရောပတိုက်တွင် ဝါဒရေးရာတွေကွဲပြားနေခဲ့သဖြင့် အတ္တလန္တိတ် မဟာမိတ်များသည် ခိုင်မာတောင့်တင်းခဲ့သည်။ အာဏာရှင်စနစ်ကို ဆန့်ကျင်ရာတွင် တစ်သားတည်းဖြစ်ခဲ့ ကြသည်။ ယနေ့တွင်မူ ဥရောပသည် သူ့ဇာတိသဘောကို ထူထောင်လာခဲ့ကာ အမေရိကန်နှင့် အလှမ်းဝေးလာခဲ့သည်။ ဥရောပသမိုင်း၏ ဝမ်းနည်းကြေကွဲဖွယ်အစဉ်အလာသည် ဥရောပတိုက်နိုင်ငံရေးနယ်သို့ ပြန်လာစပြုလေပြီ။ ထိုသို့သော အခြေအနေသည် ဥရောပတိုက်အတွက် ကြီးကျယ်မှုကိုလည်း ဖြစ်စေနိုင်သည်။ စိတ်ညစ်ညူးဖွယ်ကိုလည်း ဖြစ်စေနိုင်သည်။ ကိုယ့်တာဝန်ကိုယ် သိနားလည်ဖို့ ဆော်ဩနေခြင်းလည်းဖြစ် နိုင်သည်။

မကြာမီတွင် နှစ်ဆယ်ရာစုနှစ်ကြီး လည်းကုန်တော့ မည်။ ဥရောပတိုက်သည် ဘယ်လမ်းကို သွားမည်နည်း။ ယခင်ကကဲ့သို့ပင် အင်အားချိန်ခွင်လျှာ ညှိရသော ဥရောပ တိုက်မျိုးကို ပြန်သွားမည်လော။ သာတူညီမျှ လွတ်လပ်သော ကမ္ဘာကြီး၏ ခေတ်သစ်နိုင်ငံတကာ ဝါဒအခြေခံပေါ်တွင် ရပ်တည်နေသော ဥရောပတိုက်မျိုးကို ထူထောင်မည်လော။ လက်တွေ့ကျသော ဥရောပတိုက်သားတို့ကမူ ဂျာမနီကို

ဦးချိုးထားသနည်း၊ သို့မဟုတ် အင်အားချိန်ခွင်လျှာကို ညှိထားသည့်နည်းကို သုံးချင်ကြသည်။ သို့ရာတွင် ဥရောပ စည်းလုံးညီညွတ်ရေးကို ဆော်ဩနေသူတို့ကမူ ထိုနည်းသည် ခေတ်မမီတော့သောနည်း၊ အန္တရာယ်များသောနည်းဟု ယူဆနေကြသည်။

မည်သို့ပင်ဖြစ်စေ မနေ့က ဝါဒရေးရာတွင် ပေါင်းစည်း ညီညွတ်ခဲ့ကြသော အတ္တလန္တိတ်မဟာမိတ်များသည် ပထဝီဝင်အရ၊ ယဉ်ကျေးမှုအရ မနက်ဖြန်တွင် ကွဲပြဲနေကြမည် ဆိုလျှင် ဒီမိုကရေစီက အာဏာရှင်စနစ်ကို အနိုင်ရခဲ့သည့် ရလာဒ်သည် ဘာမျှ အဓိပ္ပာယ်မရှိတော့ဘဲ ဝမ်းနည်းစရာ ပင်ကောင်းနေပေလိမ့်မည်။

သို့ရာတွင် သွေးစည်းမှုအဟောင်း၏ နေရာတွင် သွေးစည်းမှုအသစ်ကို အစားထိုးရပေလိမ့်မည်။ ကွန်မြူနစ်ဝါဒပြိုကွဲပြီးသည့်နောက်တွင် ယခင်က အရှေ့အနောက် ထိပ်တိုက်ရင်ဆိုင်မှုသည် ပျောက်ကွယ်သွားကာ ထိုနေရာတွင် တောင်၊ မြောက် ပဋိပက္ခ ဖြစ်မည့် အရိပ်နိမိတ်များတွင် မြင်နေရလေပြီ။

အတ္တလန္တိတ် သမုဒ္ဒရာ၏ တစ်ဖက်တစ်ချက်တွင် ရှိနေကြသည့် မဟာမိတ်များသည် သွေးစည်းညီညွတ်မှု အသစ်ကို ဖန်တီးမည်လော၊ ပဋိပက္ခ ဟောင်းထဲတွင် ဆက်လက်နေကြမည်လော။

ရည်ညွှန်း။ Time, May 18, 1992 မှ Diminique Moisi ၏ The Post-Cold War Blues ကို ဆီလျော်အောင် ပြန်ဆိုသည်။

❒ ❒ ❒

# ဆာရာယေဗိုမီးပုံထဲကသင်ခန်းစာ

မေလ ၁၃ ရက်နေ့ နောက်ပိုင်းတွင် ဆာရာယေဗိုမှ တိုက်ပွဲသည် ပို၍ပြင်းထန်လာခဲ့သည်။ ထို့ကြောင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူထရို့စ်ဂါလီက ကုလသမဂ္ဂတပ် အများစုကို ရုပ်သိမ်းတော့မည်ဟု ကြေငြာခဲ့သည်။ သူက ကုလသမဂ္ဂသည် ငြိမ်းချမ်းရေးရလိုသည့် ဆန္ဒမရှိသည့် နေရာမျိုးတွင် အလုပ်လုပ်နိုင် မည်မဟုတ် ကြောင်း ငြိမ်းချမ်းရေးထိန်းသိမ်းရန် ကိစ္စသည် သက်ဆိုင်ရာ အင်အားစုများ၏ သဘောတူညီချက်ပေါ်တွင် အခြေခံရမည် ဖြစ်ကြောင်းဖြင့်ပြောခဲ့သည်။

သို့ရာတွင် သက်ဆိုင်ရာအင်အားစုများက

သဘောတူ ညီချက်ရကြသည့်အခါတွင် ငြိမ်းချမ်းရေးသည် ရမြဲဖြစ်၏။ သက်ဆိုင်ရာ အင်အားစုများက သဘောတူညီမှုမရဘဲ တစ်ဦးကိုတစ်ဦး သတ်ဖြတ်နေကြသည် ဆိုလျှင်ငြိမ်းချမ်းရေးကို ထိန်းသိမ်းဖို့လိုလာ၏။ ကုလသမဂ္ဂသည် ထိုသို့ငြိမ်းချမ်းရေးကို ထိန်းသိမ်းဖို့လိုနေသည့်အချိန်တွင် ထွက်ခွာသွားခဲ့ခြင်း ဖြစ်သည်။

ဆာရာယေဗိုမြို့ကြီး တဟုန်းဟုန်းလောင်ကျွမ်းလျှက်ရှိစဉ် ကမ္ဘာကြီးသည် စောင့်ကြည့်နေသည်။ ဆာရာယေဗိုမှ စစ်ပွဲသည် အနှစ်လေးဆယ်အတွင်းတွင် ဥရောပ၌ ပထမဆုံးဖြစ်သော စစ်ပွဲဖြစ်သဖြင့် ကန့်ကွက်သံများ၊ ပြစ်တင်သံများကို ပေါ်ပေါက်စေခဲ့သည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ကုန်သွယ်ရေးပိတ်ပင်မှုများကို ပေါ်ပေါက်စေခဲ့သည်။ သို့ရာတွင် ထိုအရာများသည် လူသတ်ပွဲကြီးကို ရပ်တန့်စေခြင်းငှာ မတတ်နိုင်ခဲ့ကြပါ။ ခရိုအေးရှားတွင် ကုလသမဂ္ဂ၏ အပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်ကြောင့် တိုက်ပွဲတွေ ရပ်တော့မလိုလို ဖြစ်နေစဉ် ရာဇဝင်တွင် ထင်းရှားသည့် ဒူဗရောနစ် မြို့သည်ခြောက်လအတွင်း အပြင်ထန်ဆုံးသော အမြောက်ကျည်ဆန်တို့ ထိမှန်ခြင်းကို ခံခဲ့ရသည်။ ဘော့စနီးယားတွင် လူသတ်ပွဲကြီးတွေ ဖြစ်ခဲ့သည်။ သံခမောက်ပြာဆောင်းထားသည့် ကုလသမဂ္ဂတပ်များသည် လုံခြုံဘေးကင်းရာသို့ ပြောင်းခဲ့ရသည်။

ဤသည်မှာ သတ္တိကြောင်ခြင်းမဟုတ်ပါ။ လက်တွေ့ကျခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂတပ်များသည် မိမိတို့

မလုပ်နိုင်သောအလုပ်ကို လုပ်ရန်ငြင်းဆန်ခဲ့ကြပါသည်။ (ဆိုဗီယက်တို့ မရှိတော့သော) ဆိုဗီယက်လွှန် ကမ္ဘာကြီးကို မည်သို့ မည်ပုံကိုင်တွယ်ရမည်ဟု စိတ်ကူးယဉ်နေကြသော အမေရိကန်ပြည်ထောင်စုမှ စိတ်ကူးယဉ်နေမှုကို ချေဖျက်ရာတွင် ထိုလက်တွေ့ကျမှုကို အသုံးချသင့်သည်ဟု ထင်ပါသည်။ ထိုစိတ်ကူးယဉ်မှုမှာ အမေရိကန်နှင့်တကွ ကမ္ဘာကြီးသည် မိမိ၏လုံခြုံရေးနှင့် တည်တံ့ရေးအတွက် 'စုပေါင်း လုံခြုံရေးစနစ်' နှင့် ယင်း၏ကိုယ်စားလှယ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့ကြီး အပေါ်တွင် တည်နေနိုင်သည် ဟူသော စိတ်ကူးဖြစ်ပါသည်။

ယူဂိုဆလားဗီးယား ပဋိပက္ခသည် ဆိုခဲ့သည့် စုပေါင်း လုံခြုံရေးစနစ်မျိုးကို ကျင့်သုံးနိုင်သည့်နေရာမျိုး ဖြစ်ပါသည်။ နိုင်ငံကြီးများမပါဘဲ တသီးတခြား ထိန်းနိုင် သိမ်းနိုင်သည့် အငယ်စားပဋိပက္ခလေးဖြစ်ပါသည်။ သို့ရာတွင် အခြားဖြစ်တန်ရာသော ကိုယ်စားလှယ်အဖွဲ့တစ်ခု (ဥရောပဘုံအဖွဲ့) ၏ ဖျန်ဖြေရေးသမားဖြစ်သည့် လော့ဒ်ကာရင်တန် ပြောသကဲ့သို့ ' ဒီလိုဆက်တိုက်နေကြရင် ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ဘူးဗျာ ' ဟု ညည်းရမလို ဖြစ်နေပါသည်။

မှန်ပါသည်။ ကုလသမဂ္ဂ၊ ဥရောပ ဘုံအဖွဲ့နှင့် စုပေါင်းလုံခြုံရေးစနစ်ဟု အဘိဓာန်တွင် ထည့်နိုင်သော အဖွဲ့ဟူသမျှ ( CSCE - OAS ) စသည်တို့သည် သူတို့ပဋိပက္ခတွင် ဘာမျှ မတတ်နိုင်ဘဲ လက်မှိုင်ချ

ရတော့မည်ကဲ့သို့ ဖြစ်နေကြပါသည်။ တိုက်ပွဲများ မရှိတော့သည့် နေရာများတွင်သာ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနေကြ ရပါသည်။ (အလွန်ဆုံး ယခုအချိန်တွင် တိုက်လိုခိုက်လိုစိတ် မရှိသည့် နေရာများ ဖြစ်သော ဆိုက်ပရပ်၊ ဂိုလန်ကုန်းမြင့်ဒေသ စသည်တို့ ဖြစ်ပါသည်။) တိုက်ပွဲများ ပြီးဆုံးသွားသည့် နေရာများတွင်သာ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနေကြ ရပါသည်။ သို့ရာတွင် အင်အားစု တစ်ခုခုက စိတ်ပြောင်းသွားသည်နှင့် လောင်းကြေးများကို ပုံ၍ လောင်းကြပြန်ပါသည်။ ၁၉၆၇ ခုနှစ်တုန်းက အီဂျစ်သည် အစ္စရေးကို တိုက်ရန်ပြင်ဆင်နေစဉ် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိမ်းသိမ်းရေးတပ်များကို ဆိုင်းနိုင်းကျွန်းစွယ်မှ ထွက်သွားရန်အမိန့်ပေးခဲ့ပါသည်။ကုလသမဂ္ဂတပ်များသည် ရက်ပိုင်းအတွင်းမှာပင် ထွက်သွားခဲ့ကြသည်။ နောက်သုံးပတ်အကြာတွင် စစ်ပွဲကြီးဖြစ်ပွားလာခဲ့ပါသည်။

ကုလသမဂ္ဂသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရုံမျှသာ တတ်နိုင်သည်ဆိုလျှင် ထိုငြိမ်းချမ်းရေးကို မည်သူတည်ဆောက် ပေးမည်နည်း။ ကျူးကျော်မှုကို မည်သူက ရပ်တန့်အောင် လုပ်ပေးမည်နည်း။ အဖြေမှာ ရှင်းပါသည်။ ကမ္ဘာ၏ တစ်ခုတည်းသော အင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် အမေရိကန် ပြည်ထောင်စုပင် ဖြစ်ပါသည်။ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေများ၏ အကူအညီဖြင့်ပင် ဖြစ်ပါသည်။

ယခုအခါတွင် အပြစ်တင်ခံနေရသော ပင်လယ်ကွေ့စစ်ပွဲကိစ္စကိုပင်ကြည့်ပါ။ နယူးရောက်တိုင်း သတင်းစာပင်တိုင်ဆောင်းပါးရှင် လက်စလီဂဲ က ‘ ပင်လယ်ကွေ့စစ်ပွဲသည် စုပေါင်းတာဝန်ယူမှုခေတ်သစ် ’ တစ်ရပ်ကို မွေးဖွားပေးခဲ့သည် ဆိုလျှင် ယူဂိုဆလားဗီးယားမှ စစ်ပွဲသည် ‘မွေးကင်းစ ထိုစနစ်ကို သတ်လိုက်သကဲ့သို့ ရှိပေသည်’ ဟု ရေးခဲ့သည်။

သို့ရာတွင် ပင်လယ်ကွေ့စစ်ပွဲသည် စုပေါင်းတာဝန်ယူမှု ခေတ်သစ်တစ်ရပ်ကို မွေးဖွားပေးခဲ့ခြင်း မရှိခဲ့ပါ။ ပင်လယ်ကွေ့စစ်ပွဲသည် ကိုးရီးယားစစ်ပွဲကဲ့သို့ပင် ကုလသမဂ္ဂအလံအောက်တွင် တိုက်ခဲ့သော်လည်း စုပေါင်းသဘောကို ဆောင်ခဲ့ခြင်းမရှိပါ။ ကူဝိတ်ကို သိမ်းပိုက်ရန်ဟူသော ဆက်ဒမ်ဟူစိန်၏ အကြံကို ပျက်ပြားအောင်လုပ်ခဲ့သူမှာ ကုလသမဂ္ဂမဟုတ်ပါ။ ဆော်ဒီအာရေးဗီးယားတွင် တပ်စွဲသည့် အမေရိကန် တပ်မတော်ဖြစ်ပြီး ယင်းကို ဗြိတိန်နှင့် ပြင်သစ်တို့က ကူညီခဲ့ပါသည်။ ကျန်အရာများမှာ ဟန်ပြသက်သက်သာ ဖြစ်ပါသည်။

ပင်လယ်ကွေ့စစ်ပွဲကြောင့် မှောက်မှားသည့်အမြင်၊ ဆန္ဒစွဲအမြင်တွေ ပေါ်လာခဲ့ပါသည်။ ထိုအမြင်များမှာ အခြားမဟုတ်ပါ။ ဆိုဗီယက်တို့မရှိတော့သော ကမ္ဘာကြီးတွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာ ခြိမ်းခြောက်မှုတို့ကို ဖယ်ရှားပေးလိမ့်မည် ဟူသော အမြင်များ ဖြစ်ပါသည်။ ထိုအိပ်မက်သည် ဘာမျှ အဓိပ္ပာယ်

မရှိကြောင်းကို ယူဂိုဆလားဗီးယားက ဘွားဘွား ကြီးပေါ်အောင် ဖွင့်ပြလိုက်ပါပြီ။ ယခင်ကကဲ့သို့ပင် ယနေ့တွင်လည်း ခြိမ်းခြောက်မှုများနှင့် ပဋိပက္ခများကို ရပ်စဲအောင် လုပ်ရသူမှာ အင်အားကြီးသော နိုင်ငံများသာ ဖြစ်ပါသည်။ အထူးသဖြင့် ကြီးစိုး လွှမ်းမိုးသော အင်အားကြီးဖြစ်သည့် အမေရိကန် ပြည်ထောင်စု သာလျှင်ဖြစ်ပါသည်။ အမေရိကန်သည် ပင်လယ်ကွေ့တွင် ပြတ်ပြတ်သားသား ဝင်ရောက်စွက်ဖက် ခဲ့ပြီးနောက် ယူဂိုဆလားဗီးယားကိစ္စတွင် လပေါင်းများစွာ လက်ရှောင် နေခဲ့ပါသည်။ ထိုအချက်ကြောင့်ပင်လျှင် ကူဝိတ်တွင် စီးပွားရေး တရိပ်ရိပ်တိုးတက်နေပြီး ဆာရာယေဗိုတွင် မီးလောင်နေခြင်းဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပတ်ခန့်ကမူ ကမ္ဘာကြီးသည် ယူဂို ဆလားဗီးယား ကိစ္စနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် လှုပ်လှုပ်ရှရှ ဖြစ်လာခဲ့ပါသည်။ လုံခြုံရေး ကောင်စီသည် ဆားဘီးယားနှင့် မွန်တီနီဂရိုးတို့ အပေါ်တွင် ကုန်သွယ်မှု ပိတ်ဆို့သည့် ဆုံးဖြတ်ချက်ကို ချခဲ့ပါသည်။ ဘာဖြစ်ခဲ့ပါသ နည်း။ စုပေါင်းတာဝန်ယူမှု စနစ်ကြီး အလိုအလျှောက် ပေါ်ပေါက် လာခဲ့ပါသလော။

မဟုတ်ပါ။ ထိုသို့ဖြစ်မလာပါ။ ဖြစ်လာသည်မှာ အမေရိကန်အစိုးရ သာလျှင်သူ့ပေါ်လစီကို ပြောင်းလိုက် ရပါသည်။ အမေရိကန်သည် ယူဂိုဆလားဗီးယား ပြဿနာအား ဥရောပဘုံအဖွဲ့က ကိုင်တွယ်ဖြေရှင်းနေခြင်း

ကို လက်ရှောင် နေခဲ့ပါသည်။ ထိုသို့ လက်ရှောင်နေပြီး နောက် (၁) ဥရောပသည် မျှော်လင့်ချက်မရှိ၊ (၂) ယူဂိုဆလားဗီးယား အကျပ်အတည်းသည် ဘော်လကန်ဒေသ တစ်ခုလုံးကို တိုက်ရိုက်ခြိမ်းခြောက်လာမည့် အနေ အထားတစ်ရပ်သို့ ရောက်လာနိုင်သည်ဆိုသည့် နိဂုံးချုပ်ချက် သို့ရောက်လာခဲ့ပါသည်။ ဆားဗီးယားသည် ထိုအတိုင်း ဆက်လက်၍ ကျူးကျော်နေပါက အယ်လ်ဘေးနီးယားနှင့် စစ်ဖြစ်တော့မည် ဖြစ်ပါသည်။ မက်ဆီဒိုနီးယားတွင် ဂရိ၏ စွက်ဖက်မှုရောက်လာတော့မည် ဖြစ်ပါသည်။ သို့ဆိုလျှင် အနောက်တိုင်းကို လိုလားသော မူဆလင် တူရကီ ပါဝင် လာရတော့မည် ဖြစ်ပါသည်။

ထို့ကြောင့် အမေရိကသည် လှုပ်ရှားလာရခြင်း ဖြစ်ပါသည်။ အမေရိက က လှုပ်ရှားသဖြင့် ကုလသမဂ္ဂအဖွဲ့ လည်း လှုပ်ရှားလာရပါသည်။ သို့ရာတွင် ယခုကဲ့သို့ ကုန်သွယ်မှုပိတ်ဆို့ရုံဖြင့် ဆာဘီးယားတို့သည် ဘော့စနီးယားမှ ထွက်ခွာသွားလိမ့်မည်ဟု မည်သူမျှ မမျှော်လင့်ပါ။ လူမျိုးစု အချင်းချင်းမုန်းတီးမှုများ မပျောက်မချင်းဆာရာယေဗို၏ လက်ရှိ ကြေကွဲဖွယ်အဖြစ်သည် ဆက်လက်ရှိနေဦးမည်သာ ဖြစ်ပါသည်။ သို့မဟုတ်လျှင်လည်း ထိုပဋိပက္ခသည် ဘော်လကန်ဒေသ တစ်ဝိုက်တွင် စစ်မီးကြီးလောင်လာ သည်အထိ ရှိနေဦးမည်သာ ဖြစ်ပါသည်။ ထိုအခါမျိုးတွင် အမေရိကန်သည် အခြား သူများနောက်မှ တွဲပါရင်း ဝင်ရောက်စွက်ဖက်လာမည် ဖြစ်ပါသည်။ ယင်းသို့စွက်ဖက်

လျှင်လည်း ကုလသမဂ္ဂ မျက်နှာဖုံးဖြင့်သာ စွက်ဖက်မည်မှာ ဘာမျှသံသယရှိဖွယ် မလိုပါ။ ထိုအခါတွင် စုပေါင်းလုံခြုံမှု စနစ်၏ အောင်ပွဲဟု ပြောကြဦးမည်လား မပြောတတ်ပါ။

အမှန်ကတော့ စုပေါင်းလုံခြုံရေးဆိုသည့်အရာသည် မရှိပါ။ ကုလသမဂ္ဂ၏ 'ငြိမ်းချမ်းရေးထိန်းသိမ်းမှု' ဆိုသည့် မျက်နှာဖုံးနောက်တွင်လည်း တကယ်မရှိပါ။ ကုလသမဂ္ဂသည် အမေရိကန်၏ တွန်းအားပေးမှု၊ လှုံ့ဆော်မှုဖြင့်သာလျှင် အသက်ဝင်လာခြင်း ဖြစ်ပါသည်။

ထိုအခြေအနေမျိုးသည် အမေရိကန်တို့ လိုချင်သောအခြေအနေမျိုး မဟုတ်ပါ။ အမေရိကန်တို့သည် စစ်ပွဲတစ်ပွဲပြီးလျှင်ပြီးချင်း (အထူးသဖြင့် ပင်လယ်ကွေ့ စစ်ပွဲနောက်ပိုင်းတွင်) ထိုစစ်မြေပြင်မှ အမြန်ဆုံးထွက်သွား၍ အမြန်ဆုံးအိမ်ပြန်ပြီး အမြန်ဆုံးလက်နက်ဖြုတ်ရန် ပင်ဖြစ်ပါသည်။ သည့်နောက်တွင် အခြားကမ္ဘာအဖွဲ့အစည်း တစ်ခုခုက ငြိမ်းချမ်းရေးကို ထိန်းသိမ်း ပေးလိမ့်မည်ဟု မျှော်လင့်ရပါသည်။ အမေရိကသည် ကနေဒါကဲ့သို့ ဖြစ်ချင်ပါသည်။ သို့ရာတွင် ကနေဒါသည် ကနေဒါလို နေနိုင်ခြင်းမှာ အမေရိကန်ထီးရိပ် အောက်တွင် နေရသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကို မည်သူက ထီးရိပ်မိုး ပေးပါမည်နည်း။ ဘူးထရို့စ် ဂါလီလော။

ဘူးထရို့စ်ဂါလီက ထီးရိပ်မိုးပေးနိုင်ပါမည်လော။ အလိုလေးလေး၊ ကျွန်ုပ်တို့ အတွက်ရော၊ အခြားသူများ အားလုံးအတွက်ရော ခိုလှုံစရာစုပေါင်း လုံခြုံရေးစနစ်

ဆိုသည်မှာ မရှိပါတကား။ ဤအချက်ကို မယုံလျှင် ဆာရာယေဗိုမှ မုဆိုးမများကို မေးကြည့်ပါလေ။ ကောင်းကင်ယံသို့ မျှော်ကြည့်ကာ တကယ့်ငြိမ်းချမ်းရေးကို ထိန်းသိမ်းပေးမည့် သူများကို မျှော်ကြည့်နေကြသော စစ်ဘေးဒုက္ခသည်များကို မေးကြည့်ကြပါလေ။

ရည်ညွှန်း။ Time, June 15, 1992 မှ Charles Krauthammer ၏ Sarajevo Burns. Will We Learn? ကို ဆီလျော်အောင် ပြန်ဆိုသည်။

❒ ❒ ❒

http://www.cherrythitsar.org